
www.burmeseclassic.com

# ထူးဆန်းတဲ့ နွား နှင့် ခေတ်သစ်ပုံပြင်များ

The Very Peculiar Cow and other stories
by Enid Blyton

သက်ဦးလွင်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၆ / ၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၁ / ၂၀၀၃ (၄)

❖

ဓါတ်ပုံ

ခင်မာရွှေ

❖

ပုံနှိပ်ခြင်း

ပထမအကြိမ် - (၂၀၀၃၊ မေလ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - ညီတော်မောင်
ကွန်ပျူတာစာစီ - ဆုပြည့်စုံထွန်း
အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဥ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ

ဦးသန်းဆွေ (စစ်သည်တော်စာပေတိုက်) (၀၁၄၇၃)
အမှတ် (၁၁၃၁/က)၊ ဥယျာဥ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊
ရန်ကုန်မြို့။

❖

တန်ဖိုး - ၃၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ထူးဆန်းတဲ့နွား | ၁ |
| ၂။ | မရှိတိုင်းပြည် | ၁၀ |
| ၃။ | အဒေါ်နှင့်နေခဲ့စဉ်က | ၃၀ |
| ၄။ | ဘေးအိမ်က ခွေးကလေး | ၄၃ |
| ၅။ | ဂျင်မီကလေးရဲ့ မွေးနေ့ပွဲ | ၅၄ |
| ၆။ | လမ်းပေါ်က လိမ္မော်သီးများ | ၆၀ |
| ၇။ | ပူရှိမ်းချောင်းက ရတဲ့အသိ | ၆၉ |
| ၈။ | ပိုင်ရှင်ထံ ပြန်လာတဲ့ ဇွန်ကလေး | ၇၄ |
| ၉။ | ဝက်ဝံနဲ့ တီကောင်များ | ၈၂ |
| ၁၀။ | ကောင်းရာညွှန်လတ့် | ၉၀ |
| ၁၁။ | ငှက်ကလေးနီနီ | ၁၀၃ |
| ၁၂။ | မယ်သန့်ရှင်းနဲ့ ညစ်ပတ်သော ဝက်ဝံလေး | ၁၁၁ |


www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းတဲ့နွား

အဘွားဟာ လက်ဖက်ရည်သောက်ဖို့လာတိုင်း ဂျိန်းနဲ့ ဝီလျံတို့ ဖြေကြည့်ဖို့ အထုပ်တစ်ထုပ် ပါလာလေ့ရှိတယ်။ အထဲမှာတော့ လက်ဆောင်တစ်ခု ပါတတ်ပါတယ်။

တစ်နေ့မှာ အဘွားဟာ ထူးဆန်းတဲ့ ပုံသဏ္ဌာန်ရှိတဲ့ ပါဆယ်တစ်ထုပ်ကို ယူလာတယ်။

"ကိုင်ကြည့်ပါရစေအဘွား၊ အထဲမှာ ဘာရှိသလဲ၊ မှန်းကြည့်ပါရစေ" လို့ ဂျိန်းက တောင်းဆိုတယ်။

သူကိုင်ကြည့်တယ်။ "အဲဒီဟာမှာ ခြေထောက်တွေပါတယ်၊ ဒါ တိရစ္ဆာန်ရုပ်ပဲ ဖြစ်ရမယ်၊ မဟုတ်လား ဘွားဘွား"လို့ပြောတယ်။

"သိပ်မတိကျသေးဘူး"လို့ အဘွားကပြောတယ်။

ပြီးတော့ ဝီလျံက ပါဆယ်ထုပ်ကို စမ်းကြည့်ကာ သူကလဲ ဒါ တိရစ္ဆာန်ရုပ်ပဲလို့ တွေးမိတယ်။

သူတို့ အထုပ်ကိုဖြေကြည့်လိုက်တော့ ဘာတွေ့ရမယ်ထင်သလဲ။ အဖြူရောင်နွားရုပ်လေးတစ်ရုပ်၊ သူ့ကျောမှာ အဖုံးလေးနဲ့ လက်ဖက်ရည်ကရားပုံ လုပ်ထားပါတယ်။

"ဒီကြွေထည်နွားရုပ်လေး ... ဘာလို့ အဖုံးလုပ်ထားရတာလဲ"လို့ ဂျိန်းက စူးစမ်းလိုက်တယ်။ သမီးတော့ ... ကျောမှာအဖုံးနဲ့နွားကို တစ်ခါမှ မမြင်ဖူးပေါင်၊ အထဲမှာ ဘာထည့်လို့ရသလဲ ... အဘွား"

"မရဘူးကွယ့်၊ ဒါအဘွား ... ယ်ငယ်ကတည်းက ရှိခဲ့တဲ့ သဘောကျတဲ့ နွားရုပ်ကလေးပဲ၊ အဲဒါကို မ ... ကမှ ရှင်းရှင်းလင်းလင်း ပြန်တွေ့တာနဲ့ မင်းတို့ဆီ ယူလာတယ်၊ ကြည့်နေကြ"လို့ အဘွားက ပြောတယ်။

အဘွားဟာ လက်ဖက်ရည် ... းပွဲဆီသွားပြီး ကြွေနွားရုပ်လေးကို ခွက်တွေ ဘေးမှာချလိုက်တယ်။ ပြီးတော့ ... ကျောကအဖုံးကိုဖွင့်ပြီး နွားရဲ့ကိုယ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အခေါင်းပေါက်ကို ကလေးတွေကို ပြလိုက်တယ်။ ပြီးတော့ အဲဒီအထဲကို နွားနို့ ဖြည့်လိုက်တယ်။

"ဒီမယ်၊ နွားကနေ နွားနို့ထွက်တယ်လို့ ငါတို့ သိထားကြတယ် မဟုတ်လား၊ ဒီနွားရုပ်ကလဲ နွားနို့ထွက်တာပဲကွယ်"အဘွားဟာ နွားရုပ်ကို ကောက်ကိုင်ပြီး စောင်းလိုက်တော့ ကြွေနွားရုပ်ရဲ့ ပါးစပ်က နွားနို့တွေဟာ ဂျိန်းရဲ့ မတ်ခွက်ထဲကို မှန်မှန်စီးကျလာတယ်။

ဂျိန်းဟာ ပျော်ရွှင်စွာ ထအော်လိုက်တယ်။ "အဘွားရယ်၊ ဒါနွားရုပ် ကရားပါလား၊ နွားနို့တကယ်ထွက်တာပဲနော်၊ သူ့ပါးစပ်ကထွက်လာတာကို ကြည့်ရတာ ပျော်စရာကောင်းတယ်၊ သမီးတို့ ဒါကို သိမ်းထားပြီး နေ့တိုင်း သုံးလို့ရမလား"လို့ ပြောတယ်။



"သုံးပေါ့"လို့ အဘွားက ပြော ယ်။ "ဒီနွားရုပ်ကို မင်းတို့နှစ်ယောက် လုံးကို ပေးမယ်၊ နွားနို့ထည့်တဲ့အခါ လှည့်ကျသုံးကြပေါ့"

ဝီလျံနဲ့ဂျိန်းဟာ အဖြူရောင် ဲ့နွားရုပ်လေးကို ချစ်သွားကြတယ် နွားရုပ်လေးဟာချစ်စရာမျက်နှာရှိပြီး ရွှေနဲ့လုပ်ထားတဲ့ ချိုနှစ်ချောင်း အပြင် မျက်လုံးနက်လေးတွေ ပါလိုက်သေးတယ်။ သူတို့နှစ်ယောက်စလုံးဟာ နွားရုပ် က နို့ငှဲ့ရတာကို သဘောကျတယ်၊ သူ့ကို အသုံးမပြုတဲ့အချိန်ကျရင် အမေက အဲဒါကို မီးလင်းဖိုစင်အပေါ်မှာ လုံခြုံစွာ ထောင်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အဲဒါကို ကြောင်အိမ်ထဲမှာ ကရားအိုးနဲ့အတူ ထားလိုက်ရင်ကောင်းမလား၊ သွားရုပ်လေးဟာ အားလုံးကို တွေ့နိုင်မှာပဲ၊ ညဆို အရုပ်တွေနဲ့ မိတ်ဆွေဖွဲ့ကောင်းဖွဲ့လိမ့်မယ်"လို့ ဂျိန်းကဆိုတယ်။


"ငါက ငါ့မြင်းရုပ်တစ်ရုပ်ကို မီးဖိုစင်ပေါ်မှာ သူနဲ့အတူ ထားပေးလိုက်မယ်၊ နင်ကတော့ ခြံစောင့်ခွေးရုပ်လေးကို ထားပေါ့ ဂျိန်းရဲ့၊ ပြီးတော့ သိုးနှစ်ကောင်လဲ တင်ပေးလိုက်ဦးမယ်၊ ဒါမှ သူတစ်ယောက်တည်း မဖြစ်မှာ" လို့ ဝီလျံကလဲ ပြောတယ်။

ဒီလိုနဲ့ သူတို့ဟာ မီးဖိုစင်ပေါ်မှာ သစ်သားမြင်းရုပ်လေးကို သွားရုပ်လေးနဲ့အတူ တင်ပေးလိုက်တယ်။ ပြီးတော့ ဂျိန်းရဲ့ ခွေးရုပ်လေးနဲ့ သိုးရုပ်လေးနှစ်ရုပ်ကိုလဲ တင်ပေးလိုက်ကြတယ်။

ဒါပေမယ့် သူတို့ တစ်ရုပ်မှ သွားရုပ်နဲ့မိတ်ဆွေမဖွဲ့ကြပါဘူး။ ညရောက်တော့ သူတို့ဟာ နောက်ဘက်လှည့်ပြီး တစ်ယောက်နဲ့တစ်ယောက် စကားပြောကြတယ်။ သွားရုပ်လေးက ခင်လိုတဲ့အသံနဲ့ အော်လိုက်ပေမယ့် ဘယ်သူမှ ဂရုမစိုက်ကြပါဘူး။

"ဟေ့၊ မင်းတို့ ဒီရောက်နေတာလား၊ သွားကို ကစားဖို့ ဆင်းလာခိုင်းလိုက်လေ"လို့ ဝက်ဝံရုပ်က လှမ်းခေါ်တယ်။

"မခေါ်ဘူး၊ သူက သွားတော့ပဲ။ သူက အရုပ်မဟုတ်ဘူး၊ သူက မလှဘူး"လို့ မြင်းကပြောတယ်။



"ပြီးတော့ သူ့ကြည့်ရတာ မနှစ်မြို့စရာပဲ"လို့ လယ်စောင့်ခွေးကပြောရင်း သူနေတဲ့ အရုပ်လယ်မြေက သွားတွေအကြောင်း တွေးနေမိတယ်။ "သူ့ပါးစပ်က နို့တွေထွက်တယ်ဗျ"

"အဲဒါ ရွံ့စရာပဲပေါ့၊ ငါတို့ အများကြီး တွေ့ဖူးသမျှထဲမှာ ဒီလိုပြုမူတဲ့သွားမျိုး အရင်တုန်းက မတွေ့ဖူးပေါင်"လို့ သိုးနှစ်ကောင်ကလဲ ပြိုင်တူပြောလိုက်တယ်။

"ငါ့ပါးစပ်က နို့တွေထွက်အောင် ငါလုပ်တာ မဟုတ်ပါဘူး၊ မရိုင်းကြပါနဲ့ကွာ"လို့ ကြွေသွားရုပ်က ပြောရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com




"သူက ငါတို့ကို ရှိုင်းတယ်ဆိုပါလား"လို့ ခွေးကပြောပြီး ကြွေနွားရုပ်ပြေးသွားကာ ဟောင်ပါလေရော။

"ဝုတ် ဝုတ် ဝုတ်၊ မင်းကိုယ်မင်း နွားလို့ ခေါ်သလား၊ တကယ်တော့ မင်းဟာ နွားမဟုတ်ဘူးကွ၊ ကရားပဲ၊ နို့ကရားပဲ သိလား"

"ငါက နွားပဲ၊ ဂျိန်းနဲ့ဝီလျံတို့က ဒီလိုပဲ ပြောတာပဲ၊ သူတို့က ငါ့ကို 'ဖြူလုံး'လို့ ခေါ်ကြတယ်"လို့ ကြွေနွားလေးက ပြောပါတယ်။

"အောင်မယ်၊ နွားနို့ကရားကိုများ ဖြူလုံးခေါ်တယ်လို့၊ ရာရာစစ" လို့ မြင်းကပြောပြီး ဟီရင်းနဲ့ ရယ်ပါလေရော။



"ဖြူလုံး၊ ဖြူလုံးတဲ့၊ သူ့ကို တွန်းထုတ်လိုက်ကြစမ်း"သူဟာ နွားကို မီးဖိုစင်ပေါ်က တိုက်ချမယ်ဆိုတဲ့ သဘောနဲ့ ပြေးလာတယ်။ နွားက အလန့်တကြား နောက်ဆုတ်လိုက်တယ်။

"ဒီလိုမလုပ်နဲ့လေ၊ ငါက ကြွေနဲ့လုပ်ထားတာပါ၊ ကျိုးသွားမှာပေါ့၊ ပြီးတော့ ကျွန်မက နွားမလေးရှင့်၊ သူ သူနဲ့ မခေါ်ပါနဲ့၊ သူမလို့ ခေါ်ကြပါ၊ နွားမတွေဟာ အမြဲတမ်း အမတွေပဲလေ" လို့ နွားရုပ်မလေးက ပြောတယ်။

"မင်းက နွားမဟုတ်ဘူး၊ ကရားပဲဟေ့"လို့ ခွေးက ပြောပြန်တယ်။

"ငါတို့က မင်းကို ကရားပဲခေါ်မယ်၊ ကြည့်စမ်း ဝက်ဝံရာ၊ သူ့ခမျာ မီးဖိုစင်ပေါ်က ကျမှာကိုကြောက်နေရှာတယ်"

သဲနာရီစရာ ကြွေနွားရုပ်လေးဟာ တစ်ညလုံး ကောင်းကောင်းမနေရပါဘူး။ တစ်ခါတလေ ဝက်ဝံရုပ်က တွယ်တက်လာပြီး သူ့ကျောက်ကို လာကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မီးဖိုစင်ပေါ်မှာ ပြေးခိုင်းဖို့ကြံတယ်။ တစ်ညမှာ လူရှင်တော်ရုပ် တက်လာပြီး သူ့ကိုယ်ထဲ ပုတီးစေ့တွေ လောင်းထည့်ကာ ပါးစပ်မှ ပြန်ထွက်စေပါတယ်။

အရုပ်တိုင်းက စူးစူးရှရှ အော်ဟစ်ရယ်မောကြတယ်၊ ပုတီးစေ့တွေဟာ နေရာအနှံ့ စုပုံပြန့်ကျဲနေပါလေရော။ နွားမလေးဟာ ဒီလိုလုပ်ကြတာတွေကို မကြိုက်ပါဘူး။ သူဟာ တိုင်ကပ်နာရီကြီးနောက်ကို သွားပြီး ပုန်းနေပါတယ်။

အရုပ်တွေက သူ့ကိုရှာတွေ့သွားတော့ ပစ္စည်းပေါင်းစုံကို ဝိုင်းထည့်ပြီး သူ့ပါးစပ်ထဲက ပြန်ထွက်စေပါတယ်။ သူတို့ဟာ ထွက်လာတာတွေကို သူ့အထဲကို ပြန်ထည့်ကြပြန်ပါတယ်။


သူတို့ဟာ သူ့အထဲ ပင်အပ်တွေထည့်ပြီး ပြန်ထွက်အောင် လုပ်ပြန်တယ်။ ပြီးတော့ သကြားတွေနဲ့ ပြည့်ပြီး ပြန်ထွက်စေပြန်တယ်။

"ဘယ်လို အမှိုက်တွေပါလိမ့်" လို့ သနားစရာ နွားမလေးက ညည်းရှာတယ်။ သူဟာ ချိုတဲ့အရသာကို မကြိုက်ပါဘူး။ အရုပ်တွေက သူ့အပေါ် နည်းနည်းမှ မခင်ကြတဲ့အတွက် ဒုက္ခတော်ဆိုးပါတယ်။

တစ်ညမှာ ထိတ်လန့်စရာအဖြစ် ဖြစ်ပါတော့တယ်။

ဝက်ဝံဟာ မီးလင်းဖိုစင်ပေါ်တက်ပြီး ရယ်စရာအနေနဲ့ နွားမလေးအထဲကို ကော်တချို့ ထည့်ဖို့တက်လာတယ်။ သူဟာ မီးဖိုချောင်အခင်းဆီကအအသံတစ်ခု ကြားပါတယ်။ သူလဲ ကော်တွေကိုချပြီး မီးလင်းဖိုစင်ရဲ့ အစွန်းကိုပြေးလာပါတယ်။

အောက်မှာ သစ်သားတစ်စ အပြင်ထွက်ကျပြီး မီးလောင်နေတာပါ။ အရုပ်လေးတွေဟာ မီးလှုံဖို့လာတော့ မီးစအချို့က ခုန်ထွက်ပြီး မီးဖိုချောင်အခင်းပေါ်ကျပါတယ်၊ ပြီးတော့ ညှော်နံ့ထွက်လာပြီး မီးစလောင်ပါတော့တယ်။



ဆုပြည့်စုံထွန်းတာပေ

www.burmeseclassic.com

www.burmeseclassic.com



"မီးဟော့၊ မီးဟော့"လို့ ဝက်ဝံရုပ်က ထိတ်လန့်စွာ အော်လိုက်တယ်။ "ရေယူခဲ့ကြ၊ မြန်မြန်ဟော့"။

ဒါပေမယ့် ရေမရနိုင်ပါဘူး၊ ရေချိုးခန်းက သိပ်ဝေးလွန်းတယ်။ ပြီးတော့ ကလေးကစားခန်းတံခါးက ပိတ်ထားတယ်၊ အဝေးက ရေချိုးခန်းအဘုံဘိုင်ခေါင်းကိုလဲ ဘယ်သူမှ လှည့်ပေးနိုင်မှာမဟုတ်ပါဘူး။

မီးတောက်ဟာ ကော်ဇောတစ်စကို ဝါးမျိုပြီး နောက်တစ်စဆီ စလောင်ပါရော။ ပြီးတော့ မီးတောက်ကြီးဖြစ်လာပြီး အရုပ်မလေးရဲ့ အနားဆီ ရောက်လာပါတယ်။ သူဟာ ထအော်ပါရော။

နွားဟာ ဒီအဖြစ်တွေအားလုံးကို ကြားသွားပြီး မီးလင်းဖိုစင်ပေါ်ကနေ ထွက်လာပါတယ်။

"ဒုက္ခပဲ၊ မိနစ်ပိုင်းအတွင်း အခင်းတွေအားလုံး မီးစွဲတော့မှာပဲ၊ ဝက်ဝံရေ . . . ကျွန်မပြောတဲ့အတိုင်း မြန်မြန်လုပ်ပေတော့"လို့ သူကပြောတယ်။

"ဘာလဲ၊ ဘာလဲ"လို့ လန့်နေတဲ့ ဝက်ဝံက အော်မေးပါတယ်။

"မီးဖိုစင်အစပ်က ပန်းအိုးကိုကွေ့လား၊ ပန်းအိုးထဲမှာ ရေအပြည့်ပဲ၊ ပန်းတွေကိုထုတ်ပြီး ပန်းအိုးကို ဒီကို ဆွဲခဲ့ပေတော့"လို့ နွားမလေးက ပြောတယ်။

ဝက်ဝံဟာ သူပြောတဲ့အတိုင်း လုပ်တယ်။ သူဟာ ပန်းတွေကို ထုတ်ပြီး ပန်းအိုးကို ကြွေနွားရုပ်လေးထံ ဆွဲလာတယ်။

"ပြီးရင် ပန်းအိုးကို သတိနဲ့စောင်းကိုင်ပြီး ရေတွေကို ကျွန်မကျောပေါ်က အပေါက်ထဲ ဂရုစိုက် လောင်းထည့်ပေတော့၊ ဒီမှာ ကျွန်မက အဆင်သင့် အဖုံးဖွင့်ထားတယ်။ မြန်မြန်လုပ်ပါ ဝက်ဝံရယ်" လို့ နွားမလေးက ပြောပြန်တယ်။

ဝက်ဝံဟာ တုန်လှုပ်နေတဲ့လက်တွေနဲ့ ပန်းအိုးကိုကိုင်ပြီး ရေတွေကို နွားရုပ်လေးကျောက အပေါက်ထဲ လောင်းထည့်လိုက်တယ်။ "လုံလောက်ပြီ"လို့ နွားမလေးကပြောပြီး မီးလင်းဖိုစင်အစပ်ကို သတိထားသွားတယ်။ သူဟာ လှမ်းကြည့်လိုက်တယ်။ အောက်က အခင်းတွေပေါ်မှာ မီးတောက်တွေပေါ့။

"ကျွန်မကို စောင်းကိုင်လိုက်"လို့ သူက ဝက်ဝံလေးကို အမိန့်ပေးတော့ ဝက်ဝံက သူ့ကိုကျောကနေ ကိုင်လိုက်တယ်။ ကြွေအရုပ်လေးရဲ့ပါးစပ်ကနေ ရေတွေထွက်လာပြီး မီးလောင်နေတဲ့ဆီ တန်းတန်းမတ်မတ် ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com





မှ...၍ သူမဟာ
ကို များများ
ဘာ အရုပ်
လေးတွေနဲ့
နည်းနည်း
ထဲ လိုက်ငှဲ့

ရှဲ ရှဲ ရှဲ .... မီးတောက်တချို့ ငြိမ်းသွားပြီး မီးခိုးတွေထွက်လာတယ်။ "ရေထပ်ဖြည့်ဦး" လို့ နွားမလေးကပြောတော့ ဝက်ဝံလဲ လိုက်နာရပြန်တယ်။ ပြီးတော့ နွားရုပ်လေးကို ထပ်စောင်းပြီး ပါးစပ်ကရေတွေထွက်ကျစေ ပြန်တယ်။


"ထပ်လုပ်ဦး၊ မီးငြိမ်းတော့မယ်ထင်တယ်" လို့ နွားရုပ်လေးက ပြောပြီး တတိယအကြိမ်မြောက် ရေဖြည့်ကာ မီးတောက်အပေါ် လောင်းချလိုက်ပြန်တယ်။ ရှဲ ... ရှဲ ... ရှဲ ...၊ နောက်ဆုံးမီးတောက်ဟာ ငြိမ်းသွားပြီး ညှော်နံ့တွေ မီးခိုးတွေပဲ ကျန်ပါတော့တယ်။ မီးဖိုချောင် အခင်းပေါ်မှာ မီးမကျန်တော့ပါဘူး။ "သိပ်တော်တဲ့ နွားမလေးပဲ" လို့ လူရွှင်တော်ရုပ်က ရွှင်မြူးစွာ အော်ပြောလိုက်တယ်။ "ဒီလိုလုပ်ဖို့ ဘယ်လိုစဉ်းစားမိတာလဲ"

"လွယ်ပါတယ်၊ ကျွန်မပါးစပ်က အရည်ငှဲ့လို့ရတာကို သုံးလိုက်တာပဲပေါ့" လို့ နွားမလေးက ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြွေနွားရုပ်လေးဟာ ကြည်နူးသွားတယ်။ "ဒါပေမယ့် အရင်က ရှင်တို့ဟာ ကျွန်မကို အမြဲလှောင်ပြောင်ရယ်မောပြီး စနေကြတာပဲ၊ မြင်းနဲ့ ခွေးရယ်၊ သိုးတွေရယ်ကလဲ မညှာကြပါဘူးရှင့်"လို့ ပြောလိုက်တော့ ...

"တို့ကို ခွင့်လွှတ်ပါ" လို့ မြင်းကပြောပြီး ခေါင်းငုံ့လိုက်တယ်။ "တို့ ဒီလို မလုပ်တော့ပါဘူး၊ မဟုတ်လား သိုးနဲ့ခွေးတို့ရယ်"

"ဟုတ်ပါတယ်"လို့ တခြားသူတွေက ထောက်ခံကြတယ်။ "လာခဲ့ပါ၊ ဆင်းလာခဲ့ပါ၊ အရုပ်တွေနဲ့ အတူ ကစားကြတာပေါ့"

"ကျွန်မက ရှင်တို့လို မဆင်းနိုင်ဘူးရှင့်၊ ကျွန်မက ကြွေနဲ့လုပ်ထားတာပါ၊ ချော်ကျရင် အစိတ်စိတ်အမြွာမြွာ ကွဲသွားမှာရှင့်" လို့ နွားမလေးက ပြောပါတယ်။

"ကောင်းပြီလေ၊ ဒါဆိုရင် တို့အားလုံး တက်လာကြတာပေါ့" လို့ ဝက်ဝံက အော်ပြောတယ်။ "မီးဖိုစင်က အကြီးကြီးပဲဟာ၊ နာရီနဲ့ပန်းအိုးကို ဘေးဘက်တွန်းလိုက်ရင် တို့အားလုံး ကစားလို့ရမှာပေါ့"

ပျော်စရာ ညနေခင်းပါပဲ။ မီးလင်းဖိုစင်ပေါ်မှာ အရုပ်လေးတွေနဲ့ ပြည့်ကျပ်နေပါတယ်။ ဒါကြောင့် သိုးမွေးနဲ့လုပ်ထားတဲ့ ရွှေယုန်လေးတောင်



www.burmeseclassic.com


www.burmeseclassic.com



တိုက်မိပြီး ကြမ်းပြင်ပေါ် ပြုတ်ကျသွားပါသေးတယ်။ ဒါပေမယ့် သူမဟာ သိပ်ကို ပေါ့ပါးလွန်းတဲ့အတွက် မနာပါဘူး။

သူတို့အားလုံးဟာ အတူကစားကြပြီး ကြွေနွားရုပ်မလေးကို ပျော်ပျော်သလဲ ဂရုစိုက်ကြပါတယ်။ နောက်ညကျရင် နွားမလေးရဲ့ မွေးနေ့ဆိုတာ အရုပ်မလေးက သိသွားပါတယ်။

"ကျွန်မတို့ အားလုံးလာပြီး ရှင့်ကျန်းမာရေးအတွက် ခွက်လေးတွေနဲ့ တစ်ခုခု သောက်ကြတာပေါ့ရှင်၊ အရုပ်အိမ်ကနေ သံပရာရည်တွေ နည်းနည်း ယူလာမယ်၊ နွားမလေးရေ ...၊ ရှင်က အဲဒါကို ကျွန်မတို့ခွက်တွေထဲ လိုက်ငှဲ့ပေးပေါ့ရှင်"လို့ အရုပ်မလေးကပြောတယ်။



"အို ... ရှင်တို့ ငါ့ကို တကယ်နားလည်သွားကြပြီပေါ့နော်၊ မနက်ဖြန်ကျရင် ကြည့်နေ၊ ကျွန်မအနေနဲ့ အကောင်းဆုံး ညှော့်ခံပါ့မယ်"လို့ နွားမလေးက ပျော်ရွှင်စွာ ပြောလိုက်တယ်။

နောက်နေ့ညမှာတော့ အရုပ်လေးတွေဟာ ကစားခန်းရဲ့ မီးဖိုစင်လေးကို လာပြီး နွားရုပ်မလေး ငှဲ့ပေးတဲ့ သံပရာရည်ကို သောက်ကာ သူ့ကျန်းမာရေးအတွက် ပျော်ပျော်ပါးပါးကြီး ဆုတောင်းပေးကြသတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

# မရှိတိုင်းပြည်

ဒန်နီယယ်နဲ့ ဆူဇီတို့မှာ ချစ်စရာအိမ်မွေးတိရစ္ဆာန်လေးတစ်ကောင် ရှိပါတယ်။ သူတို့က သူ့ကို တကယ်ချစ်ကြတယ်ကွယ့်။ သူကတော့ နားရွက် ရှည်ရှည်တွေရှိတဲ့ ချစ်စရာယုန်ဖြူလေးပါ။ သူတို့က ယုန်လေးကို'နှင်းလုံး'လို့ ခေါ်ကြတယ်ကွယ့်။ သူတို့ဟာ ယုန်လေးနှင်းလုံးစားဖို့ မုန်လာဥတွေ နေ့စဉ် ပေးပြီး သူ့လှောင်အိမ်ကို သန့်ရှင်းပေးကြတယ်။

"သူဟာ ကမ္ဘာမှာ ချစ်စရာအကောင်းဆုံး ယုန်လေးပဲ"လို့ ဒန်နီယယ် ကပြောတော့ ဆူဇီက ထောက်ခံတယ်။ ကလေးတွေမှာ နှင်းလုံးကလွဲလို့ ဘာ တိရစ္ဆာန်မှ မရှိဘူး။ ဒါကြောင့် သူတို့ဟာ ယုန်လေးကို သိပ်ချစ်ကြပြီး သူနဲ့ မကြာခဏ ကစားလေ့ရှိကြတယ်

တစ်နေ့မှာတော့ မထင်မှတ်တဲ့ ကိစ္စတစ်ခု ဖြစ်ပါလေရော။ သူတို့ ဟာ နံနက်စာစားပြီး နှင်းလုံးရဲ့ လှောင်အိမ်ကိုသွားတော့ တံခါးပွင့်နေတာကို တွေ့ရတယ်။ ဒန်နီယယ်က လှောင်အိမ်ထဲ ချောင်းကြည့်ပြီး လှည့်ပတ်ကြည့် လိုက်တယ်။ ယုန်လေးကို မတွေ့ရပါလား။

"ဆူဇီရေ၊ ဘာဖြစ်တာလဲဟာ၊ နှင်းလုံးတော့မရှိတော့ဘူး၊ တံခါးက ဘယ်လိုဖြစ်ပြီး ပွင့်နေရတာလဲ"လို့ အော်လိုက်တယ်။

"မရှိတော့ဘူး၊ ဟုတ်လား၊ မနေ့က နေ့လယ်က တံခါးကို ညီမကိုယ် တိုင်ပိတ်လိုက်တာပဲ၊ အဲဒါ မှတ်မိသေးတယ်" လို့ ဆူဇီက အံ့ဩတကြီးနဲ့ ပြောတယ်။

"ဟုတ်တယ်၊ ငါလဲ မြင်တယ်၊ ပြီးတော့ နှင်းလုံးက ဘယ်လိုလွတ် သွားရတာတဲ့လဲ"လို့ ဒေးဗစ်ကပြောတယ်။

"တစ်ယောက်ယောက်သူ့ကို လွှတ်ပေးလိုက်မှာပေါ့"လို့ ဆူဇီက ငိုသံ ပါပါနဲ့ ပြောတယ်။

"အိုး . . . အတော်ဆိုးတာပဲ၊ သူ့ကို သွားရှာကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com





ဒါကြောင့် သူတို့ဟာ နှင်းလုံးကို နေရာအနှံ့လိုက်ရှာကြတယ်။ သူ့နာမည်ခေါ်ပြီး ဥယျာဉ်တစ်ခုလုံးမှာ လိုက်ရှာကြတယ်။ ဒါပေမယ့် မတွေ့ရပါဘူး။ သူ့ရဲ့အရိပ်အယောင်ကိုတောင် ရှာမတွေ့ပါဘူး။

ဆူဇီဟာ မြက်ခင်းပေါ်မှာ ထိုင်ချပြီး ကျယ်လောင်စွာ ငိုပါတော့တယ်။ ဒန်နီယယ်လဲ သိပ်စိတ်ပူနေရှာတယ်။ သူက နှင်းလုံးကို သိပ်ချစ်တာကွယ်၊ သူဘယ်မှာရှိမှန်း မသိရတာ ခွကျတာပဲ။ ဆူဇီထင်တာကတော့ တစ်ယောက်ယောက်က သူ့ကို စားချင်လို့ ခိုးသွားတာ ဖြစ်ရမယ်။ ဒါဆို ကြောက်စရာပဲ။ ဒန်နီယယ်ဟာ သူထင်တာကို ဆူဇီကို မပြောပြရဲတော့ဘူး၊ သူစိတ်ဆင်းရဲနေတာကို သိတယ်လေ။

အဲဒီတုန်း ထူးဆန်းတဲ့ကိစ္စဖြစ်ပွားပြီး သူတို့ရဲ့ စွန့်စားခန်း စတင်ပါလေရော့။ အလွန်ထူးဆန်းပြီး စူးရှတဲ့ လေချွန်သံတစ်ခုကို သိပ်မဝေးတဲ့နေရာကကြားရတယ်။ ကလေးတွေဟာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြတယ်။

"ဒီဝီစီသံ ဘယ်ကထွက်လာတာလဲ" လို့ ဆူဇီက မျက်ရည်သုတ်ရင်းပေးလိုက်တယ်။

"အစိမ်းရောင်အိမ်ကနေ ထွက်လာတဲ့ပုံပဲ၊ ဒါပေမယ့် သိပ်မသေချာဘူး၊ အဲဒီအိမ်မှာ တစ်ယောက်မှမရှိတာ၊ သွားကြည့်ကြရအောင်" လို့ ဒန်နီယယ်က စိတ်ရှုပ်ထွေးစွာ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





ဒါကြောင့် သူတို့ထွက်လာကြတယ်။ တံခါးက ပွင့်နေတယ်၊ သူတို့ဟာ ပူလောင်စိုထိုင်းတဲ့ အစိမ်းရောင်အိမ်ထဲကို ဝင်လာကြတယ်။ နေရာအနှံ့မှာ အရောင်လွင်လွင် ပန်းပင်တွေ ပေါက်ရောက်နေကြတယ်၊ ငှက်ကြီးတောင်ပင်တွေကလဲ တွဲလောင်းကျလို့ ပေါက်နေကြတယ်။

ဝိစီသံဟာ အစိမ်းရောင်အိမ်ကနေ ထွက်ပေါ်လာတယ်ဆိုတာ သေချာတယ်။ ကလေးတွေဟာ ဟိုဟိုသည်သည် ကြည့်ရှုပြီး ဒီအသံကို ရှာဖွေကြတယ်။ ပြီးတော့ အသံလာရာကို ရှာတွေ့သွားကြတယ်။

ဝိစီသံကို ဖန်တီးနေတာတော့ လူသေးသေးလေးတစ်ယောက်ပါ။ သူဟာ ပုံးတွေထောင်ထားတဲ့ စင်အောက်က ကြမ်းပြင်မှာ ဖောက်ထားတဲ့ တံခါးပေါက်က ထွက်ပြီး ချောင်းကြည့်နေပါတယ်။ သူဟာ ခေါင်းမှာ အစိမ်းရောင်ဦးထုပ် ဆောင်းထားပြီး ဦးထုပ်မှာ အနီရောင်ချယ်ရီသီးလေးတွေတပ်ကာ အလှဆင်ထားပါတယ်။ သူ့ပါးစပ်မှာ ငွေရောင်ဝိစီတစ်ခု တပ်ထားပြီး ဒီဝိစီကို မှုတ်နေပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



"ငါပြောသားပဲ၊ ကြည့်စမ်း ဆူဇီ၊ သူ ဘယ်သူလဲ"လို့ ဒန်နီယယ်က သူ့ကို အံ့ဩတကြီး စိုက်ကြည့်ရင်းပြောပါတယ်။

ဆူဇီက ကြည့်လိုက်ပြီး သူ့မျက်လုံးတွေတောင် မယုံနိုင်တော့ဘူး။ ဒီလူဟာ သေးသေးလေးပါပဲ၊ သူ့အရပ်မလောက်လေးပဲ ရှိပါတယ်။

မကြာခင် လူသေးသေးလေးတစ်ယောက်က သူ့ကိုကလေးတွေကြည့်နေတာမြင်တော့ ဝီစီကိုချတ်ပြီး သူတို့ကို ရွှင်ပျစွာ ပြန်ကြည့်လိုက်ပါတယ်။

"ငါ့ဝီစီသံကို မင်းတို့ကြားပြီး အသံဘယ်ကလာသလဲလို့ ရှာကြမယ်မှန်း ငါတွေးမိသားပဲ။ မင်းတို့ရဲ့ ယုန်လေးနှင်းလုံးက မင်းတို့အတွက် သတင်းတစ်ခု ပါးခဲ့တယ်"လို့ သူကပြောတယ်။

"နှင်းလုံးက သတင်းပါးခဲ့တယ် ဟုတ်လား၊ သူ ဘယ်မှာလဲ" လို့ ပိုအံ့ဩသွားတဲ့ ဒန်နီယယ်က မေးလိုက်တယ်။ \

"ငါပြောပြမှာပေါ့"လို့ လူသေးသေးလေးကပြောပြီး ကြမ်းဖုံးတံခါးကနေတက်လာကာ အနားကဘူးတစ်ဘူးအပေါ် ထိုင်ချလိုက်တယ်။ "မနေ့ညက 'မရှိတိုင်းပြည်'က မင်းသမီးလေးဟာ သူ့ရထားလုံးနဲ့ ရောက်လာခဲ့တယ်။ သူ့ရထားကို ဆွဲတာက ယုန်နက်လေးကောင်ပါ။ ယုန်တစ်ကောင်ဟာ ခြေချော်သွားပြီး မင်းတို့ဥယျာဉ်ထဲမှာ ဒဏ်ရာရသွားတယ်၊ ဒါကြောင့် ရထားမောင်းသမားက သူ့နေရာကို အစားထိုးဖို့ နောက်ထပ်ယုန်တစ်ကောင်လိုက်ရှာရင်း နှင်းလုံးကို မြင်သွားပါလေရော"

"ဒါနဲ့ သူတို့ နှင်းလုံးကို ခေါ်သွားကြတယ်ပေါ့"လို့ ဆူဇီက မေးရင်း မျက်လုံးတွေက တအံ့တဩနဲ့ ပြူးကျယ်လာတယ်။


"ဟုတ်တယ်" လို့ လူသေးသေးလေးက ဖြေတယ်။ "သူကတော့ မသွားချင်ပါဘူး၊ ဘာလို့လဲဆိုတော့ မရှိတိုင်းပြည်က ပြန်ဖို့ဆိုတာ ခဲယဉ်းလို့ပေါ့၊ ပြီးတော့ မင်းသမီးလေး ဂျူလီယာနာကလဲ သူ့ကို မွေးထားချင်နေတယ်။ သူ့ရထားကို ကောင်းကောင်းဆွဲပေးစေချင်တယ်။ ဒါကြောင့် သူ့မှာ သွားဖို့ကို စိတ်မကောင်းဖြစ်နေရတာပေါ့၊ သူဟာ တခြားယုန်နက်သုံးကောင်နဲ့ ရထားကို ဆွဲသွားရင်းက ငါ့ကို သတင်းပါးသွားတာပဲကွယ့်။ သူကပြောတယ်၊ ကျေးဇူးပြုလို့ ကျွန်တော်သွားတဲ့နေရာကို ဆူဇီနဲ့ ဒန်နီယယ်ကို ပြောပေးပါတဲ့၊ နှစ်ရက်နဲ့ နှစ်ညလွန်ရင် ကျွန်တော် ပြန်လာနိုင်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် သူတို့အနေနဲ့ ကျွန်တော့်ကို လာခေါ်ကြဖို့ ပြောပေးပါလို့ မှာခဲ့တယ်ကွယ့် ..."



www.burmeseclassic.com

www.burmeseclassic.com





"ဘုရားရေ"လို့ ဒန်နီယယ်က ဒီဇာတ်လမ်းကို ယုံရခက်စွာ အော်မြည်လိုက်တယ်။ "ဒါ တကယ်ပဲလား၊ နှင်းလုံးက မရှိတိုင်းပြည်ကို တကယ်သွားပြီလား၊ အဲဒီတိုင်းပြည်က ဘယ်နေရာမှာလဲ"

"ငါမသိဘူးကွယ့်"လို့ လူသေးသေးလေးက ခေါင်းခါရင်းပြောလိုက်တယ်။ "ဒါပေမယ့် မင်းတို့ မနက်ဖြန်ညအထိ စောင့်လို့မှ သူညလယ်အထိ ပြန်မလာဘူးဆိုရင် ကျွန်မတို့ သူ့ကို ဘယ်လိုရှာကြမှာလဲ"လို့ ဆူဇီကပြောတယ်။

"ငါ မင်းတို့ကို အလုံးစုံ ကူညီပါ့မယ်"လို့ လူသေးသေးလေးကပြောတယ်။ "တကယ်လို့ သူပြန်မလာခဲ့ရင် ငါ့တံခါးပေါက်ကို လာခေါက်၊ ငါ ဖွင့်ပေးမယ်။ ညလယ်ကျော်ရင် လာခဲ့ကြပေါ့"

"အိုး ... ကျေးဇူးတင်လိုက်တာ၊ ကျွန်တော်တို့ လာခဲ့ပါ့မယ်"လို့ ကလေးနှစ်ယောက်က ပြောလိုက်တယ်။

လူသေးသေးလေးဟာ နှုတ်ဆက်ရင်း အပေါက်ထဲ ပြန်ဆင်းပြီး တံခါးကို ပိတ်လိုက်တယ်။ ကလေးတွေလဲ အစိမ်းရောင်အိမ်ကနေ သိပ်ပြီး စိတ်လှုပ်ရှားရင်း ဇဝေဇဝါ ဖြစ်ရင်းနဲ့ ပြန်လာကြတယ်။ အားလုံး ထူးဆန်းလှချည်လား။

သူတို့ဟာ တစ်နေ့နဲ့တစ်ည စောင့်ကြည့်တယ်။ ဒါပေမယ့် နှင်းလုံးဟာ ပြန်မလာပါဘူး။ သူတို့ဟာ ဒုတိယနေ့ညနေခင်းမှာ အိပ်ရာဝင်ခဲ့ပြီး ညလယ်ကျတော့ နိုးလာတယ်။ ပြီးတော့ အောက်ထပ်ကို အသာဆင်းပြီး နှင်းလုံးကို သူ့လှောင်အိမ်ထဲမှာ ကြည့်တယ်၊ ဒါပေမယ့် မရှိပါဘူး။

"ကောင်းပြီလေ၊ ငါတို့ သူ့ကို သွားရှာကြရတော့မယ်၊ နင်ကြောက်သလားဆူဇီ"လို့ ဒန်နီယယ်က ပြောတယ်။

"လုံးဝမကြောက်ဘူး၊ ညီမက နှင်းလုံးကိုချစ်တာမို့ ကြောက်စိတ်ကို ဘေးဖယ်ထားတယ်"လို့ ဆူဇီကပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ လာခဲ့၊ ငါတို့ကြမ်းပြင်က တံခါးကိုသွားခေါက်ကြတာပေါ့"လို့ ဒန်နီယယ်က ပြောလိုက်တယ်။ သာနေတဲ့ လရောင်ထဲမှာ သူတို့ဟာ အစိမ်းရောင်အိမ်ကို ထွက်လာကြပါတယ်။ ကလေးနှစ်ယောက်လုံးဟာ အိမ်အစိမ်းထဲကို ဝင်လာကြတယ်။

တံခါး[illegible]မ ရှာမတွေ့ဘူး။ ပြီးမှ ဒန်နီယယ်က ရှာတွေ့သွားပြီး ခေါက်လိုက်တယ်။ အစတော့ ဘာမှ မထူးဘူး ... ပြီးမှ၊ ဒုတိယအကြိမ် ခပ်ပြင်းပြင်း ထပ်ခေါက်လိုက်တော့ တံခါးဟာ ရုတ်တရက် ပွင့်သွားပြီး လူသေးသေးလေးက ခေါင်းထွက်လာတယ်။



"ဟယ်လို၊ ငါ မင်းတို့ကိုမျှော်နေတာ၊ နှင်းလုံး ပြန်မလာတော့ဘူးပေါ့"လို့ ပြောပါတယ်။

"မလာဘူး၊ ကျွန်တော်တို့ သူ့ကို ရှာဖွေပြီး ပြန်ခေါ်လာမလို့၊ ခင်ဗျားက ကူညီမယ်ဆို" ပြောပါတယ်။ "ဒါပေမယ့် မင်းတို့ကို ကူညီပေးမယ့် တစ်ယောက်ယောက်ကို ခေါ်ပေးမှာပါ၊ တံခါးကနေ ဆင်းလာခဲ့ကြလေ"

"ကျွန်တော်တို့ ဆင်းလို့မရဘူး၊ ကျွန်တော်တို့က ကြီးတော့ တံခါးနဲ့ မဆံ့ဘူးလေ"လို့ ဒန်နီယယ်ကပြောတယ်။

"အမိပ္ပာယ်မရှိတာကွာ၊ ကြိုးစားကြည့်ကြတာပေါ့"လို့ လူသေးသေးလေးက ရယ်ပြီးပြောတယ်။

ဒန်နီယယ်က သူ့ခြေထောက်ကို တံခါးဝကိုဖြတ်နင်းလိုက်တယ်။ ဘုရားရေ ... အံ့ဩစရာပဲ ....။ သူဟာ ရုတ်တရက် သေးသွားဟာ လူသေးသေး



www.burmeseclassic.com

www.burmeseclassic.com





၁၈

လေးလောက်ဖြစ်သွားတယ်။ သူ့လဲ တံခါးကနေ ဝင်နိုင်သွားတယ်၊ သူလှမ်းကြည့်လိုက်တော့ ဆူဇီဟာ အကြီးကြီးဖြစ်နေပြီး သူ့ကို အံ့အားသင့်စွာ ငေးကြည့်နေတာ တွေ့ရတယ်။

"လာခဲ့လေ ဆူဇီ၊ အဆင်ပြေပါတယ်ဟ"လို့ ဒန်နီယယ်က လှမ်းခေါ်လိုက်တယ်။

ဒါကြောင့် ဆူဇီလဲ တံခါးကိုခြေနင်းလိုက်ရော သူလဲ အရုပ်မလေးလောက် သေးငယ်သွားတယ်လေ၊ အံ့သြစရာပါပဲ။

"အစိမ်းရောင်အိမ်က အကြီးကြီးဖြစ်သွားပြီ"လို့ သူက လှည့်ပတ်ကြည့်ရင်း ပြောတယ်။ "ဒန်နီယယ်ရယ်၊ ဒါ စွန့်စားခန်းပဲနော်"

"ဝင်ခဲ့လေ" လို့ လူသေးသေးလေးက ဆိုတယ်။ "ငါတို့မှာ အချိန်ဖြုန်းလို့ မရဘူး၊ မင်းတို့နာမည်တွေကဘာလဲ၊ ငါ့နာမည်က စကွစ်တဲ့"

"ရယ်စရာကောင်းတဲ့ နာမည်ပဲ"လို့ ဆူဇီက ရယ်ရင်းပြောတယ်။

"ကျွန်မနာမည်က ဆူဇီ၊ ဟောဒါက ဒန်နီယယ်တဲ့"

"အတော်ထူးဆန်းတဲ့ နာမည်တွေပဲ၊ အရင်က ဒါမျိုး ငါမကြားဖူးဘူး၊ စကွစ်ဆိုတာကတော့ နတ်သမီးတိုင်းပြည်မှာ ခေါ်နေကျ နာမည်ကွ"လို့ စကွစ်က ရယ်ရင်းပြောတယ်။

"ဒါဆို ခင်ဗျားက နတ်သားလေးပေါ့"လို့ ဒန်နီယယ်က စိတ်ဝင်တစား မေးလိုက်တယ်။ "အင်း . . . သိပ်မတိကျသေးဘူး" လို့ စကွစ်က ပြောတယ်။ "ငါက မှင်စာတစ်ပိုင်း နတ်သူငယ်တစ်ပိုင်းကွ၊ ဒါပေမယ့် ငါက



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးပြည်မှာ နေခွင့်ရပြီး အားလုံးကို သိတယ်။ လာလေ ... ဒီလမ်းအတိုင်း ဆင်းကြ၊ အဆုံးအထိ ဆင်းကြပေါ့"

သူတို့ ဆင်းလာကြရင်းနဲ့ မကြာခင် အပေါ်မှာ မီးအိမ်တစ်လုံး ချိတ်ဆွဲထားတဲ့ တံခါးကြီးအနားရောက်လာတယ်။ တံခါးပေါ်မှာ ကြေးနီပြားနဲ့ နာမည်တစ်ခု ရေးထိုးထားတယ် .... "ဦးမျက်မှန်"တဲ့။

စကွစ်က တံခါးခေါက်လိုက်တော့ တံခါးပွင့်သွားတယ်။ ပိန်ပိန်ရှည်ရှည်လူတစ်ယော ... ထွက်လာတော့ ဘာကြောင့် သူ့ကို ဦးမျက်မှန်လို့ ခေါ်မှန်း ဒန်နီယယ်နဲ့ သူတို့ သိသွားကြတယ်။ သူဟာ မျက်မှန်သုံးလက်တောင် တပ်ထားတာကိုး။ တစ်လက်ကို နှာခေါင်းအဆုံးမှာ၊ တစ်လက်ကို နှာခေါင်းအလယ်မှာ၊ တစ်လက်ကိုနဖူးပေါ်မှာ တပ်ထားတယ်။

"ဘာအလိုရှိကြသလဲ"လို့ ဦးမျက်မှန်က အသံမာမာနဲ့ မေးလိုက်တယ်။ "ဦးမျက်မှန်ရယ်၊ ဒီကလေးနှစ်ယောက်ကို မကူညီနိုင်ဘူးလား"လို့ စကွစ်ကပြောလိုက်တယ်။ "သူတို့က မရှိတိုင်းပြည်ကို သွားချင်ကြလို့ပါ၊ အဲဒါ ဘယ်နေရာမှာရှိမှန်း သူတို့ မသိကြဘူး။ ခင်ဗျားကတော့ စာပေနဲ့စပ်ပြီး အသိအလိမ္မာကြွယ်ဝသူမို့ ဘာမဆို သိတယ်လေ။ သူတို့ကို အဲဒီသွားတဲ့ လမ်းလေး မညွှန်ပြနိုင်ဘူးလားခင်ဗျာ"

"ဝင်လာပြီး ထိုင်ကြဦး"လို့ ဦးမျက်မှန်က ကလေးနှစ်ယောက်ကို ပြုံးရင်းပြောတယ်။ "ငါ ဘာလုပ်နိုင်မလဲ ကြည့်လိုက်ဦးမယ်"





www.burmeseclassic.com

www.burmeseclassic.com



ဒန်နီယယ်နဲ့ ဆူဇီတို့ဟာ လက်တွန်းပါကုလားထိုင်နှစ်လုံးမှာ ထိုင် လိုက်ကြတယ်။ စကွစ်က ခွေးခြေမှာ ထိုင်တယ်။ ကလေးတွေက မျက်မှန်သုံး လက်နဲ့ ရယ်စရာ ဦးမျက်မှန်ကို စိုက်ကြည့်နေကြတယ်။ ဘာလို့ မျက်မှန်တွေ ဒီလောက်များများ သူတပ်ထားရသလဲ သူတို့သိချင်နေကြတယ်။

"အခြေအနေတစ်ခုမှာ မင်းတို့ကို ငါ ကူညီပေးမယ်၊ အဲဒါကတော့ ငါ ဘာလို့ မျက်မှန်တွေ ဒီလောက်အများကြီး တပ်ထားရသလဲလို့ မမေးခဲ့ရင် ပေါ့၊ ဒီမေးခွန်းကိုဖြေရတာ ငါသိပ်ငြီးငွေ့နေပြီကွ"လို့ ဦးမျက်မှန်က စတုတ္ထ မြောက်မျက်မှန်ကို နဖူးခေါင်းပေါ်တပ်ရင်း ပြောပါတယ်။

ဒန်နီယယ်နဲ့ ဆူဇီတို့ဟာ ဒီလိုမမေးမိသေးတဲ့အတွက် ဝမ်းသာသွား တယ်။ "ဦးက မပြောပြချင်တဲ့ အရာတွေကို မေးဖို့ စိတ်တောင်မကူးပါဘူး ခင်ဗျာ"လို့ ဒန်နီယယ်က ယဉ်ကျေးစွာ ပြောလိုက်တယ်။ "ဒါပေမယ့် ကျေးဇူး ပြုလို့ မရှိတိုင်းပြည် ဘယ်နေရာမှာလဲ ပြောမပြနိုင်ဘူးလား ခင်ဗျာ"

"အင်း၊ အဲဒီတိုင်းပြည် ဘယ်နေရာမှာမှ မရှိဘူးလေ၊ ဟုတ်တယ်၊ ဘယ်နေရာမှာမှ မရှိတဲ့တိုင်းပြည်ပဲ" လို့ ဦးမျက်မှန်ကဆိုတယ်။

"ဘယ်နေရာမှာမှ မရှိတဲ့ပြည်ကို ငါ မင်းတို့ကို ပြောပြမယ်" လို့ ဦးမျက်မှန်က ပြောရင်း မြေပုံစာအုပ်ကြီးကို ယူလိုက်တယ်။ သူဟာ ခေါင်းကို လက်နဲ့ကုတ်နေပြီး နောက်ဆုံးတော့ အဝါရောင် ပင်လယ်ရဲ့ အလယ်က ကျွန်း တစ်ကျွန်းကို လက်ညှိုးထိုးပြပါတယ်။

"ဘယ်နေရာမှမရှိဆိုတာ ဒီကျွန်းပဲကွ၊ မင်းတို့သိချင်တဲ့ သိပ်ထူး ဆန်းတဲ့နေရာပေါ့၊ ဒီကျွန်းဟာ တစ်နေရာက တစ်နေရာကို ရွှေ့နေတယ်လေ၊ အေး၊ မင်းတို့ သိချင်တဲ့ 'မရှိတိုင်းပြည်'ဟာ အဲဒီကျွန်းရဲ့ အလယ်မှာရှိသကွ" လို့ သူကပြောလေတယ်။

"ဒါဆို အဲဒီကို ကျွန်မတို့ ဘယ်လိုသွားရမလဲ"လို့ ဆူဇီကမေးပါ တယ်။



www.burmeseclassic.com




"ရွှေရောင်သဲပွင့်အထိ ရထားစီးသွား၊ ပြီးရင် ဘယ်နေရာမှာမှ မရှိကျွန်းကိုသွားမယ့် လှေကိုအမီစီး"လို့ ဦးမျက်မှန်က ပြောရင်း သူ့မျက်မှန်လေး လက်ကိုယူကာ လက်ကိုင်ပဝါနဲ့ ပွတ်ပေးနေတယ်။ "ဒါပေမယ့် လှေမီအောင်တော့စီးနော်၊ သူက တစ်ပတ်မှ တစ်ခါပဲလာတာ၊ မနက်ဖြန် လာတဲ့အလှည့်ပဲ"

"ဒါပေမယ့် ကျွန်တော်တို့ တစ်ညလုံး ခရီးသွားနိုင်ပါ့မလား" လို့ ဒန်နီယယ်ကမေးတယ်။

"ဒါ နတ်သမီးတိုင်းပြည်မှာ နေ့အချိန်ကွ၊ ဒါကြောင့် မင်းတို့ အဆင်ပြေသွားမှာပါ"လို့ ဦးမျက်မှန်ကပြောတယ်။ "အခုပဲ သွားကြပေတော့၊ ရထားမီအောင်လို့။ ငါ့မျက်မှန်တွေအကြောင်း မမေးတဲ့အတွက် သိပ်ကျေးဇူးတင်တယ်ကွာ ..."

ဒါနဲ့ ဒန်နီယယ်နဲ့ဆူဇီရယ် ဦးထုပ်စိမ်းနဲ့ လူသေးသေးလေးရယ်ဟာ အခန်းထဲက ထွက်လာပြီး လမ်းကြောင်းအတိုင်း ပြန်လာကြတယ်။ စကွစ်က လှေကားထစ်တွေကနေ အမြန်ခေါ်သွားပြီး သူတို့ဟာ ထိုင်ခုံတစ်လုံးပါတဲ့ အခန်းလေးတစ်ခုဆီ ရောက်လာကြတယ်။ စကွစ်က ကလေးတွေကို ထိုင်ခုံဆီ တွန်းပို့ပြီး အနားက ကြိုးတစ်ချောင်းကိုဆွဲလိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com



"အိုး"အခန်းဟာ မြင့်တက်သွားပြီး အထက်ကို တစ်ရှိန်ထိုးတက်သွားတဲ့အတွက် ကလေးတွေဟာ လန့်အော်မိကြတယ်။ သုံးမိနစ်လောက် အထက်ကိုတက်အပြီးမှာ နောက်ဆုံးတော့ အခန်းဟာ အလွန်မြင့်တဲ့တောင်ကုန်းပေါ်မှာ ရပ်သွားတယ်။

"ထွက်ကြ၊ ဓာတ်လှေကားက ပြန်ဆင်းသွားလိမ့်မယ်"လို့ စကွစ်က ဆိုတယ်။

သူတို့ဟာ ဓာတ်လှေကားအပြင်ဘက်ထွက်လိုက်ပြီး အဲဒါတောင်ကုန်းအောက် ပြန်ဆင်းသွားတာကို စောင့်ကြည့်နေမိတယ်။ ပြီးတော့ သူတို့ဟာ လှည့်ပတ်ကြည့်လိုက်ကြတယ်။ တောင်ကုန်းဟာ အလွန်ကို စိုရွဲနေပြီး မှန်လို ချော်မွတ်နေတယ်။ ဘယ်သူမှ ဒီတောင်ကုန်းကို တက်ဖို့ မလွယ်ဘူး။ သူတို့နောက်ဘက်မှာတော့ တိမ်တိုက်ကြီးတစ်ခုရှိယ်ပါ။ တိမ်တိုက်ကြီးဟာ ငြိမ်သက်နေပြီး လုံးဝကို မရွေ့လျားပါဘူး။

"ရထားက ဘယ်မှာလဲ၊ ဒီတောင်ကုန်းပေါ်မှာ ရထားလမ်း မရှိနိုင်ပါဘူး"လို့ ဆူဇီကမေးလိုက်တယ်။

"ဒါတိမ်တိုက်ရထားလမ်းလေ"လို့ စကွစ်ကရှင်းပြတယ်။ "ခဏလေးစောင့်နေကြရင် ရထားကို တွေ့ရမယ်၊ မကြာခင် ဆိုက်တော့မှာ"

သူပြောနေတုန်းမှာပဲ ရထားဘီးသံကြားလို့ ကလေးတွေကြည့်လိုက်တော့ သူတို့အနားက တိမ်တိုက်ပေါ်မှာ ခုတ်မောင်းလာတဲ့ အလှဆုံးရထားကို တွေ့လိုက်ရတယ်။ ရထားအရောင်က မိုးသားရောင်ပဲ၊ ရထားတွဲတိုင်းဟာ ငှက်ပုံတွေကွယ့်။

"ရထားက ဘယ်လိုမောင်းသလဲ၊ ရေနွေးငွေ့နဲ့လား"လို့ ဒန်နီယယ်ကမေးလိုက်တယ်။ "မဟုတ်ဘူး၊ အလင်းရောင်နဲ့ပါ။ ရထားစီးရင်နဲ့ ဘယ်လောက်မြန်သလဲဆိုတာ မင်းတို့တွေ့ရလိမ့်မယ်"လို့ စကွစ်ကဖြေတယ်။



www.burmeseclassic.com



သူတို့အားလုံးဟာ ငှက်ပုံရထားတွဲပေါ် တက်လိုက်ကြတယ်။ ပျော်တတ်တဲ့ ပန်းသီးပုံမျက်နှာနဲ့ ရထားမောင်းသူ မှင်စာလေးက သူတို့လုံခြုံမှု ရှိမရှိ စစ်ဆေးပြီးတဲ့အခါ ရထားစထွက်လာတယ်။ ရထားဟာ ကောင်းကင်က တိမ်တိုက်တွေထဲမှာ ပြေးလွှားနေတယ်။

ရထားဟာ သိပ်မြန်လွန်းတာမို့ ကလေးနှစ်ယောက်လုံးဟာ ယာဉ်ရဲ့ ဘေးဘက်တွေကို သေချာဆုပ်ကိုင်ထားရတယ်။

"ဘုရားရေ၊ ရထားသွားတာ အလင်းရောင်ကျနေတာပဲ"လို့ဒန်နီယယ်ကပြောပါတယ်။

ရထားစီးရတာ အံ့သြစရာပါပဲ။ တစ်နေ့လုံးလိုပဲ ကလေးတွေဟာ ဦးမျက်မှန်ပြောတဲ့ မြင်ကွင်းအဆန်းတွေကို မြင်ခဲ့ကြရပါတယ်။ လေပေါ်က ရထားလမ်းပဲ ဆိုပါတော့။ သူတို့ဟာ နတ်သမီးတိုင်းပြည်ကို ရောက်လာပြီး လှပတဲ့ စုလစ်မွမ်းချွန်တွေ၊ မျှော်စင်တွေနဲ့ ရှိတဲ့၊ အိပ်မက်ဆန်တဲ့ပြည်ကို လှမ်းမြင်ရပါတယ်။ ဒီခရီးမဆုံးဖို့ သူတို့ဆုတောင်းမိကြတယ်။

"ဘယ်နေရာမှမရှိ"ကို သွားတဲ့လှေ မီပါစေလို့ ငါဆုတောင်းပါတယ်" လို့ စိတ်လှုပ်ရှားစွာကြည့်ရင်း စကွစ်က ဆိုပါတယ်။ "ရထားက အရင်လို သိပ်မမြန်ဘူးကွ၊ အလင်းရောင်အချို့ အသုံးခံလိုက်ရလို့လေ၊ ဒါကြောင့်မို့ ကနေ့ ရထားက သိပ်မမြန်ဘူးလေ"

"အို၊ ကျွန်မတော့ အချိန်မီပါစေလို့ ဆုတောင်းပါတယ်"လို့ ဆူဇီက စိတ်ပျက်လက်ပျက် ပြောလိုက်တယ်။ "ဦးမျက်မှန်က ပြောတာတော့ တစ်ပတ်ကို တစ်စင်းပဲ ရှိတယ်တဲ့"ရထားဆက်ခုတ်မောင်းလာရင်းနဲ့ နောက်ဆုံးတော့ ပင်လယ်ကြီးကို မြင်ရတာမို့ ကလေးတွေဟာ အော်ဟစ်လိုက်ကြတယ်။

"နီးပြီဟေ့၊ ငါနာရီ မြန်နေတယ်ထင်တာပဲ"လို့ စကွစ်က ပြောရင်း နာရီကို ထပ်ကြည့်လိုက်တယ်။

ရထားဟာ တခြားတောင်ကုန်းမြင့်တစ်ခုပေါ်က တိမ်တိုက်ပေါ်မှာ ရပ်နားလိုက်တယ်။ စကွစ်နဲ့ကလေးတွေဟာ ဓာတ်လှေကားကို စောင့်နေကြတယ်။ ဓာတ်လှေကားလာတော့ အထဲဝင်ပြီး စကွစ်ဟာ ကြိုးကိုဆွဲလိုက်တော့ သူတို့ဟာ အမြန်ဆုံးနှုန်းနဲ့ အောက်ကို ထိုးကျသွားပါတယ်။

ဓာတ်လှေကားဟာ အောက်ခြေမှာ ရပ်သွားပြီး သူတို့သုံးယောက် ပြေးထွက်လာကြတယ်။ သူတို့ဟာ ရှေ့မှာ တောက်ပနေတဲ့ ကမ်းခြေတစ်ခုကို ရောက်နေမှန်းတွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ဒါဟာ 'ရွှေရောင်သဲပွင့်'ကမ်းခြေပဲ၊ အလိုလေး၊ ရွက်လှေဘယ်မှာလဲ" လို့ စကွစ်ကပြောလိုက်တယ်။

"ဟိုမှာ လှေထွက်သွားပြီ"လို့ ဒန်နီယယ်က ပြောပြောဆိုဆို လက်ညှိုးညွှန်ပြလိုက်တယ်။

သေချာတာပေါ့။ လှေဟာ ပင်လယ်မှာ သိပ်ဝေးသွားပြီး၊ အဝါရောင်ရွက်တွေနဲ့ လှေကြီးပါ။ "ငါတို့ သိပ်နောက်ကျသွားပြီ၊ နောက်ကျသွားပြီ၊ အခု ငါတို့ ဘယ်လိုလုပ်ရပါလိမ့်၊ မင်းတို့နောက်တစ်ပတ်စောင့်နိုင်သလား၊ ဒါဆို မင်းတို့ နောက်ထပ်လှေတစ်စီး စောင့်ရတော့မယ်"လို့ စကွစ်က ကြေကွဲစွာပြောရှာတယ်။

"မရဘူး၊ မစောင့်နိုင်ဘူး။ ကျွန်တော်တို့ အိမ်ပြန်မလာရင် အမေစိတ်ပူနေလိမ့်မယ်"လို့ ဒန်နီယယ်ကပြောတယ်။

"အို၊ စောင့်ရမယ်၊ ကျွန်မတို့ နှင်းလုံးကို ကယ်ရမယ်လေ"လို့ ဆုဇီကမျက်ရည်စို့ရင်း ပြောလိုက်တယ်။ "စကွစ်ရယ်၊ ရှင်တစ်ခုခု မစဉ်းစားနိုင်တော့ဘူးလားရှင်"





www.burmeseclassic.com

www.burmeseclassic.com



စကွစ်က ခေါင်းခါလိုက်တယ်။ ဆူဇီဟာ စငိုတော့တယ်၊ ဒန်နီယယ်နဲ့စကွစ်က သူ့ကို လက်ကိုင်ပဝါတွေ ထုတ်ပေးပြီး နှစ်သိမ့်ကြတယ်။ ဆူဇီဟာ ဖြေသိမ့်မရတာမို့ သူ့ငိုသံက ဒန်နီယယ်ကို တစ်အား စိတ်ဆင်းရဲစေပါတယ်။

"ကလေးမလေး၊ ဘာဖြစ်နေတာလဲကွယ်"လို့ အံ့သြဖွယ် အသံတစ်သံ ရုတ်တရက် ပေါ်ထွက်လာပါတယ်။ ဒန်နီယယ် လှမ်းကြည့်လိုက်တော့ ရေသူမတစ်ယောက်ကို ကျောက်ဆောင်ပေါ်မှာ တွေ့ရပါတယ်။


"ကျွန်တော်တို့လေ့မမီလိုက်လို့ပါ၊ 'ဘယ်နေရာမှမရှိ'ကျွန်းကိုဘယ်လိုသွားရမလဲ မသိတော့ပါဘူး"လို့ သူက ဝမ်းနည်းစွာ ပြောလိုက်တယ်။

"မင်းတို့ ဘာလို့မပြန်ကြတာလဲ"လို့ ရေသူမကမေးပြီး သူ့ဆံပင်တွေကို ခါချလိုက်တယ်။ "အမေကြီး ဒစ်ဘယ်မှာ စင်ရော်တောင်ပံတွေ အများကြီး ရှိတယ်၊ လေ့မမီတဲ့သူတွေကို ငှားဖို့လေ၊ တောင်ပံတစ်စုံကို ငှားခ တစ်ပဲနိပဲ ယူတယ်ကွယ့်"

"အမေကြီးဒစ်ဘယ် ဘယ်မှာနေပါသလဲ"လို့ စကွစ်က မေးလိုက်တယ်။ "ဒီအပေါ်က ဂူထဲမှာနေတယ်"လို့ ရေသူမက ညွှန်ပြရင်း ပြောတယ်။ ကလေးတွေလှည့်ကြည့်လိုက်တော့ အပေါက်ဝလေးနဲ့ ဂူတစ်ဂူကို တွေ့ရတယ်။

"ဒါဆို ကျုပ်တို့ ဒီသွားပြီး တောင်ပံတွေ သွားငှားလိုက်ဦးမယ်"လို့ စကွစ်က ဝမ်းသာအားရ ပြောလိုက်တယ်။ သူဟာ ကလေးတွေကို လက်ဆွဲပြီး ဂူဆီကို တက်လာခဲ့တယ်။ အမေကြီးဒစ်ဘယ်ကဂူထဲမှာ ထိုင်ရင်း အပ်ချုပ်နေတယ်။ သူ့နံဘေးတစ်ဝိုက်မှာ မီးခိုးရောင်၊ အဖြူရောင်၊ အနက်ရောင်ရှိတဲ့ လှပတဲ့ တောင်ပံတွေရှိပါတယ်။

"ကောင်းသောနေ့ပါ၊ အမေဒစ်ဘယ်"လို့ စကွစ်က ယဉ်ကျေးစွာ ဂါရဝပြုလိုက်တယ်။ "ကျွန်တော်တို့ကို စင်ရော်တောင်ပံသုံးစုံလောက်ငှားပါလားခင်ဗျာ၊ ကျွန်တော်တို့ ဘယ်နေရာမှမရှိကျွန်းစုကို သွားဖို့ လေ့မမီလိုက်လို့ပါ၊ ဟောဒီမှာ တောင်ပံငှားခ သုံးပဲနိခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



အမေဒစ်ဘယ်က သုံးပဲနီကိုလက်ခံပြီး မီးခိုးဖျော့ရောင် တောင်ပံ သုံးစုံကို ရွေးပေးလိုက်တယ်။ ကလေးတွေဟာ သိပ်စိတ်လှုပ်ရှားသွားတယ်။ သူတို့က အိပ်မက်ထဲမှာ မကြာခဏပျံဖူးကြပေမယ့် အပြင်မှာ တစ်ခါမှ ခံ့သန်းကြဘူးလေ၊ ဒါကြောင့် အတောင်ပံတွေတပ်မပြီးမချင်း အတော် သည်းခံ စောင့်နေကြရတယ်။

"အတောင်ပံတွေကို ကောင်းကောင်းဖြန့်ပျံသန်းပြီး ဖြည်းဖြည်းချင်း ပျံကြည့်ကြ"လို့ အမေဒစ်ဘယ်က ပြောလိုက်၏။



သူတို့ဟာ အတောင်ပံတွေကို ဖြန့်ပြီး တဖျပ်ဖျပ်ရိုက်လိုက်ကြတယ်၊ ချက်ချင်းပဲ သူတို့ဟာ လေထဲကို မြင့်တက်သွားတယ်။ ကလေးတွေဟာ ရေမျက်နှာပြင်ပေါ်မှာ အရှိန်ကောင်းကောင်းနဲ့ ပျံသန်းလိုက်ကြတာ တဒင်္ဂအတွင်းပဲ သူတို့လွဲသွားတဲ့လေ့ကို မီသွားကြတယ်။

"ကျွန်တော်တို့က လှေအရင်တောင် ရောက်ဦးမယ်။ ကြည့်စမ်း စကွစ်ရေ၊ ဒါ 'ဘယ်နေရာမှမရှိ'ကျွန်း မဟုတ်လားဗျ"လို့ ဒန်နီယယ်က အော်ပြောလိုက်တယ်။

"ဟုတ်တယ်ကွ၊ မဆန်းလား"လို့ စကွစ်က ပြန်ဖြေတယ်။

ကျွန်းက တကယ်ထူးဆန်းတဲ့ ကျွန်းပါ။ သူတို့ စောင့်ကြည့်နေတုန်းမှာကို ပုံသဏ္ဌာန်တွေ ပြောင်းလဲနေလိုက်တာ။ ကျွန်းအလယ်မှာတော့ တောက်ပလင်းထိန်နေတဲ့ မြို့လေးတစ်မြို့ပါ၊ မျှော်စင်တွေက ရွှေရောင်တောက်နေကြတယ်။

"ဒါ 'မရှိတိုင်းပြည်ကွ' ပဲကွ၊ ဦးမျက်မှန်ပြောတဲ့အတိုင်းပဲ ကျွန်းအလယ်မှာရှိတယ်။ မင်းတို့ယုန်လေးနှင်းလုံးကို ဒီမှာရှာကြည့်ကြတာပေါ့၊ မြန်မြန်လုပ်ဟော့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးဟာ တောက်ပနေတဲ့ မြို့ကိုဆင်းသက်လာကြတယ်။ "ငါတို့အနေနဲ့ နန်းတော်ကိုသွားပြီး မြင်းဖောင်းတွေကို သွားမေးကြရင် ပိုကောင်းမယ်"လို့ စကွစ်ကဆိုတယ်။ ဒါကြောင့်သူဟာ အမြန်ပြေးနေတဲ့ခွေးစောင့်တစ်ကောင်ကို တားပြီး မင်းသမီးလေးဂျူလီယာနာနေတဲ့ နန်းတော်ကို သွားရာလမ်းကို မေးလိုက်တယ်။ ပြီးတော့ တောင်ပံတွေကို ကျောဘက်မှာ သေသပ်စွာ ဝှက်သိမ်းပြီး သူတို့ထွက်လာကြတယ်။

အရောင်တောက်နေတဲ့ နန်းတော်ကို သူတို့ရောက်တော့ နည်းနည်းလောက် လှည့်ပတ်ကြည့်လိုက်တာနဲ့ မြင်းဖောင်းကို တွေ့ရတယ်။ စကွစ်ဟာ နံရံကတံခါးတစ်ချပ်ကို တွန်းဖွင့်ပြီး အထဲဝင်လိုက်တယ်။ အဲဒီမှာ ယုန်တွေကို ထားရှိတယ်လေ၊ ယုန်အားလုံးဟာ အနက်ရောင်ဖြစ်ပြီး လှပကြတယ်။ သူတို့နှုတ်ခမ်းမွေးတွေကို နံနက်တိုင်း ဂရုတစိုက် ပြုပြင်ပြီး နားရွက်တွေကို တိုက်ချွတ်ပေးတာ ခံရတယ်။ ကလေးတွေဟာ သူတို့ရဲ့ ယုန်ဖြူလေးနှင်းလုံးကို ဘယ်နေရာမှာမှ မတွေ့ရပါဘူး။ သူတို့ဟာ မင်းစေတစ်ယောက်ကို နှင်းလုံးရှိရာကို စုံစမ်းလိုက်တယ်။

"အို၊ သူ့ကို မင်းသမီးလေး ဂျူလီယာနာက သိပ်သဘောကျတာမို့ မွေးထားတာဗျ၊ သူဟာ နန်းတော်ထဲက မင်းသမီးဒူးနားက ကတ္တီပါထိုင်ခုံပေါ်မှာ ထိုင်နေတယ်လေ"လို့ မင်းစေလေးကပြောပြတယ်။

"ဘုရားရေ၊ ငါတို့ သူ့ဆီသွားပြီး ယုန်လေးကို တောင်းခံသင့်သလား" လို့ စကွစ်ကပြောတယ်။

"အဲတော်တော့ အန္တရာယ်များမယ်၊ နားထောင်ကြ ကလေးတို့ ... တကယ်လို့ မင်းသမီးက အကြင်နာမဲ့ပြီး နှင်းလုံးကို သွားခွင့် မပြုရင် ငါ့ဆီက အချက်ပြတာကို စောင့်ပါ။ ပြီးရင် မင်းတို့ကို ငါမျက်တောင် ခတ်ပြလိုက်တာနဲ့ နှင်းလုံးကိုဆွဲယူပြီး ပြတင်းပေါက်ဆီ ပြေးကြပေတော့၊ ပြီးရင် ပျံနိုင်သလောက် ပျံပြေးကြပေတော့၊ ငါက မင်းသမီးလေး မင်းတို့နောက် ပျံနိုင်တဲ့ မှင်စာတွေ မပို့နိုင်အောင် တားဆီးရင်းနေခဲ့မယ်"

သိပ်စိတ်လှုပ်ရှားနေတဲ့ ကလေးတွေဟာ စကွစ်နဲ့အတူ နန်းတော်မုခ်ဝဆီ လာခဲ့ကြတယ်။ သူတို့ဟာ မုခ်ဝကို ဖြတ်သန်းပြီး နန်းတော်ကို သွားကြတယ်။ သူတို့က မင်းမှုထမ်းတစ်ယောက်ကို မင်းသမီးလေးထံ ပို့ပေးဖို့ပြောတော့ နောက်ဆုံးမှာ မင်းသမီးလေး ထိုင်နေရာကို ရောက်လာကြရတယ်။ ရောက်ရောက်ချင်းပဲ သူတို့အချစ်တော်ယုန်လေးနှင်းလုံးဟာ သူ့ခြေရင်းက



www.burmeseclassic.com

www.burmeseclassic.com





ထိုင်ခုံပေါ်မှာ ထိုင်နေတာတွေ့ရတာ သိပ်ပျော်သွားကြတယ်။ နှင်းလုံးကြည့်ရတာတော့ ငြီးငွေ့ပြီး စိတ်ဆင်းရဲနေပုံပဲ။

“နှင်းလုံးရယ်”လို့ ဆူဇီကအော်ပြီး ပျော်ရွှင်စွာနဲ့ ယုန်လေးဆီ ပြေးဝင်ကာ ပွေ့ဖက်ထားလိုက်တယ်။ “အို၊ အရှင်မင်းသမီးလေး၊ ဒါ ကျွန်မယုန်ကလေးပါ။ တမြန်နေ့ညက ရှင့်ယုန်တစ်ကောင် ခြေကျိုးတော့ သူ့ကို ခဏယူသွားခဲ့တယ်၊ အခု ကျွန်မ သူ့ကို အိမ်ပြန်ခေါ်ဖို့ လာခဲ့တာပါ”

မင်းသမီးလေး ဂျူလီယာနာဟာ သိပ်လှပေမယ့် စိတ်သဘောမကောင်းဘူး။ သူဟာ ရွှေရောင်ဆံပင်တွေကို လှုပ်ခါပြီး ဒေါသတကြီး ကြည့်လိုက်တယ်။

“သူက အခု ငါ့ယုန်ဖြစ်သွားပြီဟဲ့၊ နင်မပိုင်တော့ဘူး၊ သူ့အစားရွှေအိတ်တစ်အိတ် ငါပေးမယ်”လို့ ပြောတယ်။

“မဟုတ်တာ၊ ကျွန်မယုန်လေးပဲ လိုချင်ပါတယ်”လို့ ဆူဇီက ခိုင်ခိုင်မာမာ ပြန်ပြောလိုက်တော့ မင်းသမီးလေးဟာ ဒေါသတကြီးနဲ့ အော်ဟစ်ပြီး ခေါင်းလောင်းကြီးကို ပြေးတီးလိုက်တယ်။ “နင်တို့ကို နန်းတော်ထဲက မောင်းထုတ်ဖို့ ငါ့အစေအပါးတွေ ခေါ်လိုက်မယ်၊ နင်တို့နှင်းလုံးကို မရစေရဘူး”လို့ ဒေါသတကြီး အော်ဟစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





စကွစ်က၊ ဆူဇီနဲ့ ဒန်နီယယ်ကို မျက်တောင်ခတ်ပြလိုက်တယ်။ အချက်ပြတာမှန်း သိလိုက်တာကြောင့် ဒန်နီယယ်က ယုန်လေးကို ပြေးဆွဲလိုက်ပြီး ဆူဇီက တင်းပေါက်ကို ပြေးဖွင့်လိုက်တယ်။ စက္ကန့်ပိုင်းအတွင်းမှာ ကလေးတွေဟာ ောင်ပံတွေကို ဖြန့်ပြီး လေထဲခုန်ချလိုက်တယ်။ စကွစ်ကတော့ မင်းသမီးလေးအစေခံတွေကို ပို့တာ ဟန့်တားဖို့ နောက်မှာ ကျန်ရစ်ခဲ့တယ်။

ပင်လယ်ကြီးပေါ်ကို ဒန်နီယယ်နဲ့ဆူဇီတို့ ပျံသန်းရင်းနဲ့ မရှိတိုင်းပြည်ကို နောက်မှာ ချန်ထားခဲ့ကြတယ်။ စကွစ်တစ်ယောက် အဆင်မှပြေပါ့မလားလို့ ပူပန်နေမိကြတယ် ....၊ အဲဒီတုန်းမှာ အတောင်ပံခတ်သံတွေကြားရတော့ ပျော်သွားကြတယ်။ စကွစ်ဟာ သူတို့ဘေးကို ပျံသန်းလာတယ်။

"ငါတော့ မင်းသမီးလေးလွှတ်လိုက်တဲ့ မှင်စာတွေကို မတားဆီးနိုင်တော့ဘူးဟေ့"လို့ မောပန်းစွာ အော်ပြောတယ်။ "ငါတို့ ရွှေရောင်သဲပွင့်မှာ ရပ်လို့မရတော့ဘူး၊ အဲဒီမှာ ရထားမရှိတော့ဘူး၊ တန်းသာပျံကြပေတော့"

ဒန်နီယယ်နဲ့ ဆူဇီတို့ဟာ အနောက်ကိုကြည့်လိုက်တော့ လေထဲမှာပျံပြီး သူတို့နောက်လိုက်လာတဲ့ မှင်စာလေးတစ်အုပ်ကို တွေ့ရပါတယ်။ သူတို့ဟာ စင်ရော်အတောင်ပံတွေကို တဖျပ်ဖျပ်ရိုက်ခတ်ပြီး အမြန်နိုင်ဆုံး ပျံလိုက်တာမို့ မကြာခင်ပဲ မှင်စာတွေ နောက်မှာ ပြတ်ကျန်ခဲ့တယ်။ ပျံရင်းပျံရင်းနဲ့ ဒန်နီယယ်ဟာ လန့်နေတဲ့ ယုန်လေးကို ဂရုစိုက်ပွေ့ပိုက်ပြီး စကွစ်က မှင်စာတွေကို စောင့်ကြည့်ရင်း ဆက်ပျံလာခဲ့ကြတယ်။

"မြေပေါ်ဆင်းကြစို့"လို့ သူက ရုတ်တရက်ပြောလိုက်တယ်။ ဒါကြောင့် သူတို့ဟာ ဥယျာဉ်တစ်ခုထဲ ခြေချလိုက်ကြတယ်။ အလို၊ ဒါ သူတို့ ဥယျာဉ်ပါကလား၊ ဘေးနားမှာ အိမ်အစိမ်းလေးနဲ့၊ သူတို့ဟာ အိမ်ဆီ ပျံပြေးလာခဲ့ကြတယ်။ သူတို့ဆင်းလိုက်တာနဲ့ နေရဲ့အလင်းရောင် ပျောက်သွားတယ်။ သူတို့မြေပေါ်လဲ ရောက်ရော အရာရာဟာ မှုန်ဝါးဝါးဖြစ်ပြီး လရောင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိတော့တယ်။ ညအချိန်ရောက်ပြီလေ၊ လရောင်ပဲ ကျန်ရှိတော့တယ်။ ညအချိန်ရောက်ပြီလေ၊ သူတို့ဟာလည်း နတ်သမီးတိုင်းပြည်ကို ကျော်လာခဲ့ပြီပေါ့။

"နှင်းလုံးကို လှောင်အိမ်ထဲထည့်ပြီး အိပ်ရာထဲ ပြန်ဝင်ကြ"လို့ စကွစ်က ကလေးတွေကို ပြောလိုက်တယ်။ "မင်းတို့နည်းနည်းလောက် အိပ်လိုက်ကြဦး၊ မင်းတို့တောင်ပံတွေကိုတော့ ဥယျာဉ်ထဲမှာ ထားခဲ့ကြ၊ သူတို့ဘာသာ အဓေဒစ်ဘာယ်ဆီ ပျံသွားကြလိမ့်မယ်"

ဒန်နီယယ်က နှင်းလုံးကို လှောင်အိမ်ထဲ လုံလုံခြုံခြုံ ပြန်ထည့်လိုက်တယ်။ ပြီးတော့ စကွစ်ကို နှုတ်ဆက်စကားဆိုလိုက်တယ်။ သူတို့ဟာ အတောင်



ပံတွေကို ဂရုတစိုက် ဖြုတ်ပြီး မြက်ခင်းပေါ်တင်ထားလိုက်ကြတယ်။ သူတို့အထဲဝင်ရုံပဲ ရှိသေးတယ်၊ တောင်ပံခတ်သံတွေကို ကြားရတယ်။ အောင်မယ်တောင်ပံတွေက သူ့ဘာသာ လေထဲမှာ ပျံသွားကြပါလား၊ထူးဆန်းလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ဆက်ပါတယ်၊ နှုတ်ဆက်ပါတယ်"လို့ စက္ကူစက တိုးတိုးလေး ပြောပြီး သူတို့လက်တွေကို ဆုပ်ကိုင်လိုက်တယ်။ "မင်းတို့ကို ကူညီခဲ့ရတဲ့အတွက် ငါဝမ်းသာပါတယ်၊ ငါ့ဆီ တစ်ခါတစ်လေ လာခဲ့ကြပါကွာ"


"အို ... လာမှာပေါ့"လို့ ကလေးတွေက ပြောကြတယ်။ "နှုတ်ဆက်ပါတယ်၊ ကျေးဇူးလဲ သိပ်တင်ပါတယ်"

သူတို့ဟာ အိပ်ရာထဲ တိတ်တဆိတ် ဝင်လာကြတယ်၊ သူတို့ကိုယ်သူတို့ နဂိုအရွယ်အတိုင်း ဖြစ်နေတာကို အံ့သြဖွယ် တွေ့လိုက်ကြရတယ်။

"တကယ့်စွန့်စားခန်းပဲနော်၊ ဆူဇီ" လို့ ဒန်နီယယ်က ပြောပြီး သူ့ခေါင်းကို ခေါင်းအုံးအောက်ကို ထိုးသွင်းလိုက်တယ်။ "ငါစိတ်ထဲမှာ အကုန်ရောထွေးကုန်ပြီ၊ စိတ်တိုတဲ့ မင်းသမီးရယ်၊ ဘယ်နေရာမှာမှ မရှိကျွန်းရယ်၊ အမေဒစ်ဘယ်ရယ်၊ ရေသူမရယ်၊ တိမ်ရထားလမ်းရယ်၊ ဦးမျက်မှန်ရယ် ..."

"သူ့ဘာလို့ မျက်မှန်တွေ အများကြီးတပ်ရသလဲ သိချင်လိုက်တာနော်၊ ဒါ ကျွန်မ တကယ်သိချင်တဲ့ကိစ္စပဲ"လို့ ဆူဇီက ညည်းလိုက်ပါတယ်။

မင်းတို့ရော မသိချင်ကြဘူးလားကွယ့်။ ဒါပေမယ့် တို့သိခွင့်ရ[illegible] မယ် မထင်ပါဘူးကွယ်။





www.burmeseclassic.com

www.burmeseclassic.com

# အဒေါ်နှင့်နေခဲ့စဉ်က

"ဒီနွေရာသီကျရင် ဘယ်ကိုသွားဖို့ အစီအစဉ်ရှိသလဲ မေမေ၊ သမီးကတော့ မနှစ်ကသွားခဲ့တဲ့ ပင်လယ်ကမ်းခြေဘက်ကိုပဲ ပြန်သွားချင်တယ် မေမေ"လို့ ကက်တီကမေးရင်း သူ့သ ကိုပါ ဖွင့်ဟလိုက်တယ်။

"ဖေဖေနဲ့မေမေတို့ကတော့ ဒီနှ တခြားတစ်နေရာ ပြောင်းသွားမလားလို့ စိတ်ကူးထားတယ် ၊ ခုတ ဟာ မေမေက နည်းနည်းပန်းနေ ာ့ မင်းဖေဖေနဲ့ပဲ တူတူသွားချင်တယ်"လို့ မေမေကလဲ သူ့သဘောကို ပြောတယ်။

"သမီးအတွက်တော့ ဘာတွေဖြစ်လာဦးမလဲ မသိဘူး မေမေ"ဆိုပြီး ကလေးဟာ မှိုင်တွေချရင်းက ပြောလိုက်တယ်။

"သမီးလဲ သွားချင်တာပေါ့"ဒီတော့ ကက်တီရဲ့ဖေဖေက "ဒီလိုလေ ၊ သမီးလဲ သွားရမှာပေါ့၊ သမီးက သမီးဒေါ်လေးဆီမှာ ခဏသွားနေ ပြီး သမီးက ပြောဆိုနေထိုင်တာတွေ သိပ်မတတ်သေးတော့ သမီး က် ဖေဖေတို့က စိုးရိမ်တယ်၊ ဖေဖေ့အထင်တော့ အဲဒီလို အမေနဲ့ ခဏခွဲပြီး များနဲ့သွားနေကြည့်ရင် ကောင်းမယ်လို့ထင်တယ်။ နို့မို့ဆိုရင်တော့ အရွယ် ရောက်လာရင် တစ်ကိုယ်ကောင်းဆန်ပြီး ရိုင်းရင် မကောင်းဘူး သိလားကွယ်" ပြောတယ်။

ပြောလဲ ပြောစရာပါပဲ။ ကက်တီဟာ အတော်ဆိုးတဲ့ ကလေးပါ း်တည်းသော သမီးဆိုတော့ ဆိုးတာအမှန်ပဲ။ ကက်တီ့အမေက အဲ တည်းက သိတယ်။ ခုအရွယ်လေးရောက်လာတော့လဲ ကက်တီဟာ သလိုပဲ ဘဝင်မကျစရာ ကလေးမလေးတစ်ယောက် ဖြစ်လာခဲ့တယ်၊

ပံဝေ "အန်တီဆူးနဲ့ သမီးမတည့်ဘူး၊ သူကလဲ သမီးကိုကြည့်လို့ရမှာ အဟုတ်ဘူး" လို့ ကက်တီကပြောတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"အို . . . သမီးအန်တီက ဒီလိုမဟုတ်ပါဘူးကွယ်၊ သမီးအပေါ် တကယ့်ကိုကောင်းမှာပါကွယ်" လို့ ကက်တီ့အမေက ပြန်ပြောလိုက်တယ်။ တကယ်တော့ ကက်တီ့အမေဟာ သိပ်ရိုးလွန်းပါတယ်။ သူ့သမီး အချောအလှ တလေးကို ဘယ်သူကမှ မကြိုက်တဲ့ မချစ်တဲ့သူ ရှိမှာမဟုတ်ဘူးလို့ ထင် နေတာ။

ဒါနဲ့ ကက်တီကလေးကလဲ သူ့အန်တီဆူးနဲ့ နေဖို့ ထွက်သွား တော့တယ်။ ဒါပေမယ့် စိတ်ထဲမှာတော့ အဒေါ်လုပ်သူကို သိပ်နှစ်မြို့လှတာ မဟုတ်ဘူး။

"ငါက ဖေဖေတို့ မေမေတို့နဲ့ ခရီးသွားချင်တာ၊ အန်တီ့ဆီမှာ နေချင် လှတာမဟုတ်ဘူး"လို့ ကက်တီကပြောတော့ . . .



"အမလေး မိန္ဒေကဇ်တီရယ်၊ ကျုပ်ကလဲ ညည်းကျုပ်နဲ့ လာနေ မှာကို လန့်နေတာပါတော်၊ ခုတော့ ဘာတတ်နိုင်မှာလဲ၊ ကျုပ်အိမ်က အလုပ် တွေတော့ ဝိုင်းကူလုပ်မယ်မဟုတ်လား၊ မန္ဒေချော့စားချင်တဲ့ ဟင်းတွေကိုလဲ ကျုပ်က ဖွယ်ဖွယ်ရာရာလေးချက်ကျွေးမှာပါတော်"လို့ အဒေါ်လုပ်တဲ့သူက ဝမ်း သာအားရ ပြောပါတယ်။

ဒါပေမယ့် ကက်တီကတော့ ဘာမှ ဝိုင်းမလုပ်နိုင်ဘူးလို့ ဆုံးဖြတ် ထားတယ်။ ဘာမှလဲ မလုပ်ချင်ပါဘူး၊ သူက ပင်လယ်ဘက် သွားချင်နေ တာကို အန်တီဆူးနဲ့ လွှတ်လိုက်တယ်၊ တွေ့ကြသေးတာပေါ့။

သူ့ကို တစ်ခုခု ယူခိုင်းရင် လုပ်ခိုင်းရင် ဘယ်တော့မှ သွက်သွက် လက်လက်နဲ့ ပြေးမလုပ်ဘူး။ ကိတ်မုန့်တွေ ဘာတွေကိုလဲ မစားခင်


www.burmeseclassic.com



နမ်းကြည့်ပြီး နှာခေါင်းရှုံ့တတ်တယ်။ တစ်ခါတလေများ သူ့အဒေါ်ရှေ့မှာ တောင် ခြေဆောင့်လိုက်သေးတယ်။ ဘာပဲလိုချင်လိုချင် ရီးရီးမတောင်းဘူး လက်ဝါးနဲ့ရိုက်ပြီးမှ တောင်းတတ်တယ်။ ဒါကို သူ့အဒေါ်က သိတယ်၊ သူဒီလို လုပ်နေပုံကို သူ့အမေကသာသိရင် ဒါမျိုး ခွင့်ပြုမှာမဟုတ်ဘူး။

"အိမ်မှာဆို မင်းဒီလိုလုပ်မှာမဟုတ်ဘူးလို့ ငါထင်တယ် ... ကက်တီ" လို့ သူ့အဒေါ်ကပြောပြီး "မင်းအမေက မင်းကို အားလပ်ရက်မှာ သူတို့နဲ့အတူ မနေစေချင်တာ ငါတော့ မအံ့သြဘူးကက်တီ၊ မင်းလုပ်ပုံကိုလဲ ကြည့်ဦးလေ၊ မင်းလိုချင်တာ လုပ်ချင်တာမှန်သမျှ ရရမယ်ဖြစ်ရမယ်လို့ မင်းက ထင်နေတာကိုး" စက်ချုပ်နေရာကနေ သူ့ကို မော့ကြည့်ရင်း ပြောလိုက်တယ်။

"ဒါဆို ကောင်းပြီအန်တီ၊ သမီးဘာသာ ကြိုက်တဲ့အချိန်အိပ်မယ်၊ ထချင်တဲ့အချိန်မှထမယ်၊ ဝတ်ချင်တာဝတ်မယ်၊ ကြိုက်တာလုပ်မယ်" လို့



ကက်တီက ပြန်ပြောတယ်။ သူထင်တာက ဒီလိုပြောလိုက်ရင် သူ့အဒေါ်ဟာ တော်တော်စိတ်ဆိုးပြီး သူနဲ့ပြန်ငြင်းခုံဆူညံမယ်ထင်တားတာ။ ဒါပေမယ့် သူ့ အဒေါ်က ရယ်တောင် ရယ်လိုက်သေးတယ်။ စက်ချုပ်နေရာကနေ သူ့ကို မော့ ကြည့်ရင်း ...

"ကောင်းပါပြီ ကက်တီရယ်၊ မင်းကိုငါ မနှောင့်ယှက်ပါဘူးကွယ်၊ မင်း စိတ်ချမ်းသာသလို နေပါကွယ်၊ မင်းကြိုက်တာလုပ်ပါကွယ်"လို့ ပြောလိုက် တယ်။

"အို ... သိပ်ကြိုက်တာပေါ့"လို့ ကက်တီကပြန်ပြောတယ်။

ဒါနဲ့ ဒီညက ကက်တီတစ်ယောက် ည ၁၀ နာရီထိုးမှ အိပ်ရာဝင် တယ်။ ၁၀ နာရီဟာ တစ်ခြားကလေးတွေအိပ်လို့ သိုးနေတဲ့အချိန် ဒါပေမယ့် သူ့အဒေါ်က ဘာမှမပြောဘူး။ ၁၀–နာရီထိုးတော့ ဖတ်နေတဲ့စာအုပ်ကို ပိတ် လိုက်ပြီး ကက်တီကို နှုတ်ဆက်ပြီး အပေါ်ထပ်ကို တက်သွားတယ်။ ကက်တီ

www.burmeseclassic.com



က ခဏကြာရင် သူအိပ်မယ်လေ။ ဒါပေမယ့် တစ်အိမ်လုံး ဘယ်သူမှ မရှိတော့ဘူး။ တိတ်ဆိတ်နေတာနဲ့ သူလဲ အိပ်ရာထဲ ဝင်ခဲ့တော့တယ်။

နံနက်ကျတော့ သူ့အိပ်ရာက မထနိုင်တော့ဘူးလေ။ ညက အိပ်တာနောက်ကျတော့ အိပ်ရေးမဝတော့ဘူးပေါ့။ ဒါနဲ့ ၉–နာရီခွဲလောက်မှ နိုးတယ်။ ဒီတော့မှ အဝတ်အစားလဲပြီး နံနက်စာ စားဖို့ အောက်ထပ်ကိုဆင်းလာတယ်။

ဒါပေမယ့် စားပွဲပေါ်မှာ ဘာမှမရှိတော့ဘူး။

"အန်တီတော့စားပြီးသွားပြီ ကက်တီ၊ အန်တီတို့က နံနက်ဆို ၈–နာရီ ၁၅ မိနစ်မှာ အမြဲစားတယ်၊ ခုတော့ အကုန်သိမ်းဆည်းဆေးကြောပြီးသွားပြီ၊ အန်တီက အပြင်ထွက်ပြီး ဈေးဝယ်ရဦးမယ်လေ"

ဒါနဲ့ကက်တီဟာ နံနက်စာ မစားလိုက်ရဘူးကွယ်။ သူစိတ်တိုသွားမိတယ်။ အန်တီဆူးကတော့ ဈေးခြင်းဆွဲပြီး ဈေးဝယ်ဖို့သွားပြီ။ ကက်တီကလေးဟာ မီးဖိုချောင်က ကြောင်အိမ်ထဲကိုသွားကြည့်သေးတယ်။ ဒါပေမယ့် ကြောင်အိမ်က သော့ခတ်ထားတယ်။ အဲဒါမှဒုက္ခ .... ဘာမှ စားဖို့မရှိတော့ပါလား။





www.burmeseclassic.com

www.burmeseclassic.com



ညစာစားတဲ့အခါလဲ ကက်တီတစ်ယောက် တော်တော့်ကိုရုပ်ပျက်တယ်။ ထမင်းစားပွဲပေါ်မှာပဲ လက်တင်ပြီး အိပ်ပျော်နေတယ်။ ဟင်းရည်တွေနဲ့ သစ်သီးဖျော်ရည်တွေကလည်း ဖိတ်ပြီး သူ့အင်္ကျီရှေ့မှာ ပေရေစွန်းကွက်လို့။

"ကိစ္စမရှိပါဘူး၊ နေ့လယ်ကျရင် အကောင်းဆုံးအင်္ကျီနဲ့ လဲတော့မှာပဲ ဒီအင်္ကျီဟော့ အန်တီဆူးပဲ လျှော်လိုက်တော့လေ" လို့ ကက်တီကပြောတော့ "ငါ့မှာ အချိန်မရှိဘူး" လို့ အန်တီဆူးက ပြန်ပြောလိုက်တယ်။ ပြောတဲ့အတိုင်းပဲ အန်တီဆူးဟာ ကက်တီရဲ့ဟင်းပေနေတဲ့ အင်္ကျီကို လျှော်မပေးဘူး။ ကက်တီကတော့ သူ့ရဲ့အကောင်းဆုံး ဝတ်စုံဖြစ်တဲ့ အပြာရောင်ကတ္တီပါ အင်္ကျီလေးကို လဲဝတ်လိုက်တယ်။ အဲဒီလို အင်္ကျီအဝတ်အစားသစ် ဝတ်ထားရင် ဘာမှ မလုပ်သင့်ဘူးဆိုတာ သိပေမယ့် ကက်တီဟာ ပန်းချီဆွဲမယ်ဆိုပြီး သူ့ရဲ့ ရောင်စုံဆေးသေတ္တာကို ထုတ်ကာ စပြီးဆွဲတော့တယ်။

"ကက်တီ ... ဒီလိုပုံဆွဲရင် အပေါ်ဖုံးအင်္ကျီ ထပ်ဝတ်ရတယ်ဆိုတာ မသိဘူးလား" လို့ ပြောတော့ ကက်တီက "သိသားပဲ၊ ဒါပေမယ့် သမီးက ဒီလိုပဲ ဆွဲချင်တာ "

နေ့လယ်လက်ဖက်ရည်သောက်ချိန်ရောက်လို့ ကက်တီရဲ့အင်္ကျီကို ကြည့်လိုက်တဲ့အခါ ဆေးရောင်တွေပေပွပြီး အကွက်ထနေပြီလေ။ ဆေးပေးနေတဲ့ လက်ချောင်းတွေနဲ့ သုတ်ထားမှတော့ အင်္ကျီအသစ်လေးလဲ သွားပြီပေါ့။ ဘယ်လိုမှ ပြန်လုပ်လို့မရတော့ဘူး။ အဲဒီအချိန်မှာပဲ သူ့အဒေါ်က ကက်တီကို လက်ဖက်ရည်သောက်ဖို့ လှမ်းခေါ်လိုက်တယ်။

"မလာနိုင်သေးဘူး .... ဒီပုံလက်စသတ်ပြီးမှ လာမယ်" လို့ ခပ်ရိုင်းရိုင်းပဲ ပြန်ဖြေလိုက်တယ်။

နောက်ဆုံးမှာ လက်ဖက်ရည်သောက်ဖို့ဆိုပြီးသွားတော့ နံနက်တုန်းကလိုပဲ စားပွဲပေါ်မှာ ဘာမှမရှိတော့ဘူး။ အားလုံးသိမ်းဆည်းရှင်းလင်းထားပြီး ကုန်ပြီ။ ကက်တီခမျာ စိတ်ဆိုးပြီး ခြေဆောင့်တော့တာပါပဲ။ ပါးစပ်ကလဲ ညည်းညူလိုက်သေးတယ်။ ဒါပေမယ့် အန်တီဆူးကတော့ မသိသလိုပဲ နေလိုက်တယ်။

"ကက်တီ .... မင်းလုပ်ချင်တာတွေ လုပ်နေမယ်ဆိုရင် ငါ့ခဲ့ လုပ်တာအတွက်လဲ မင်းကို ဘာကြောင့်ဆိုတာ ရှင်းပြနေဖို့ မလိုဘူး၊ အော်မနေနဲ့တော့၊ ပြောမရရင်တော့ 'တင်ကာ'လို ဆွဲလွှတ်ပစ်လိုက်မယ်နော်" လို့ အန်တီဆူးက အပ်ချုပ်နေရင်းက ခပ်အေးအေးပဲ ပြန်ပြောတယ်။




www.burmeseclassic.com

www.burmeseclassic.com



'တင်ကာ'ဆိုတာ ကြောင်ကလေးပါ။ သူကလဲ ကက်တီဆိုရင် ကြည့်မရဘူး၊ သူ့အမြီးကို ဆွဲတာကိုး။

ဒီတော့ ကက်တီက နှောက်ထပ်နားမခံသာဖွယ် အသံတစ်မျိုးနဲ့ ညည်းညည်းညူညူ လုပ်ပြန်ပါရော။ ဗြုန်းဆို ကြောင်ကလေးတင်ကာက သူ့ရှေ့ကို ရောက်လာပြီး လက်သည်းတွေကို ထုတ်ကာ ကက်တီ့လက်ကို ကုတ်



လိုက်တော့ ခြစ်ရာနီနီကလေးတွေ ထင်းခနဲ ပေါ်လာတယ်။ ကက်တီကလဲ မလျှော့သေးဘူး၊ ဖွဲကောင်းကောင်းနဲ့ ဆက်အော်နေတာပဲ။ ဒီတော့ အန်တီဆူး ကပြောတယ်။

"ဘာဖြစ်လို့လဲ၊ တင်ကာလဲ သူကြိုက်တာ သူလုပ်တာပဲ၊ မင်း လက်ကို ရေဆေးလိုက်တာ အကောင်းဆုံးပဲ မဟုတ်ဘူးလား ကက်တီ၊ လူဆို တာက ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြတာပဲ၊ တစ်ယောက်ကိုတစ်ယောက် ဒုက္ခ ပေးစရာ မလိုပါဘူး။ မင်းလဲ မင်းလုပ်ချင်တာတွေကို ရွေးချယ်လုပ်တာပဲ မဟုတ်လား၊ အန်တီလဲ အန်တီလုပ်ချင်တာတွေ ရွေးလုပ်တာပဲ။ ကြောင်က လေး တင်ကာလဲ ဒီလိုပဲနေမှာပေါ့"

ညနေ ၆–နာရီခွဲတော့ အန်တီဆူးဟာ တိုင်ကပ်နာရီကို လှမ်းကြည့် ပြီးတော့ "ကက်တီ၊ မီးဖိုထဲသွားပြီး မီးမွှေးပြီး ဒယ်အိုး တင်ပေးပါလား" လို့ ပြောလိုက်တယ်။

"ဟင့်အင်း"

ကက်တီဟာ အဲဒါကို လုပ်နိုင်ပေမယ့် မီးဖိုထဲ တစ်ယောက်တည်း မသွားရဲတာနဲ့ ငြင်းလိုက်တယ်။ အန်တီဆူးက ဘာမှမပြောပါဘူး၊ သူလဲ မ သွားပြီး မီးမမွှေးပါဘူး။

နောက်တော့ ကက်တီကလေးက "ဗိုက်ဆာတယ်၊ လက်ဖက်ရည် လဲ မသောက်ရဘူး၊ တစ်ခုခု စားချင်တယ်"လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါဆို အန်တီပြောတဲ့အတိုင်းလုပ်လေ၊ မီးဖိုထဲသွား — မီးမွှေးပြီး ဒယ်အိုးကိုတင်ခဲ့ချေ၊ မင်းအတွက် အန်တီကြက်ဥတစ်လုံး ကြော်ပေးမယ်၊ ဒါဆို မင်းလဲ ဒုက္ခမရောက်ဘူး၊ ငါလဲ ဒုက္ခခံစရာ မလိုတော့ဘူးပေါ့" လို့ အန်တီဆူးက ပြောလိုက်တယ်။

"ကောင်းပြီ၊ သမီးလုပ်မယ်"ဆိုပြီး ကက်တီဟာ မီးမွှေးဖို့မီးဖိုထဲကို ပြေးဝင်သွားတယ်၊ ဆာလိုက်တာလဲ ပြောမနေနဲ့တော့၊ ကြက်ဥအလုံး တစ်ဒါဇင်လောက်ကို စားပစ်လိုက်ချင်တယ်။



ဒါနဲ့ ကြက်ဥကို သူ့ဘာသာ ကြော်တယ်။ ပေါင်မုန့်ကို လှီးပြီး ထောပတ်သုတ်တယ်၊ ညလယ်စာကို သူ့ဘာသာပြင်ဆင်ပြီး စားလိုက်ရတယ်။ စားပြီးတော့ ဗိုက်အင့်သွားတာနဲ့ အိပ်ရာထဲ တန်းဝင်သွားတယ်။ ဒါပေမယ့် အိပ်ရာက မခင်းရသေးဘူး။ အခန်းထဲမှာလည်း ဖုန်တွေနဲ့အပြည့်။

ဒါနဲ့ ကက်တီဟာ အောက်ထပ်ကို ပြေးဆင်းလာပြီး ...

"အန်တီဆူး၊ အိပ်ရာကလဲ မခင်းရသေးဘူး၊ အခန်းကလဲ ရှုပ်ပွနေတာပဲ" လို့ ပြောလိုက်တယ်။

"ဲ့ကဲ . . . ဒါဆိုလဲ ခင်းလိုက်လေ၊ မင်းပဲ ပြောတယ်မဟုတ်လား မင်းအိပ်ချင်တယ်ဆိုရင် အိပ်ရာလဲ ကိုယ့်ဘာသာခင်းပေါ့၊ ငါလဲ ငါလုပ်ချင်တာကို လုပ်နေတာပဲ၊ မင်းအိပ်ရာကို ခင်းပေးတဲ့အလုပ်တော့ ငါမလုပ်ချင်ဘူး၊ ဒါကြောင့် မလုပ်ပဲထားတာ"လို့ အန်တီဆူးက ပြန်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကက်တီဟာ ခိုဘ်ဆိုးမာန်ဆိုး အော်ထည့်လိုက်တယ်။ ဒါပေမယ့် အန်တီဆူးကတော့ ဂရုတောင်မစိုက်ပါဘူး။ ကြောင်ကလေးတင်ကာက ကက်တီအော်သံကြားတော့ ကုန်းထလာတယ်။ ဒါနဲ့ ကက်တီလဲ လစ်ရတော့တာပဲ။ နောက်တစ်ခါ ကြောင်ကုတ်တာကို သူမခံနိုင်ပါဘူး၊ တော်တော် စိတ်ပုတ်တဲ့ကြောင်။

နောက်တစ်နေ့ နံနက်ကျတော့ နံနက်စာစားဖို့ အောက်ထပ်ကို ဆင်းလိုက်တယ်။ သူ့မှာ လဲစရာ အင်္ကျီအသစ်တစ်စုံပဲ ရှိတော့တယ်။ ယူလာတာကိုက အားလုံးပေါင်း သုံးစုံတည်းကိုး။

“ဒီနောက်ဆုံးတစ်ထည်ကို ဝတ်ပစ်မယ့်အစား အပေါ်ဖုံးအင်္ကျီကို ဝတ်တာ ပိုမကောင်းဘူလား”လို့ အန်တီဆူးကမေးရင်း “အရေးမကြီးပါဘူး အန်တီ့အနေနဲ့က ရပါတယ်၊ မင်းက တစ်ခါတလေ သန့်သန့်ကလေးများ ဝတ်ချင်သလားလို့ပါ”လို့ ပြောလိုက်တော့ . . .

“ဒီအပေါ်ဖုံးအင်္ကျီကြီးကို သမီးမကြိုက်ဘူး၊ ဝတ်လဲ မဝတ်ချင်ဘူး” လို့ ကက်တီကပြန်ပြောလိုက်တယ်။

ဒီလိုနဲ့ နံနက်စာစားချိန်ရောက်တော့ ကိုကာရည်တွေ သူ့အင်္ကျီအသစ်လေးပေါ် ဖိတ်ကျပြီး စိုရွဲကုန်ပါတယ်။ အန်တီဆူးကတော့ ဘာတစ်ခွန်းမှ မပြောဘူး။ ကက်တီက သူ့အင်္ကျီဝတ်ခဲ့ရင် ငါဒီလို ဖြစ်မှာမဟုတ်ဘူးလို့ တွေးမိတယ်။ ဒါပေမယ့် ပါးစပ်ကတော့ ထုတ်မပြောဘူး။ ခုမှ ဒုက္ခလှလှတွေ့ပြီပေါ့။



www.burmeseclassic.com



နေ့လယ်ခင်းမှာတော့ ဘေးအိမ်က ကလေးမလေးရောက်လာပြီး သူ ပါတီပွဲတက်ဖို့ အန်တီဆူးကို လာဖိတ်ပါတယ်။ တစ်ခါတည်းပဲ အန်တီဆူး တူမကိုပါ ခေါ်လာပါလို့ ဖိတ်သွားတယ်။

"အို၊ သိပ်ကောင်းတာပေါ့၊ သမီးက ပါတီပွဲတွေ တက်ရတာ သိပ်သဘောကျတာပဲ"လို့ ကက်တီကပြောတယ်။ လာဖိတ်တဲ့ ကလေးမလေး ပြန်သွားတော့ ကက်တီဟာ အန်တီဆူးနားကပ်ပြီး လေပျော့လေးနဲ့ ပြောရှာတယ်၊

"အန်တီ သမီးဝတ်စုံတွေ အကုန်ပေနေတယ်၊ ဒီအတိုင်းသွားလို့ ဘယ်ကောင်းမလဲ၊ တစ်စုံလောက် လျှော်ပေးပါလားဟင်"

"ငါစက်ချုပ်ရဦးမယ်၊ အချိန်မရှိဘူး"လို့ အန်တီဆူးကပြောတော့ ...

"ဒါဆို ဒီဝတ်စုံအဟောင်းကြီးနဲ့တော့ ပါတီပွဲ မသွားချင်ပါဘူး"ဆိုပြီး ကက်တီဟာ မျက်ရည်တွေ ဝိုင်းလာတယ်။

"အို ... မဟုတ်သေးပါဘူး၊ အပေါ်ဖုံးအကျီ ဝတ်သွားပါလား၊ တစ်ခါမှဝတ်ရသေးတာမှ မဟုတ်ဘဲ၊ အသစ်ကြီးပဲ ရှိသေးတာ၊ အဲဒါ ဝတ်သွားပေါ့"လို့ အန်တီဆူးက အကြံပေးတော့ . . .

"ပါတီပွဲကို အပေါ်ဖုံးအကျီကြီးနဲ့တော့ မသွားချင်ပါဘူး။ လူတကာ ကကြည့်ပြီး ဝိုင်းရယ်ကြမှာပေါ့၊ မဝတ်ချင်ဘူး၊ မဝတ်ချင်ဘူး"လို့ ကက်တီက အော်လိုက်တယ်။

"အဲဒီလို ရယ်တာမခံချင်ရင် မင်းအဝတ်အစားကို နဂိုကထဲက နမော်နမဲ့ မဝတ်နဲ့ပေါ့၊ ဒါက မင်းကြိုက်လို့ မင်းဘာသာ လုပ်တဲ့ကိစ္စပဲ၊ ဒီတော့ အပေါ်အကျီပဲ ဝတ်သွားပေါ့၊ ဒါမှ မဝတ်ချင်ဘူးဆိုရင်တော့ အိမ်မှာပဲ နေခဲ့" လို့ အန်တီဆူးကပြောတယ်။

နောက်ဆုံးတော့ ကက်တီဟာ ပါတီပွဲတက်လို့မရဘဲ အိမ်မှာပဲ နေခဲ့ရတယ်။ ဘေးအိမ်က လွင့်ပျံလာတဲ့ ပါတီပွဲက ရယ်မောသံတွေကို စိတ်ကောက်ကောက်နဲ့ ထိုင်နားထောင်နေရတယ်။

နောက်ပြီး အန်တီဆူးရဲ့ စက်ချုပ်ဖော် စက်ချုပ်ဖက်တွေနဲ့လဲ သူ မတွေ့ချင်ဘူး။ ကြည့်လေ ... သူ့ဝတ်စုံက ဒီလောက်ညစ်ပတ်နေတာ။ ဒါနဲ့ လက်ဖက်ရည်တောင် မသောက်တော့ဘဲ ထွက်လာခဲ့တယ်။ သူဟာ ပျင်းခြင်းရှိတာနဲ့ အိပ်ရာတွေဘာတွေ ခင်းပြီး အခန်းကို သန့်ရှင်းရေးလုပ်နေလိုက်တယ်။ အခန်းလေးကသန့်သွားတော့ ကြည့်လို့ကောင်းလိုက်တာလို့ သူ့ဘာသာ ကျေနပ်နေမိတယ်။ အဲဒီတုန်းမှာပဲ ပန်းခြံထဲဆင်းပြီး ပန်းနည်းနည်းခူးပြီးတော့



www.burmeseclassic.com

www.burmeseclassic.com





သူ့အခန်းထဲမှာ ထားလိုက်ရရင် သိပ်ကောင်းမှာပဲလို့ စိတ်ကူးပေါ်လာတယ်။ အန်တီဆူးသာသိရင် သိပ်အတင့်ရဲတာပဲလို့ ပြောဦးမယ်၊ ဒါပေမယ့် သူများကို ဒုက္ခပေးတာမျိုးမှ မဟုတ်ဘဲ။

ဒါနဲ့ကက်တီဟာ ပန်းခြံထဲဆင်းပြီး ပန်းနည်းနည်းခူးလာတယ်။ သူ့အဒေါ်အခန်းအတွက်လဲ နည်းနည်း ပိုခူးလာတယ်။ အလို ... သူတာတွေ လျှောက်လုပ်နေမိပါလိမ့်။ သူ့အဒေါ်ဆီက ချီးကျူးစကားတစ်ခွန်းတလေများ ရမလားလို့၊ ဒီမှာ သူနေရတဲ့ အဖြစ်ကလဲ ကြည့်ပါဦး၊ သူ့ကို ဘယ်လိုမှ စိတ်ဝင်တစား မရှိတဲ့လူတစ်ယောက်နဲ့ အတူတူနေရတဲ့ဘဝ။

အန်တီဆူးပြန်လာတော့ သူ့အခန်းထဲက ပန်းတွေကို ကြည့်ပြီး သိပ်သဘောကျနေတယ်။ "တယ်ဟုတ်ပါလားဟေ့ ... မင်းလုပ်ထားတာတွေက အန်တီ့အကြိုက်ပဲဟေ့။ သန်ဘက်ခါကျရင် တို့တူဝရီးတွေ ကြည့်ဖို့ ဆပ်ကပ်လက်မှတ် ၂-စောင်တော့ ဝယ်ရဦးမယ်"လို့ ပြောပါတယ်။

ဒါပေမယ့် နောက်တစ်နေ့ကျတော့ ကက်တီတစ်ယောက် ဗွေဖောက်ပြန်ပြီ။ ကက်တီဟာ လမ်းလျှောက်ချင်စိတ် ပေါ်လာတာနဲ့ အိမ်ကထွက်သွားတယ်။ ဒါပေမယ့် သူ့မှာ ဦးထုပ်လဲမပါ၊ ကုတ်အင်္ကျီလဲ မပါနဲ့။ အန်တီဆူးက နောက်ကနေ အော်ပြောတယ်။

"မိုးရွာတော့မယ်၊ မိုးကာအင်္ကျီလဲ မဝတ်ဘူး၊ ရာဘာဖိနပ် စီးသွားမှပေါ့၊ ပြန်လာခဲ့လေ"

"အို . . . မလိုပါဘူး၊ အန်တီကလဲ ပုံကြီးချဲ့လိုက်တာ၊ ရပါတယ်"လို့ ပြောပြီး ထွက်သွားတယ်။ အဒေါ်က ခေါ်နေတာကို ပြန်မလာဘူး။ ပြောလို့ မဆုံးသေးပါဘူး၊ ကက်တီတာလေးဟာ လမ်းမှာတင် မိုးသက်မုန်တိုင်းနဲ့ တည့်တည့်တိုးတော့တာပါပဲ။ တစ်ကိုယ်လုံးလဲ ရွှဲလို့ပေါ့။ သစ်ပင်အောက်မှာ မိုးခိုဖို့ ကြိုးစားကြည့်ပေမယ့် မရပါဘူး။ နည်းနည်းကြာလာတော့ ကက်တီ တစ်



www.burmeseclassic.com

www.burmeseclassic.com






ယောက် အအေးမိပြီး ခိုက်ခိုက်တုန်ချမ်းလာတယ်။ နောက်ဆုံးတော့ မတတ်သာ သာနဲ့ မိုးရေထဲမှာပဲ အိမ်ကို ပြန်ပြေးခဲ့ရတယ်။

"အိပ်ရာထဲသာ တန်းဝင်ပြီး နွေးနွေးထွေးထွေးနေ မိကက်တီရေ နို့မို့ရင်တော့ အအေးမိမှာပဲ" လို့ အန်တီဆူးက ဆီးပြောတယ်။

ဒါပေမယ့် ကက်တီက နားမထောင်ပါဘူး။ အိပ်ရာထဲလဲ မဝင်ချင် သေးဘူး။ ဘာပြောကောင်းမလဲ၊ နောက်တစ်နေ့ နံနက်လဲရောက်ရော အပြင်း ဖျားတော့တာပါပဲ။ အိပ်ရာထဲကကို မထနိုင်တော့ဘူး။ အန်တီစူးကတော့ သူ့ကို အိပ်ရာမထသေးဘူးလို့ ထင်မှာပဲ။ ခုဆို နံနက်စာစားပြီးလို့ သိမ်းဆည်းပြီး ဈေးထွက်သွားရောပေါ့။ သူ့ကို တစ်ယောက်တည်း ထားခဲ့ပြီလို့ တွေးရင်း





www.burmeseclassic.com

www.burmeseclassic.com



ကက်တီဟာ အရမ်းကို ဝမ်းနည်းသွားတယ်။ ခုလို အချိန်မျိုးမှာ သူ့ကို ပြုစု ဂရုစိုက်တဲ့သူ တစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲ။ ခုဆို သူ့မှာ ဆင် ကပ်ပွဲတောင် မသွားနိုင်တော့ဘူး။ ကက်တီလေးဟာ တွေးရင်း စိတ်မကောင်း ဖြစ်လာတာနဲ့ ခေါင်းအုံးမှာ မျက်နှာအပ်ပြီး ငိုရှာပါလေရော။

အဲဒီတုန်းမှာ အန်တီဆူးဟာ သူ့အတွက် ကော်ဖီနဲ့မုန့်ကို လင်ဗန်း ကလေးနဲ့ထည့်ပြီး ယူလာပါတယ်။ နောက်ပြီး သူ့ကို ညဝတ်အင်္ကျီ လဲပေး တယ်။ ခေါင်းအုံးစွပ်လဲပေးတယ်။ လက်ကိုင်ပဝါအသစ်နှစ်ထည် ထုတ်ပေး တယ်။ ခေါင်းဖြီးပေးတယ်။ ပြီးတော့မှ သူ့ရှေ့မှာ ကော်ဖီပန်းကန်လေးကို အဆင် သင့်လာတင်ပေးတယ်။ "သမီးတို့တော့ ဆပ်ကပ်မသွားနိုင်တော့ဘူးပေါ့နော်"



လို့ ကက်တီက လေသံပျော့ကလေးနဲ့ ပြောလိုက်တယ်။ "သမီးနေမကောင်း တော့ လက်မှတ်တွေလဲ အလကားဖြစ်ကုန်တာပေါ့၊ နမြောစရာ"

"အို . . .၊ ကလေးရယ်၊ မနေ့က မင်းအပြင်ထွက်သွားကကည်းက ထီးမပါဘာမပါနဲ့ဆိုတော့ မိုးမိပြီး ဖျားနေမှာပဲဆိုတာ သိလို့ အဲ့ဒီလက်မှတ် နှစ်စောင်ကို မဝယ်လိုက်ပါဘူးကွယ်။ ကဲ . . . အခု သမီးသိပြီလား၊ စိတ်နောက် ကိုယ်ပါလုပ်ရင် ဘယ်လိုဖြစ်တတ်တယ်ဆိုတာ သင်ခန်းစာပေါ့ကွယ်၊ မှတ် ထားနော်။ အန်တီကတော့ သမီးကို သနားကာတစ်ခုပါပဲကွယ်၊ ဘယ်ဖိတ် ဆိုးရက်ပါ့မလဲ"လို့ အန်တီဆူးကပြောတယ်။

ဆုပြုပုံ ဒွိမုံလွှန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



"အို … ကျွန်မလိုချင်တဲ့ မေတ္တာအကြင်နာကို ဒီနေ့မှပဲ ရတော့တယ်။ တကယ်တော့ သမီးမိုက်စားပါ"လို့ ကက်တီကပြောရင်း သူ့အဒေါ်လက်ကို ဆုပ်ကိုင်လိုက်တယ်။ "ဒါတွေအားလုံးဟာ ညည်းအပြစ်ချည်းပဲ မဟုတ်ပါဘူး ကွယ်၊ နဂိုကတည်းက ပျက်စီးနေတာကိုး"

ခုဆို ကက်တီဟာ သူ့အဒေါ်ပြောသမျှကို အကုန်နားထောင်တယ်။ အဒေါ်ကျွေးတဲ့ အစားအစာပဲစားတယ်။ အဒေါ်တိုက်တဲ့ ဆေးကိုသောက်တယ်။ နေ့ခင်းဘက်ဆိုလဲ မှန်မှန်အိပ်တယ်။ တဖြည်းဖြည်း ကက်တီဟာ စိတ်ရှည်လာတယ်၊ ယဉ်ကျေးလာတယ်၊ ကျေးဇူးသိတတ်လာတယ်။ လက်ဖက်ရည်သောက်ချိန်ပြီးတာနဲ့ အန်တီက သူ့ကိုဖတ်ပြဖို့စာအုပ်ဖွင့်တော့တာပဲ။ ပြီးမှ-

"အံ့သြသွားသလား ကက်တီ၊ မင်းကိုဆိုးတယ်လို့ အဒေါ်မထင်တော့ဘူး။ သူများတွေက မင်းကို ဂရုမစိုက်ရင် နေပစေ၊ အဒေါ်ရှိတယ် ကြားလား"လို့ပြောတယ်။ "ဟုတ်ကဲ့ အန်တီ၊ အန်တီက သမီးကို နားလည်တယ်ဆိုရင် သမီးအတွက် ဝမ်းသာဂုဏ်ယူစရာပဲပေါ့၊ သမီးလေ အန်တီနဲ့အတူ ကောင်းအောင် ကြိုးစားမယ်၊ နောက်ဆို သမီးလုပ်ချင်တာတွေ မလုပ်တော့ဘူး၊ အန်တီ ကြိုက်တာပဲ လုပ်တော့မယ်"လို့ ကက်တီကပြောလိုက်တယ်။

"အေး … တို့တူဝရီးနှစ်ယောက် တူတူလုပ်ကြတာပေါ့"လို့ အန်တီဆူးကပြောရင်း ကက်တီကို စာအုပ်ထဲကအကြောင်းတွေကို ဖတ်ပြတယ်။

ဘက်တီဟာ သူ့မိဘအိမ်ပြန်သွားတဲ့အခါ ပိုလိမ္မာယဉ်ကျေးလာတာ အမှန်ပါပဲ။ ဒါဟာ သူ့အန်တီနဲ့ ခဏလာ နေလိုက်တဲ့အတွက်ပေါ့။





www.burmeseclassic.com

www.burmeseclassic.com

# ဘေးအိမ်က ခွေးကလေး

"ဝီလီရေ ... ဘေးအိမ်က ကလေးမလေးကတော့ခွေးလေးတစ်ကောင် ဝယ်လာတယ်တဲ့"လို့ အမေက လှမ်းပြောလိုက်တယ်။

"ခွေးက ဘာအမျိုးအစားလဲအမေ"လို့ ဝီလီကမေးတော့ . . .

"အို ... ရိုးရိုးခွေးကလေးပါဟယ်၊ အမြီးကတော့ တော်တော်ရှည်တယ်ဟေ့၊ ဒါပေမယ့် နှာခေါင်းက ခပ်တိုတိုရယ်၊ ကြည့်ရတာတော့ မဆိုးလှပါဘူး၊ မင်းအပြင်ထွက်ရင် ခွေးကလေးကိုခေါ်ပြီးသွားပေါ့ဝီလီ၊ မင်းသိတဲ့အတိုင်း ကလေးမလေးက ခြေထောက်သိပ်မကောင်းတော့ ဝေးဝေးလျှောက်နိုင်တာ မဟုတ်ဘူးကွယ့်"လို့ အမေကပြောတယ်။

ဒါပေမယ့် ဝီလီကိုယ်တိုင်က သိပ်လမ်းလျှောက်ချင်တာမဟုတ်ဘူး။ ထိုင်ပြီး ငြိမ်ငြိမ်ကလေး စာဖတ်ချင်တာ၊ ဒါမှမဟုတ် ပုံပေါ်အောင် ကားချပ်လေးတွေ ပြန်ဆက်တာပဲ ကစားချင်တယ်။ ကျောင်းပိတ်လို့ကတော့ တစ်နေ့လုံး မထတမ်းကို ထိုင်ကစားနေချင်တာ။

ဒါနဲ့ ဝီလီကလေးလဲ ဘေးအိမ်က ကလေးမလေးရဲ့ ခွေးကလေးကို သွားကြည့်တယ်။ ခွေးကလေးကလဲ သူ့ကို ပြန်ကြည့်ပြီး အမြီးယမ်းပြတယ်။ ခွေးကလေးရဲ့ မျက်လုံးက အညိုရောင်ဖြစ်ပြီး တည်တည်ငြိမ်ငြိမ်ရှိတယ်။ နောက်ပြီး ချစ်စရာကောင်းတဲ့ သူ့မျက်နှာလေးမှာ နှုတ်ခမ်းမွေးတွေကလဲ တစ်ဖက်တစ်ချက်စီထွက်လို့။


"ငါကတော့ မင်းကို အများကြီးမထင်တတ်ဘူး၊ ကြည့်ရတာကတော့ ခွေးတစ်ကောင်လိုပဲ၊ ဟောင့်ရော ဟောင်တတ်ရဲ့လားကွ၊ ဟောင်ပြစမ်းဦး၊ အမယ် . . . တယ်စူးတဲ့ဟောင်သံပါလား၊ ငါကတော့ ဒီလိုဟောင်တတ်တဲ့ ခွေးမျိုးကို မကြိုက်ဘူးဟေ့"



www.burmeseclassic.com

www.burmeseclassic.com





ဒီတော့ခွေးကလေးက သူ့အမြီးကို နောက်တစ်ခါ ထပ်ယမ်းလိုက်ပြန်တယ်။ တကယ်တော့ ဝီလီပြောတာတွေကို သူတစ်လုံးမှ နားလည်တာမဟုတ်ဘူး၊ ဒါပေမယ့် ဒီလို စကားပြောနေတာတော့ ကောင်းတယ်။ တကယ်တော့ နားလည်တာမဟုတ်ဘူး၊ လမ်းလျှောက်လိုက်ဖို့ခေါ်ရင် သူဘာလုပ်ရမလဲလို့ စဉ်းစားနေတာ။ သူ့သခင်မလေးကတော့ ကြိုက်မှာမဟုတ်ဘူး။ ဒါပေမယ့် ခွေးကလေးက သိပ်လမ်းထွက်ချင်နေတာ။

ဝီလီ့မှာ ကြောင်လေးတစ်ကောင်ရှိတယ်။ ဒါပေမယ့် ဝီလီက ကြောင်ကိုသိပ်မချစ်တတ်ဘူး။ တစ်ခါတလေ ကြောင်လေးကို အမြီးကကိုင်ပြီး ဆွဲသွားတတ်တယ်။ ဒီတော့ ကြောင်ကလေးကလဲ ဝီလီ့ဆိုရင် ဝေးဝေးကမြင်တာနဲ့ ပြေးတော့တာပဲ။ နောက်ပြီး ဝီလီ့မှာ အဝါရောင်တေးဆိုငှက်လေးတစ်ကောင်ရှိသေးတယ်။ ဒါပေမယ့် အစာကျွေးရေတိုက်ဖို့တောင် သတိမရဘူး။ ဝီလီ့အမေက ကျွေးနေလို့သာပေါ့၊ နို့မို့ ဒီငှက်ကလေး သေတာကြာလှပြီ။ သူကတော့ ဘေးအိမ်က အဲဒီခွေးကလေး 'ပေတူး'အပေါ်လဲ သနားကြင်နာမှု မရှိပါဘူး၊ ခဲနဲ့ပေါက်လိုပေါက်ပေါ့။ ပထမတော့ ပေတူးက ဘာမှန်းမသိဘူး၊ ပစ်လိုက်တဲ့ ခဲလုံးနောက်တောင် လိုက်ကြည့်လိုက်သေး၊ နောက်မှ ခဲလုံးတချို့ သူ့ကို မှန်မှ ဟောင်ရကောင်းမှန်းသိတော့တာယ်။

www.burmeseclassic.com



ခွေးကလေးပေတူးဟာ ဝီလီရဲ့အနားမှာရပ်ပြီး သူ့မျက်လုံးညိုကြီးနဲ့ ငူးစူးစိုက်စိုက် ကြည့်နေတယ်။ တော်တော် ထူးဆန်းတဲ့ကောင်လေးပဲ။ ဘာလို့ ဒီကလေး ဒီလောက်တောင် အကြင်နာမဲ့ရတာလဲ။

ပေတူးဟာ ဝီလီကိုမြင်တာနဲ့ အမြီးကို ဝှေ့ယမ်းပြီး ကြိုတတ်တယ်။ နောက်ပြီး သူ့လက်ကို လျှာနဲ့လျက်ဖို့လဲ ကြိုးစားတယ်။ တကယ်တော့ ပေတူးဟာ ကိုယ်ရည်ကိုယ်သွေးကောင်းတဲ့အပြင် ကြင်နာစိတ်ရှိတဲ့ ခွေးတစ်ကောင်ပါ။

"ဟော့ကောင်၊ မင်းဟာငတုံးပဲ၊ ဘာမှ မထူးခြားတဲ့ခွေး၊ ဟောင်ရမယ့်အစား အော်ပဲနေတတ်တယ်၊ အမြီးရှည်သလောက် နှာခေါင်းတိုတဲ့ခွေး"လို့ ဝီလီက ပြောတတ်တယ်။

ဒါပေမယ့် ပေတူးရဲ့သခင်မလေးကတော့ သူ့ခွေးကိုသိပ်ချစ်တယ်။ တစ်နေ့တော့ ခွေးလေးကို ဆော့ဖို့ဆိုပြီး ဘောလုံးတစ်လုံးပေးတယ်။ ပေတူးဟာ အဲဒီဘောလုံးလေးကို ပန်းခြံထဲမှာ လျှောက်လိုက်တယ်။ နောက်ပြီး လေထဲ ပစ်မြှောက်ပြီး ပြန်ဖမ်းတာကို ကျင့်တယ်။ ဝီလီလာတာတွေ့ရင်တော့ ကမန်းကတန်း ပြေးသွားပြီး ဘောလုံးကလေးကို သူ့ခြေထောက်ကြားထဲမှာ ဝှက်ထားတတ်တယ်။

"ငါနဲ့အတူကစားပါလား"လို့ ပေတူးကိုပြောလိုက်တယ်။ "ဒီဘောလုံးကိုပစ်လိုက် ငါကောင်းကောင်းဖမ်းပြမယ်"



ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com



ဒါပေမယ့် ဝီလီဟာ ဘောလုံးကို သစ်ပင်ပေါ်တင်အောင် ပစ်တင်လိုက်တယ်။ အဲဒီအခါ ခွေးလေးပေတူးဟာ သစ်ပင်ပေါ်ကို မရရအောင် ကြိုးစားပမ်းစား တက်ရတာပေါ့။ ဒါပေမယ့် မရပါဘူးကွယ်။ ဒီတော့ သစ်ပင်ခြေရင်းမှာထိုင်ပြီး သံရှည်ဆွဲလို့ ညည်းညူနေပါတယ်။ ဒါကိုကြည့်နေတဲ့ ကြောင်လေးက "တော်တော်ဆိုးတဲ့ကောင်လေးပဲ" လို့ ပြောပြီး "အဲဒီကောင်လေးသွားမှ ငါသစ်ပင်ပေါ်တက်ပြီး ခွေးကလေးပေတူးအတွက် ဘောလုံးကို ယူပေးဦးမယ်"



ဒါပေမယ့် ကြောင်လေးလဲ ဘောလုံးကို ယူလို့မရဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘောလုံးက သစ်ကိုင်းခွကြား ညပ်နေတာကိုး။ ဒီတော့ ခွေးကလေးပေတူးအတွက် ကစားစရာမရှိတော့ သူခမျာ စိတ်မကောင်း ဖြစ်နေတော့တယ်။

ခုတော့ သူ့အမေက တစ်ခုခုခိုင်းလို့ ဝီလီတစ်ယောက် အပြင်ထွက်တိုင်း ခွေးလေးပေတူးဟာ လမ်းလျှောက်ထွက်ရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ နောက်ကနေ တကောက်ကောက်လိုက်နေတော့တယ်။ ဒါပေမယ့် ဝီလီကတော့ အပြင်ထွက်တာနဲ့ ခဲနဲ့ပေါက်တော့တာပဲ။ သူလဲ ဝီလီနားမကပ်ရဲတော့ဘူး။ ခပ်ဝေးဝေးကနေပြီး နောက်ကချန်လို့ပဲ နေရတော့တယ်။ ဝီလီကတော့ ခွေးလေးပေတူး သူ့နားကို ခုန်ဆွဆွနဲ့ ရောက်လာရင် ချောင်တွေမှာ လှည့်ပတ်ပြီး ပုန်းနေတတ်တယ်။ ဒါပေမယ့်လဲ ပေတူးကတော့ သူ့နောက် လိုက်မြဲ လိုက်တာပါပဲ။ သူလမ်းလျှောက်တော့ ပေတူးဟာ ခပ်ဝေးဝေးကနေပြီး လိုက်လာ နေသေးတယ်။

www.burmeseclassic.com



တစ်နေ့တော့ ဝီလီဟာ သူ့အမေနဲ့အတူ လယ်ထဲကို သွားတယ်။ သူ့စိတ်ထဲမှာ ဆုံးဖြတ်ထားတာက မြစ်ရိုးအတိုင်း လျှောက်ကြည့်မယ်ပေါ့။ သူစထွက်လိုက်တာနဲ့ ပေတူးက သူ့ကိုမြင်သွားပြီး အိမ်ပေါက်ဝကနေ ကမ်းပေါ်ပြေးထွက်လာတယ်။ ဝီလီနောက်ကနေ ဆက်လိုက်တော့တာပဲ၊ ဒါပေမယ့် ဝီလီကို တစ်ချက်တစ်ချက်ပဲ မြင်ရတယ်။ ဘာလို့လဲဆိုတော့ ဝီလီက ခဲနဲ့ လှမ်းလှမ်းပစ်နေတာကိုး။

ဝီလီဟာ လှေကားကိုကျော်တက်ပြီး လယ်ကွင်းထဲက ဖြတ်လာပြီးတော့ မြစ်ဘက်ကို ပြေးသွားတယ်။ အဲဒီမှာ ဘဲငန်းကြီးတစ်ကောင်ကို သွားတိုးတယ်။



ဝီလီဟာ ခဲလုံးတစ်လုံး ကောက်လိုက်ပြီး ဘဲငန်းကြီးကို လှမ်းပစ်လိုက်တယ်။ ဒါပေမယ့် ဘဲငန်းကြီးဟာ ရေထဲက ပြန်ပေါ်လာပြီး ဝီလီနောက်ကို ဆက်လိုက်ပြန်ရော။ ဘဲငန်းတွေဆိုတာ တစ်ခါတလေ စိတ်ဆိုးတဲ့အခါ ဒီလိုပဲ လုပ်တတ်တယ်မဟုတ်လား။. အခုလဲ ဘဲငန်းကြီးဟာ တကယ်စိတ်ဆိုးနေတာမို့ လမ်းလျှောက်လိုက် ပျံလိုက်နဲ့ ဝီလီနောက်ကို တောက်လျှောက်လိုက်နေတော့တာပဲ။ နောက်ဆုံးတော့ ဝီလီဟာ ဘဲငန်းကြီးက တောင်ပံတစ်ဖက်နဲ့ လှမ်းရိုက်တာကို ခံလိုက်ရတယ်။

"ဩ၊ မင်းက ငါ့ကို တကယ်နာအောင် လုပ်ပါလား"လို့ ဝီလီကပြောပြီး လှည့်ပတ်ပြေးပါတယ်။ အဲဒီတော့ ဘဲငန်းကြီးက သူ့ခြေထောက်ကို နှုတ်သီးနဲ့ လှမ်းထိုးလိုက်တာ ဝီလီလဲ ဒလိမ့်ကောက်ကွေးနဲ့ ရေထဲကို ကျသွားပါလေရော။ အဲဒီအခါ ဘဲငန်းကြီးလဲ မြစ်ကမ်းနဖူးကို လျှောက်လာပြီး ရေထဲကို ငုံ့ကြည့်လိုက်တယ်။ ဝီလီကတော့ ရေထဲမှာ ရုန်းကန်လို့ပေါ့။ ဘဲငန်းကြီးက ဝီလီကို ထပ်ဆိတ်ရ ကောင်းမကောင်း စဉ်းစားနေတုန်း ခွေးလေးတစ်ကောင် လာနေတာကို တွေ့ရတယ်။ ခွေးလေးဟာ ရေထဲကို အသားလေး လျှောချပြီး ရေကူးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ခွေးလေး ပေးတူးပဲပေါ့။ သူဟာ ဝီလီနောက် ခပ်လှမ်းလှမ်းက လိုက်နေကျကိုး။ ဒီတော့ ဝီလီရေထဲ ကျသွားတာကို သူမြင်လိုက်တော့ ဘာလုပ်ရကောင်းမလဲ စဉ်းစားနေမိတယ်။ အဲဒီတုန်းမှာဝီလီကတော့ ညည်းညူ အော်ဟစ်နေပြီး ကြောက်အားလန့်အားနဲ့ ရုန်းကန်နေတယ်။

"ကယ်ကြပါဦး၊ ကယ်ကြပါဦး၊ ရေနစ်နေလို့၊ ကယ်ကြပါဦး"လို့ အော်ဟစ်နေတယ်။



ပေးတူးလဲ မစဉ်းစားတော့ဘဲ ရေထဲခုန်ဆင်းပြီး ဝီလီရှိရာကို ကူးသွားလိုက်တယ်။ သူဟာ ဝီလီ့အင်္ကျီစကို ဖမ်းကိုက်ပြီး ဆွဲလိုက်တော့ ဝီလီခမျာ ရေထဲဆွဲနှစ်ခံရသလို ဖြစ်သွားတယ်။ ဒါပေမယ့် ပေးတူးဟာ ဝီလီကို ပါးစပ်နဲ့ ကိုက်ဆွဲပြီး ကမ်းစပ်ကို မနည်းသယ်လာခဲ့ရပါတယ်။

နောက်ဆုံးတော့ နှစ်ယောက်သား ကမ်းပေါ်ရောက်လာကြတယ်။ ဝီလီကတော့ သူ့ခြေထောက်မှာ ဘဲငန်းလိုက်ဆိတ်ထားလို့ သွေးထွက်နေတာ တွေ့ရတယ်။ တော်တော်ရိုင်းတဲ့ဘဲငန်းပဲ။ နောက်ပြီး ဘဲငန်းတောင်ပံနဲ့ အရိုက် ခံရလို့ လက်မောင်းကလည်း နာနေသေးတယ်။

ပေးတူးဟာ သူ့ဘေးမှာ ထိုင်ပြီး သူ့ကိုလျှာနဲ့ ကြင်ကြင်နာနာလျက် ပေးနေတယ်။ နောက်ပြီး မျက်လုံးညိုကြီးတွေနဲ့ စာနာစွာကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပေတူးရယ်၊ ငါ့ရေနံစ်တာကို မင်းကယ်ခဲ့တယ်နော်လို့"ဝီလီက ပြောတော့ ပေတူးက "ဝုတ်"လို့ တစ်ချက်ဟောင်ပြီး သူ့ကိုလျှာနဲ့ လျက်ပေးနေပြန်တယ်။

"ကြည့်စမ်း၊ ငါလမ်းလျှောက်နိုင်သေးတယ်၊ ဘဲင်နီးထိုးတာ သိပ်နာလို့ မလျှောက်နိုင်တော့ဘူးထင်နေတာ၊ ခုလိုတောင် ရပ်နိုင်မယ် မထင်မိဘူး" လို့ ပြောရင်း ဝီလီဟာ မြက်ခင်းပေါ်မှာ ထပ်လှဲချလိုက်တယ်။ သူဟာ သတ္တိသိပ်မရှိတဲ့ ကောင်လေးမို့ ပြောနေရင်းက အော်ငိုချလိုက်ပြန်တယ်။ သူ့မှာ ရေစိုတာရယ်၊ ခြေထောက်နာတာရယ်၊ ကြောက်တာရယ်ပေါင်းပြီး အော်ငိုနေလိုက်တာ၊ ဒါပေမယ့် ဘယ်သူမှ လာမကူကြပါဘူး။

ဒါပေမယ့် ပေတူးကတော့ သူ့ကို နှစ်သိမ့်တဲ့သဘောနဲ့ လျှာနဲ့လျက်ပေးနေပါတယ်။ ပြီးတော့ ဝီလီကို သူ့နှာတံနဲ့ ထိုးပွတ်ရင်း"ပျော်ပျော်နေစမ်းပါ၊ မင်းနဲ့အတူ ငါရှိပါတယ်၊ မကြောက်စမ်းပါနဲ့၊ ငါက မင်းရဲ့ သူငယ်ချင်းပဲဟာ"လို့ ပြောလိုက်တယ်။

ဒီတော့မှ ဝီလီက ပေတူးကိုပွေ့ဖက်လိုက်တယ်။ ပေတူးဟာ ဖြုန်းခနဲ ဝမ်းသာသွားပါတယ်။ ဝီလီက သူ့ပါးလေးတွေကို ကိုင်ပြီး သူ့ခေါင်းကို ပွတ်ပေးနေတယ်။

"ပေတူးရယ် ... ငါက မင်းအပေါ်မှာ ဘယ်လိုပဲဆိုးဆိုး၊ မင်းကတော့ ငါ့အပေါ် တကယ်အကြင်နာတရား ထားတာပဲ၊ ခုလိုခါမျိုးမှာ ငါ့ကို ထားပြီး ဘာလို့ ထွက်မပြေးတာလဲ၊ နောက်ပြီး ဘာဖြစ်လို့ ငါ့ကို ရေထဲဆင်းကယ်တာလဲ"

ပေတူးဟာ သစ္စာရှိတဲ့ မျက်လုံးတွေနဲ့ သူ့မျက်နှာကို စိုက်ကြည့်နေတယ်။ နောက်ပြီး သူ့အမြီးကို ယမ်းလိုက်တယ်။ ဝီလီက သူ့ကိုပွေ့ဖက်တာ သိပ်ခံချင်တာပဲ။ တကယ်တော့ ပေတူးဟာ သနားချစ်ခင်စရာခွေးလေးပါ၊ လူတိုင်းကို သူတန်းတူထား ချစ်ခင်တယ်လေ။

"ပေတူးရယ်၊ မင်းကျေးဇူးကို ငါဘယ်တော့မှ မမေ့ပါဘူးကွာ၊ ငါ့အပေါ် ခွင့်လွှတ်တာကိုလဲ ကျေးဇူးတင်ပါတယ်၊ ငါ မင်းအပေါ် ဆိုးခဲ့မိုက်ခဲ့တာတွေကို ခွင့်လွှတ်ပါကွာ၊ မင်းဟာ ငါ့ရဲ့မိတ်ဆွေကောင်းပဲ"လို့ ဝီလီက ပြောတော့ ပေတူးဟာ အမြီးကို ခပ်သွက်သွက်လေး လှုပ်ပြလိုက်တယ်။ ပြီးတော့ ကိုယ်လေးကိုပါ လှုပ်ယမ်းပြီး ပျော်နေရှာတယ်။ ဒီလိုဆိုတော့ ဝီလီက တော်သားပဲ၊ ဒါနဲ့ သူ့လက်ကို လျှာနဲ့လျက်လိုက်ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com






ပြောရင်းဆိုရင်းပဲ ဝီလီဟာ ခိုက်ခိုက်တုန်လာတယ်။ ရေတွေစိုပြီး အေးနေရတင်မကဘဲ မြစ်ကမ်းမှာတိုက်တဲ့လေကပါ ပြင်းတာကိုး၊ ပြီးတော့ နေရောင်ကလဲ မရှိဘူးလေ။

"ခုနေ ... တစ်ယောက်ယောက်လာရင် သိပ်ကောင်းမှာပဲကွ၊ အဝတ်စလေးရရင်တောင် ကိုယ့်ဘာသာကို ပတ်နိုင်မှာ မဟုတ်ဘူး"လို့ ဝီလီကပြောတော့ ပေတူးဟာ နားလည်ပုံရတယ်။ ဝီလီလက်ထဲကနေရုန်းထွက်ပြီး ပြေးသွားတယ်။ ဝီလီအတွက် အကူအညီရဖို့ တစ်ယောက်ယောက်ကို သွားခေါ်နေပုံရတယ်။ ပထမတော့ ဝီလီလဲ နားမလည်ဘူး။ ဘာဖြစ်သွားတာပါလိမ့်ပေါ့။ ဘာလို့ သူ့ကိုထားခဲ့ပြီး ထွက်သွားတာလဲပေါ့။ နောက်မှ သူသဘောပေါက်သွားတယ်။

"မင်းက ... ငါ့အတွက် အကူအညီ သွားရှာတာကိုး၊ လိမ္မာလိုက်တဲ့ ခွေးကလေးရယ်"





www.burmeseclassic.com

www.burmeseclassic.com



ခွေးလေးသေဘုသာ ဝီလီ့အိမ်ကို ခြေကုန်သုတ် ပြေးသွားပြီး တံခါးဝ ရောက်တော့ ဝီလီ့အမေကို တွေ့တာနဲ့ သူ့စကတ်ကို ပါးစပ်နဲ့ ကိုက်ဆွဲတယ်။ ဝီလီ့အမေက ငုံ့ကြည့်လိုက်တော့ အံ့အားသင့်သွားတယ်။ ခွေးကလေးက တံခါး ပေါက်ဆီ ပြေးသွားပြီး ရပ်နေလိုက်တယ်။ နောက်ပြီး သူ့အမြီးကလေးကို ယမ်းပြတယ်။ တစ်ခါ ဝီလီ့အမေဆီကို ပြန်ပြေးလာပြီး စကတ်ကို ကိုက်ဆွဲ ပြန်တယ်။

"ပေတူးရယ် ... ဒါက ဘာဖြစ်နေတာလဲ၊ ဘာကြောင့် ငါ့ကိုဆွဲခေါ် နေရတာလဲ၊ ကေ့တော့ မဟုတ်မှလွဲရော၊ ဝီလီတော့ တစ်ခုခုဖြစ်နေပြီထင် တယ်"

လို့ ဝီလီ့အမေက ပြောလိုက်တယ်။

ပေတူးဟာ အိမ်ရှေ့တံခါးပေါက်ကို ပြေးလိုက်၊ ပြန်ပြေးလာလိုက်နဲ့ ဝီလီ့အမေကို အဲဒီကို လာဖို့ပြောဖို့ ကြိုးစားတယ်။ ဒါနဲ့ သူလဲ အိမ်ထဲက ပြေးထွက်လာပြီး သူ့နောက်က လိုက်သွားတယ်။ ခွေးကလေးပေတူးဟာ သူ့ကို လယ်ကွင်းတွေကို ဖြတ်ခေါ်သွားပြီး မြစ်ကမ်းဘက်ကို ခေါ်သွားတယ်။ အဲဒီ မှာ ဝီလီရှိတယ်၊ ခုထိမထနိုင်သေးဘူး။ ထိုင်နေရင်းကချမ်းလို့ ခိုက်ခိုက်တုန် နေတယ်။ သူ့ခြေထောက်က ဒဏ်ရာကလဲ အတော့်ကို နာနေပုံရတယ်။

ဒါနဲ့ သူ့အမေက သူ့ကိုကူညီပြီး အိမ်ပြန်ခေါ်လာတယ်။ ဝီဘ်လဲ မကောင်းသလို သူ့သားကို သတိလဲ ပေးပြီး ဆုံးမတယ်။ ပေတူးကတော့ သူတို့ဘေးကနေ ခုန်ပေါက်ပြီး လိုက်လာပါတယ်။ ဝီလီရဲ့လက်ကလေးကိုလဲ သူ့လျှာကလေးနဲ့ လျက်ပေးနေသေးတယ်။

ဝီလီက သူ့အမေကို ပေတူးရဲ့ အစွမ်းသတ္တိတွေကို ပြောပြတော့ ဝီလီ့အမေက ပေတူးရဲ့ ခေါင်းလေးကို ပွတ်သပ်ပေးတယ်။ ပေတူးကတော့ ဝမ်းသာအားရနဲ့ ဟောင်ပြီး လိုက်လာတယ်။

"ဝီလီကို ဆေးထည့်၊ ပတ်တီးစည်းပြီး အိပ်ရာပေါ်ပို့ပြီးရင် မင်းကို အကြီးဆုံးအရိုးတစ်ချောင်း ကျွေးမယ်သိလား၊ ငါ့သားကို ထိုးတဲ့ဘဲန်းတော့ လား၊ ငါတွေ့ချင်စမ်းပါဘိ၊ တွေ့လို့ကတော့ ...." လို့ သူ့အမေကပြောတော့ ဝီလီကလေးက . . .

"ဒီလိုလဲ မဟုတ်ပါဘူး မေမေ၊ တကယ်က ကျွန်တော့်မှာ အပြစ် ရှိတာပါ၊ ကျွန်တော့်အပြစ်ချည်းပါပဲ၊ သူ့ကို ခဲနဲ့သွားပစ်မိတာကိုး" လို့ ပြော ရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဝိလီရယ်၊ အမေ့ကိုချစ်ရင် ငှက်လေးတွေ တိရစ္ဆာန်လေးတွေကိုမနှိပ်စက်ပါနဲ့သားရယ်၊သူတို့ကိုလဲ သနားကြင်နာစိတ်ထားစမ်းပါကွယ်"

"စိတ်ချ အမေ၊ နောက်ဆို ဘယ်တော့မှ ဒီလိုမျိုး မဖြစ်စေရပါဘူး။ ကျွန်တော်သိပါပြီ အမေရယ်၊ ခုပဲကြည့်လေ .... ပေတူးအပေါ် ကျွန်တော် မကောင်းခဲ့ဘူး၊ သူ့ကို ခဲနဲ့လိုက်ပစ်တယ်၊ သူဆော့နေတဲ့ ဘောလုံးကို သစ်ပင်ပေါ်တင်ထားတယ်။ အမျိုးမျိုး မခံချင်အောင် စတယ်၊ အဲဒီအတွက် ခုဆို ကျွန်တော်လမ်းမလျှောက်နိုင်တော့ဘူး"

"ဒါတောင် သူက မင်းကိုရေထဲခုန်ချပြီး ဆယ်ခဲ့တယ်၊ သက်သောင့်သက်သာ ထိုင်နေနိုင်အောင် လုပ်ပေးတယ်၊ အကူအညီလာခေါ်ပေးတယ် — ကြည့်ပါဦးဝိလီရယ်"




လို့ သူ့အမေကပြောတော့ . . .

"ဟုတ်ကဲ့အမေ၊ ကျွန်တော်ဆိုးခဲ့တာပါ၊ တကယ်တော့ ခွေးလေးတစ်ကောင်ကတောင် ကျွန်တော့်ထက် စိတ်ကောင်းရှိသေးတယ်၊ ပေတူးက သားထက်အများကြီးပိုလိမ္မာတယ်၊ စိတ်ကောင်းရှိတယ်၊ ခွင့်လွှတ်တတ်တယ်၊ သားကိုလဲ ချစ်တယ်၊ သားသိပ်ရှက်တာပဲအမေရယ်"လို့ ဝိလီက စိတ်မကောင်းစွာနဲ့ ပြန်ပြောတယ်။

ဒီတော့ ဝိလီ့အမေက "အို ... ဝိလီရယ်၊ မင်းက လူတစ်ယောက်ပဲ ဘာစိတ်မာတက်ချစရာလဲ၊ မျှော်လင့်စရာတွေ အများကြီးရှိပါတယ်ကွယ်၊ ခြေထောက်က အနာပျောက်သွားလို့ ထူထူထောင်ထောင် ပြန်ဖြစ်ရင် အမေမင်းကို ကောင်းတာတွေပဲ မြင်ချင်တယ်ကွယ်"လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဝီလီတစ်ယောက် ခြေထောက်ပြန်ကောင်းသွားတဲ့အခါမှာတော့ ခွေးလေးပေတူးရဲ့ ဘောလုံးကို ပြန်ယူပေးတယ်။ သူ့စုဘူးကို ဖောက်ပြီး ပေတူးအတွက် ဘီစကွတ်မုန့်တစ်ထုပ် ဝယ်ပေးတယ်။ ပေတူးစားဖို့ အမဲရိုးတွေ အများကြီး ဝယ်ပေးတယ်။ လည်စည်းအသစ်လေးတစ်ခုလဲ တပ်ပေးတယ်။

သူဘာပဲလုပ်လုပ် ခွေးလေးပေတူးအတွက်တော့ သဘောကျစရာပါပဲ။

ဝီလီဟာ ပေတူးနဲ့ နေ့တိုင်းလမ်းအဝေးကြီး လျှောက်ကြတယ်။ တစ်ခါတစ်ရံမှာ ဝီလီက ပေတူးကို စကားပြောနေတာ ကြားရတယ်။

"မင်းဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး ခွေးကလေးပဲကွာ"လို့ ပြောတယ်လေ။ ဒီတော့ ပေတူးကလဲ "ဝုတ် ဝုတ် ဝုတ်"လို့ ပြန်ဖြေတတ်တယ်။

အမိပွာယ်ကတော့ "မင်းလဲ လူကောင်းလေးတစ်ယောက်ပါပဲကွာ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com

# ဂျင်မီကလေးရဲ့ မွေးနေ့ပွဲ

BURMESE CLASSIC

ဂျင်မီကလေးဟာ မကြာခင် ရောက်လာတော့မယ့် သူ့မွေးနေ့ကို မျှော်လင့်နေမိတယ်။ အဲဒီကျရင် အမေက ကလေးတွေကို မေတ္တာစေတနာနဲ့ ကျွေးမွေးလေ့ရှိတယ်။ နောက်ပြီး ဂျင်မီကိုလဲ ကိတ်မုန့်ကြီးတစ်လုံးနဲ့ ဖယောင်းတိုင်တွေနဲ့ မွေးနေ့ပါတီပွဲ လုပ်ပေးမယ်လို့ ကတိပေးထားတယ်။ ဒါကြောင့် အမေဟာ ဘီစကွတ်မုန့်ဘူးတွေ အများကြီးဝယ်ပြီး ကြိုတင်စုဆောင်းသိမ်းဆည်းထားတယ်။

ဂျင်မီက သူ့ညီမလေး ရေဂျေးလ်ကို ဒီအကြောင်းတွေ ပြောပြတယ်၊ အမေကိတ်မုန့်သွားလုပ်နေတဲ့ အကြောင်းလဲပြောပြတယ်။ ဒီတော့ ညီမလေး ဂျေးလ်ကလဲ အစ်ကိုကြီးဂျင်မီရဲ့ မွေးနေ့ပါတီပွဲအကြောင်းကို မျှော်တွေးကြည့်ပြန်ပါရော။

"ညီလေးကတော့ နို့စို့အရွယ် ငယ်ငယ်လေးပဲ ရှိသေးတယ်၊ မွေးနေ့ဆိုတာ အကြောင်းသိဖို့ ဝေးပါသေးတယ်၊ သူ့မှာလဲ သူမွေးတဲ့ရက် ဖြစ်တဲ့ မွေးနေ့ဆိုတာတော့ ရှိတာပေါ့၊ သူ့စိတ်ထဲမှာ ဘီစကွတ်မုန့်တွေ ဘယ်ရှိဦးမလဲဟာ"

ဒီကြားထဲမှာ စိတ်မကောင်းစရာတစ်ခု ပေါ်လာသေးတယ်။ ဂျင်မီ မွေးနေ့ပွဲမတိုင်ခင်တစ်ရက်မှာ သူ့ညီအငယ်ဆုံးကလေးက ဖျားပါလေရော၊ ဒါနဲ့ အမေက စိုးရိမ်ပြီး ဆရာဝန်ကို ခေါ်ပြတယ်။

ကလေးကို စမ်းသပ်ကြည့်ပြီးတော့ ဆရာဝန်ကပြောတယ်။

"ကလေးကိုတော့ သေသေချာချာ ဂရုစိုက်ရမယ်နော်၊ သူ့ကို သက်သောင့်သက်သာနဲ့ အေးအေးဆေးဆေး ထားရမယ်၊ တခြားဆူညံတဲ့အသံတွေ ဘာတွေ အနှောင့်အယှက် မဖြစ်ပါစေနဲ့၊ သူအိပ်နိုင်လေကောင်းလေပဲ"

ဆရာဝန်ပြန်သွားတော့ အမေက ဂျင်မီနဲ့ဂျေးလ်တို့ မောင်နှစ်မနှစ်ယောက်ကို ခေါ်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သားတို့သမီးတို့၊ အမေစိတ်မကောင်းပါဘူးကွယ်၊ မောင်လေးက အရမ်းဖျားနေတော့ အမေစိတ်ပူတယ်၊ ဒီတော့ နက်ဖြန်ကျရင် သားမွေးနေ့ပွဲကို ခဏဆိုင်းထားရအောင်နော်၊ မွေးနေ့ပွဲလုပ်ရင် အရမ်းကို ဆူညံမယ်လေ၊ နောက်ပြီး ဘီစကွတ်မုန့်ကလဲ ညီလေးနဲ့ မတည့်ဘူးလေ"

သူ့အမေစကားကိုကြားလိုက်ရတော့ ဂျင်မီကလေးဟာ အတော့်ကို စိတ်မကောင်းဖြစ်သွားတယ်ကွယ်။ မွေးနေ့ပွဲဆိုတာ တစ်နှစ်မှာတစ်ခါသာ လုပ်ရတာမဟုတ်လား။ ခုတော့ မွေးနေ့ပွဲမှာ ဆူညံပျော်ရွှင်ဖို့မလုပ်နိုင်တော့ဘူးလေ။



ဂျင်မီနဲ့ရျေးလ်တို့ မောင်နှစ်မနှစ်ယောက်လဲ မွေးနေ့ပွဲအကြောင်းအသံကို တိတ်လို့။ အသံကျယ်ကျယ်တောင် မရယ်ရတဲ့အတွက် အိမ်မှာခြောက်ကပ်လို့။

ဒီတော့ ဂျင်မီ့မေမေက မှိုင်နေတဲ့ မောင်နှမနှစ်ယောက်ကိုကြည့်ပြီး စိတ်မကောင်းဘူး။ "ဘာစိတ်မကောင်းဖြစ်ရမှာလဲသားရယ်၊ ပျော်ပျော်နေစမ်းပါ၊ အမေက ကလေးအတွက် စိုးရိမ်နေရလို့ပါ၊ မင်းတို့က ဒီအချိန်မှာ အမေ့ကို နိုင်သလောက် ဝိုင်းကူရမှာပေါ့၊ ညီလေးပြန်နေကောင်းသွားတော့ အမေတို့ မွေးနေ့ပါတီပွဲ ပြန်လုပ်ကြတာပေါ့ မဟုတ်ဘူးလား"လို့ ပြောတယ်။

ဒီတော့ ဂျင်မီက သူ့အမေကိုဖက်ပြီး "ကျွန်တော် မွေးနေ့ပွဲအတွက် အမေမပူစမ်းပါနဲ့၊ ဒါအရေးမကြီးပါဘူး မေမေရာ"လို့ ကြိုးစားပြုံးရင်း ပြောရှာတယ်။

မွေးနေ့လုပ်မယ်လို့ စီစဉ်ထားတဲ့ နံနက်ရောက်တော့ ကိစ္စကလေးပါလာပြန်တယ်။ ဂျင်မီ့အမေက သူ့ညီလေးအခြေအနေကို စိုးရိမ်ရတဲ့အကြောင်း ပုံကြီးချဲ့ပြောတယ်။ ဂျင်မီကလဲ တော်တော့်ကို စိတ်မကောင်း ဖြစ်သွားတယ်။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကို မွေးနေ့ပွဲ ခေါ်ဆိုင်းထားတဲ့အကြောင်း လှည့်ပတ်ပြော တယ်။ ဒီနေ့မလာကြပါနဲ့ဦးလို့လဲ မေတ္တာရပ်ခံတယ်။ အပြန်မှာတော့ ဂျင်မီ တို့ မောင်နှမနှစ်ယောက်ဟာ လမ်းမှာ အဘိုးကြီးဘန်နီနဲ့ တွေ့တယ်။ သူ့လက် ထဲမှာလဲ ပစ္စည်းဖွေအပြည့်နဲ့ ဈေးခြင်းတောင်းကြီး ကစ်လုံး။ ကြည့်ရတာ အတော်လေးပုံပဲ။

ဒါနဲ့ဂျင်မီက အဘိုးကြီးဘန်နီဆီ ပြေးသွားပြီး "ကျွန်တော် သယ်ပေး ပါမယ်။ လမ်းလဲသင့်တာပဲ" လို့ ပြောလိုက်တယ်။



"ကျေးဇူးတင်လိုက်တာကွယ်"လို့ အဘိုးကြီးက ပြန်ပြောတယ်။ "ခင်ဗျား တို့ဟာ တော်တော်လိမ္မာတဲ့ ကလေးတွေပဲ၊ စိတ်ကောင်းလဲ ရှိလိုက်တာ။ ဒါပေမဲ့ ဂျင်မီရေ၊ ဒီနေ့ မင်းမွေးနေ့ပွဲ မဟုတ်ဘူးလား၊ မွေးနေ့ပါတီလုပ်မယ်ဆို" လို့ အဘိုးကြီး ဘန်နီကပြောတော့ . . .

"အို . . . အဘိုးရယ်၊ ဒါတော့အဘိုးအိမ်က မွေးနေ့ပွဲကျင်းပလောက် အောင်မှ မကျယ်ပဲ"လို့ ဂျင်မီကပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လဲ အဘိုးဘန်နီ တစ်ထပ်တိုက်ပုလေးက သူနဲ့ သူ့ကြောင်ကြီး နေလောက်ရုံသာ ကျယ်တာအမှန်။

"ငါ့အိမ်မှာ မလုပ်ပါဘူးကွာ၊ တိရစ္ဆာန်ရုံထဲမှာ သွားလုပ်မှာပေါ့၊ ခက်တာလိုက်လို့၊ ကားကြီးတစ်စီးငှားပြီး မင်းနဲ့ မင်းသူငယ်ချင်းတွေကို တိရစ္ဆာန်ရုံထဲ ခေါ်သွားမှာပေါ့။ နောက်ပြီး မင်းမွေးနေ့အတွက် ကိတ်မုန့်နဲ့



ဘီစကွတ်တွေလဲ ယူသွားမယ်လေ။ ပြီးတော့ မြက်ခင်းပေါ်မှာ ကျင်းပကြတာပေါ့၊ နောက်ပြီး သံပရာရည်တို့၊ အသားညှပ်မုန့်တို့၊ ဘန်းကိတ်တို့လဲ ဝယ်ဦးမယ်လေ"လို့ အဘိုးကြီးက ပြောပါတယ်။

"အို .... အဘိုးတကယ်ပြောတာလား"လို့ ဂျင်မီတို့ မောင်နှမက မေးတော့ "တကယ်ပေါ့ကွ၊ သွား ... မင်းသူငယ်ချင်းတွေကိုတစ်ခေါက်ပြန်ပြောချည်၊ ငါ့အိမ်ကို နေ့လည်နှစ်နာရီခွဲကျရင် လာခဲ့ကြလို့။ နောက်ပြီး မင်းအိမ်က ကိတ်မုန့်နဲ့ ဘီစကွတ်တွေလဲ ယူလာခဲ့"လို့ အဘိုးကြီးကပြောလိုက်တယ်။

နေ့လယ်ခင်းကျတော့ ဂျင်မီတို့ သူငယ်ချင်းတစ်စုဟာ တိရစ္ဆာန်ရုံကို ထွက်ခဲ့ကြတယ်။ အဘိုးဘန်နီ ငှားထားတဲ့ ကားပေါ်မှာ ကလေးတစ်သိုက်ဟာ စကားတွေပြောကြ၊ ရယ်ကြနဲ့ပေါ့။

"ဟော့ .... ငါ့မွေးနေ့ပွဲက ရိုးရိုးမဟုတ်ဘူးနော်၊ တိရစ္ဆာန်ရုံမှာ ကျင်းပတဲ့ မွေးနေ့ပွဲကြီးကွ"ကို ဂျင်မီက ဝမ်းသာအားရ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





ဟုတ်လဲ ဟုတ်ပါတယ်၊ တိရစ္ဆာန်ရုံမှာဆိုတော့ အကောင်မျိုးစုံကို ကြည့်ရတာပေါ့။ ကလေးတွေဟာ တိရစ္ဆာန်ရုံထဲမှာ မျောက်တွေကို ငှက်ပျောသီးတွေ ကျွေးကြတာ။ အဘိုးဆန်နီကတော့ သူ့သကာရည်ဘူးကို ဝက်ဝံလေးတွေကို ကျွေးပါတယ်။ ဝက်ဝံလေးတွေက သကာရည်ကို လျှာနဲ့ လျက်နေကြတာ ပျော်စရာကလေးတွေလဲ တစ်ချိန်လုံး ပျော်ကြတာပေါ့။

"သူတို့ကို ကြည့်စမ်းပါဦး၊ ဂျင်မီ့မွေးနေ့မှာ ပျော်နေလိုက်ကြတာ" လို့ ဂျေးလ်က ပြောတယ်။ ခဏကြာတော့ သူတို့ပျော်ပွဲစားကြတယ်။ နောက်ပြီး မွေးနေ့ကိတ်ကို လှီးပြီး စားကြတယ်။ သိပ်အရသာရှိတာပဲ။ နောက်ပြီး သံပရာရည်တို့၊ လိမ္မော်ရည်တို့လဲ သောက်ကြတယ်။ အဲဒီတုန်းမှာပဲ အဘိုးကြီး ဆန်နီက ပြောလိုက်တယ်။

"အားလုံး ငြိမ်ငြိမ်နေကြဟေ့၊ ခုချိန်ကစပြီး အားလုံး ဆင်စီးကြ အောင်" ဆိုတော့ ကလေးတွေအားလုံး 'ဟေး' ခနဲ သဘောကျပြီး အော်ကြတာ ပေါ့။

ကလေးတွေဟာ ပျော်လွန်းလို့ ဘယ်သူမှ အိမ်မပြန်ချင်ကြဘူး ဒီတော့ အဘိုးဆန်နီက "ကဲ .... ကောင်းပြီ၊ ဒါဆို မင်းတို့ ဒီအထဲမှာပဲ ကြိုက် သလောက်နေခဲ့ကြပေတော့၊ တံခါးပိတ်ချိန်ကျတော့ မျောက်တွေနဲ့အတူ မင်း တို့ကို လှောင်ခဲ့မယ်၊ ဘယ့်နှယ့်လဲ ...." လို့ ပြုံးပြီး ပြောတယ်။ နောက် "ဒါပေမယ့် .... ငါထင်ပါတယ်ကွာ၊ မင်းတို့ ငါနဲ့အတူ လိုက်ပြန်ကြတာ ကောင်းမှာပါ" ဂျင်မီနဲ့ ဂျေးလ်တို့ မောင်နှမဟာ ခုလို သူတို့အတွက် မွေးနေ့ ပါတီလုပ်ပေးတဲ့ အဘိုးကြီးဘန်နီကို ကျေးဇူးတင်ကြောင်းပြောကြတယ်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com






"အိုကွာ ... မလိုပါဘူး၊ စိတ်ကောင်းရှိပြီး လိမ္မာယဉ်ကျေးတဲ့ ကလေးတွေကို ပျော်ရွှင်အောင် လုပ်ပေးတာပဲကွာ၊ ငါလဲ မင်းတို့လိုပဲ ပျော်ရတာပေါ့" လို့ အဘိုးကြီးက ပြန်ပြောတယ်။

ကလေးနှစ်ယောက်ဟာ အိမ်ကို ပြုံးရွှင်စွာ ပြန်ရောက်လာတော့ အမေနဲ့တွေ့တယ်။ အမေက "မင်းတို့မောင်လေး အတော်နေကောင်းသွားပြီ၊ ဒီနေ့တစ်နေ့လုံး အိပ်လိုက်တာ အကြာကြီးပဲကွယ်၊ မင်းလဲ မွေးနေ့ပွဲလုပ်ဖြစ်တဲ့အတွက် အမေဝမ်းသာပါတယ် ဂျင်မီရယ်၊ တကယ်တော့ မင်းနဲ့ထိုက်လို့ ဖြစ်ရတာကွယ့်။ ကဲ ခုဆို မင်းတို့မွေးနေ့ပွဲအတွက် တွေးပူစရာ လိုသေးလား" လို့ အမေက ဝမ်းသာအားရ ပြောလိုက်တယ်။

ဒါဟာ ဂျင်မီအတွက် ပျော်စရာအချိန်ပဲ မဟုတ်လားကွယ်။



www.burmeseclassic.com

www.burmeseclassic.com

# လမ်းပေါ်က လိမ္မော်သီးများ

အလန်၊ မေရီ၊ တွမ်၊ ဟာရီနဲ့ လူစီတို့ဟာ တစ်နေ့မှာ ကျောင်းကနေ အိမ်အပြန်မှာ အစိမ်းရောင် ကုန်တွဲကားကြီးတစ်စီး ဖြတ်သွားတာကို တွေ့လိုက် ရတယ်။ အဲဒီကားကြီးဟာ လမ်းပေါ်က ချိုင့်ကြီးတစ်ခုကို အကျော်လိုက်မှာ နောက်ဘက်က တံခါးဟာ ဂုန်းခနဲ ပွင့်ထွက်သွားတယ်။

အဲဒီအခါ ကားထဲက လိမ္မော်သီးတွေ အများကြီး ထွက်ကျလာတယ် ဘောလုံးတွေ ပလူပျံနေသလား ထင်ရတယ်၊ လမ်းပေါ်မှာ ပြန့်ကျဲကုန်ပြီး ကလေးတို့နားကို လိမ့်လာလိုက်တာ နေရာအနှံ့ပဲ။

ဒီတော့ .... ကလေးတွေက အလန့်တကြားနဲ့ စူးစူးရှရှ အော်လိုက် ကြတယ်။

"ကြည့်ကြစမ်းဟေ့ .... လိမ္မော်သီးတွေ အများကြီးပါလား" တို့ 'အလန်'ကလေးကလဲ အော်လိုက်တယ်။ မာရီကလဲ ပြောတယ်"

"တစ်ပုံကြီးပဲဟေ့"တဲ့။

"နေရာတိုင်းမှာပဲကွနော်"လို့ ပြောပြီး၊ တွမ်က လိမ္မော်သီးတစ်လုံး ကို ပြေးကောက်ယူလိုက်တယ်။

"လှတဲ့လိမ္မော်သီးကွာ၊ ပြောင်ချောနေတာပဲ"

"ကောက်ဟေ့ ... မြန်မြန်ကောက်ကြ"လူဟီက အော်ရင်း အေး တွေ မမြင်ခင် အရင်ကောက်ထားကြနော်"လို့ ပြောလိုက်တယ်။

ဒါနဲ့ ကလေးတွေဟာ လိမ္မော်သီးတွေကို နိုင်သလောက် ပလက်ဖေါင်းပေါ် တက်ပြေးကြတယ်။

"ဘယ်နှစ်လုံးကောက်ရသလဲဟေ့"လို့ ဟာရီကမေးတော့ —

"တစ် ... နှစ် .... သုံး ..... ဟာရီ နင်ကော ဘယ်လောက်ရ လေး .... ငါး .... ဒီမှာတစ်လုံး .... ခြောက်၊ နောက်ထပ် ... ခုနှစ်၊ ရှစ် တစ်ဆယ်၊ အားလုံးပေါင်း ဆယ်လုံးဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အတွက်က ဘယ်နှစ်လုံးရမှာလဲ"လို့ လူစီကမေးတော့ ---

"ငါးလုံးရတယ်၊ တစ်ယောက် နှစ်လုံးပေါ့၊ အလုံးကြီးကြီးလှလှ နှစ်လုံးစီ ရမယ်။ ဘယ်သောက် ကံကောင်းလိုက်သလဲ"လို့ တွမ်က ပြန်ပြော လိုက်တယ်။

"ဒါဆို ... တို့အခု စားရတော့မှာလား၊ ငါတော့ ဆာနေပြီ၊ လိမ္မော်သီးကတော့ ကြည့်ရပုံက အရည်ရွှမ်းပြီး ကောင်းလိုက်မယ့်ဖြစ်ခြင်း" လို့ လူစီကပြောတော့ . . .



"ကဲ ... ဒါဆို သွားကြစို့၊ အိမ်မရောက်ခင် ငါအကုန် စီစဉ်ပေးပါ့မယ်ဟာ"လို့ တွမ်ကပြောလိုက်တယ်။

"ငါ့အထင်တော့ ဒီလိမ္မော်သီးတွေကို ငါတို့ဘာသာ ငါတို့ သိမ်းနိုင်မယ်လို့ မထင်ဘူး"လို့ မာရီက အသံသေးကလေးနဲ့ ပြောရှာတယ်။

"ဘာလို့ .... မသိမ်းနိုင်ရမှာလဲ" ဆိုပြီး ကျန်တဲ့လူတွေအားလုံးက မာရီကို လှည့်ကြည့်ပြီး ပြောကြတယ်။

"ငါ့အမေကတော့ ကိုယ်တွေ့တဲ့ ပစ္စည်းဆို ကိုယ့်ဘာသာ သိမ်းထားလို့ ပြောတာပဲ"လို့ လူစီကပြောတော့ .....။

"ဒါဆို မင်းအမေပြောတာ မှားတာပေါ့၊ သူများပျောက်သွားတဲ့ ပစ္စည်းကို ပိုင်ရှင်သိရင် နင်ဘယ်သိမ်းထားသင့်မလဲ၊ ပြန်ပေးရမှာပေါ့"လို့ ဟာရီက ရှင်းပြတယ်။

"ဒါပေမယ့် .... ခုဟာက၊ ဒီလိမ္မော်သီးတွေကို ဘယ်သူပိုင်တယ်ဆိုတာ သိမှမသိဘဲ၊ မာရီဟာ ကျန်တဲ့လူအားလုံးကို စိတ်ဆိုးသွားတယ်။ သူ့ကို



www.burmeseclassic.com


www.burmeseclassic.com



ရွံ့ပြီး ဒေါ်စိတ်ဓာတ်ကောင်းလို့ ခေါ်တာလဲ မကြိုက်ဘူး။ ဒါနဲ့ ... သူမဟာ ရှက်လဲရှက်၊ အံ့လည်းသြပြီး တစ်ယောက်တည်း ထွက်သွားမယ်အလုပ် –

"ငါ သရဲဘောမကြောင်ရဘူး၊ မှန်တာကိုပဲ ပြောရမှာပေါ့"လို့ စဉ်းစားပြီး ထပ်ပြောလိုက်တယ်။

"အေး ... ဒါဆို၊ ဒီကုန်တင်ကားရဲ့နာမည်ကို ငါမြင်လိုက်တယ်၊ 'ဆမ်(ပ)ဆင်'တဲ့။ သစ်သီးဆိုင်ပိုင်ရှင်လေ။ ဒါတွေဟာ သူ့လိမ္မော်သီးတွေပေါ့၊



ငါ့အထင်တော့ သူ့လိမ္မော်သီး ဆယ်လုံးပျောက်တာသာ သိရင်၊ သူတော့ ဒုက္ခရောက်တော့မှာပဲ"

"ငါ ဒီလို တစ်ခါမှ မတွေးခဲ့မိဘူး၊ မာရီ့နင်မှန်ပါတယ်ဟာ။ လိမ္မော်သီးပျောက်တဲ့အတွက်ကြောင့် လူတစ်ယောက် အပြစ်တင်ခံရမှာမျိုး ငါတို့မလုပ်သင့်ဘူး။ အဲဒီကုန်တင်ကားမောင်းသွားတဲ့ ဒရိုင်ဘာကို ငါသိတယ်ဟာ၊ သဘောကောင်းတဲ့ လူတစ်ယောက်ပါ"လို့ 'ဟာရီ'က ဝင်ပြောတယ်။

"ငါလဲ သဘောတူတယ်၊ ဟာရီ .... ပိုင်ရှင်ကိုသာ တကယ်သိရင် ငါတို့ ဒီလိမ္မော်သီးတွေကို ပြန်ပေးရမှာပေါ့၊ မရိုးမသားတော့ မလုပ်ချင်ပါဘူးကွာ"လို့ 'အလန်'ကလဲ ဝင်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com




"နေပါဦးကွ၊ ခဏလေးနေပါဦး .... မင်းတို့ရဲ့ စိတ်ကောင်းစေတနာ အတွက် ဦးလေးက ဂုဏ်ယူပါရစေဦး။ ဒါနဲ့ ... မင်းတို့စာသင်ခန်းထဲမှာ ကျောင်းသားအားလုံး ဘယ်နှစ်ယောက်ရှိလဲကွ"လို့ မေးလိုက်တယ်။

"၁၈–ယောက်ရှိပါတယ်"လို့ ဟာရီကလဲ ပြန်ဖြေတယ်။

"ကောင်းပြီ .... ဒါဆို ဒီနေ့လယ်ခင်းမှာ အတန်းထဲမှာ တစ်ယောက်ကို လိမ္မော်သီး တစ်လုံးစီဝေပေးကွာ၊ ဆရာမအတွက်ကတော့ သပ်သပ်တစ်လုံးပေါ့ .....၊ မင်းတို့ ကစားချိန် ၁၀မိနစ်လောက်ရတဲ့အချိန်အတွင်းမှာ စားဖို့ အချိန်ရလိမ့်မယ်လို့ ဦးလေးမျှော်လင့်ပါတယ်ကွယ်"

"ကျေးဇူးပါပဲ ဦးလေးရယ်"လို့ နှစ်ယောက်သား ပြိုင်တူပြောလိုက်ကြတယ်။ သူတို့မျက်နှာတွေကလဲ ဝင်းပလို့၊ တစ်တန်းလုံးစားဖို့ လိမ္မော်သီးတွေတဲ့ ..... ကောင်းလိုက်တာနော်။



"အကောင်းဆုံးနဲ့ အရည်ရွှမ်းဆုံး လိမ္မော်သီးတွေကို ဦးလေးကိုယ်တိုင် ရွေးပေးလိုက်ပါ့မယ်"လို့ မစ္စတာဆမ်(ပ်)ဆင်က ပြောတယ်။ နေ့လည်ခင်းကျတော့ ကျောင်းကို သူ့တပည့်တစ်ယောက် ရောက်လာပြီး လိမ္မော်သီးသေတ္တာ လာပို့သွားတယ်။ ကြီးလဲကြီး၊ အရည်လဲရွှမ်းတဲ့ ဒီလိုလိမ္မော်သီးမျိုးကို ကျောင်း




www.burmeseclassic.com

www.burmeseclassic.com



သားကလေးတွေ မြင်တောင် မမြင်ဖူးကြဘူး။ သူတို့ဆရာမ မစ္စဘရောင်း (ဒေါ်ညို) ကလဲ အရမ်းကို အံ့ဩနေတယ်။ လိမ္မော်သီးသေတ္တာနဲ့အတူ စာတန်းကလေးတစ်ခုလဲ ချိတ်ဆွဲပြီး ပါလာတာ တွေ့လိုက်ရတယ်။



"ဆရာမ မစ္စဘရောင်း(ဒေါ်ညို)နှင့် သူ၏တပည့်များသို့ ဆုမွန်ကောင်းတောင်းလျက် ....."

မစ္စတာ တီတီ ဆမ်(ပ်) ဆင့်

"ဒါ ... ဘာအတွက် ပို့လိုက်တာလဲ"လို့ ဆရာမက အံ့ဩစဉ်းစားနေတယ်။

"ဒါဟာ 'မာရီ'ကြောင့် အားလုံးအတွက် ပေးလိုက်တာပါ၊ ကားပေါ်က လိမ့်ကျကျန်ခဲ့တဲ့ လိမ္မော်သီးတွေကို သူတို့က ပိုင်ရှင်ထံ သွားပြန်ပို့လို့ပါ၊ ကျွန်တော်တို့က စားမယ်လုပ်တာကို မာရီက အဲဒီကားကို သူမှတ်မိတယ်၊ သိလဲ သိတယ်ဆိုတာနဲ့ ဟာရီနဲ့အတူ ပြန်ပို့ပေးလိုက်တာပါ" လို့ 'အလန်' က ရှင်းပြလိုက်တယ်။

"ဆရာမအတွက်လဲ တစ်လုံးပါပါတယ် .... ယူပါဆရာမ" လို့ 'ဟာရီ' ကပြောတော့ ....

"မင်းတို့က .... မင်းတို့ကောက်ရတဲ့ လိမ္မော်သီးကို စွန့်လွှတ်လိုက်တော့၊ လူတိုင်း တစ်ယောက်တစ်လုံးစီ ပြန်ရတာပေါ့။ ဘယ်လောက် အံ့ဩစရာကောင်းလဲ၊ ကဲ ... မာရီက ဒီကိုလာပြီး တစ်ယောက်တစ်လုံးစီ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com





ဝေပေးလိုက်၊ ဘာဖြစ်လို့လဲဆိုတော့ .... ဒါဟာ မင်းကြောင့်ရတာပဲ မဟုတ်လား”လို့ ဆရာမက ပြောလိုက်တယ်။

ဒါနဲ့ ... မာရီလဲ လိမ္မော်သီးတွေကို ဝေပေးလိုက်တယ်။ ကျောင်းသားတိုင်းက သူ့ကို ဝမ်းသာတဲ့အပြုံးနဲ့ ကြည့်ကြတယ်။ ဒါပေမယ့် .... အဲဒီထဲမှာ တစ်ယောက်ကတော့ မပါဘူး။

အဲဒါ ဘယ်သူလဲ သိလား။ နာမည်တော့ မပြောချင်တော့ပါဘူး။ သူမဟာ လိမ္မော်ဦးကိုတော့ လာယူတယ်၊ ဒါပေမယ့် .... သူ့မျက်နှာက ပြုံးမနေဘူး။ အဝေးကို ငေးကြည့်လို့လေ .... ဘာဖြစ်လို့လဲဆိုတော့ ... သူရှက်နေတာကိုး။

အဲဒီလိမ္မော်သီးကလေးတွေကြောင့် ..... ကလေးတွေဟာ ခုဆို အကောင်းဆုံးဟာ ဘာလဲဆိုတာ သိခွင့်ရသွားကြပြီလေ။ ဘယ်လောက်များ ဆန်းကြယ်လိုက်မလဲလို့ .....။

www.burmeseclassic.com

www.burmeseclassic.com

# ပုရွိမ်းချောင်းက ရတဲ့အသိ

ဆူးနဲ့ ရော်ဘင်ဟာ ပင်လယ်ကမ်းခြေကို ဆင်းလာကြတယ်။ သူတို့ အဒေါ်က သူတို့ကို သွားချင်သလားလို့ မေးတော့ သူတို့ [illegible]ပျော်သွားကြတယ်။

"နှားထောင်စမ်း၊ မင်းတို့အဒေါ်ဆီမှာ ရန်ဖြစ်တာ မလိုချင်ဘူးနော်၊ လုံး၀ စကားမများကြနဲ့၊ ဒီမှာဆို မင်းတို့ တစ်နေ့လုံး ရန်ဖြစ်နေကြတယ်၊ အဒေါ်အယ်လင်ကို စကားများသံ မကြားပါစေနဲ့"လို့ သူတို့အမေက သူတို့ကို ဆွယ်တာဝတ်ပေးရင်း မှာလိုက်တယ်။

"စကားများတာ သမီးမဟုတ်ပါဘူး၊ ရော်ဘင်ပါ။ သူက အမြဲစပြော တာပဲ"လို့ ဆူးကဖြေတယ်။

"ဩ၊ အတော်ဗလောင်းဗလဲ ပြောပါလား။ နင်သာ အကျည်းတန်ပြီး စိတ်မပုပ်ရင် ငါက ဘယ်တော့မှ ရန်မဖြစ်ဘူးဟဲ့"လို့ ရော်ဘင်က တုံ့ပြန်တယ်။

"ငါလား အကျည်းတန်တာ၊ ကောင်းပြီ .... ငါ ဒါမျိုး ဘယ်တော့မှ မကြားချင်ဘူး" လို့ ဆူးက အော်ပြောနေတုန်း . . .

"နင်တို့ ရန်ဖြစ်ပြန်ပြီလား၊ နင်တို့ ပါးစပ်တွေဟာ ဘယ်တော့မှ မပိတ်နိုင်ကြဘူးနော်၊ တစ်နေ့လောက် စကားမများကြရင် ငါသိပ်ဝမ်းသာမှာပဲ။ တကယ်တော့ အမေတစ်ယောက်က ဒါမျိုးပြောနေရတာတောင် လွန်လှပြီ" လို့ အမေက ဆူပါလေရော။

သူက ပင်လယ်ဆီသွားမယ့် ဘတ်စ်ကားကို လှမ်းမြင်လိုက်ပါတယ်။ သူတို့ဟာ တစ်လမ်းလုံး စကားများသွားကြတယ်၊ သူတို့အဒေါ်ကို တွေ့တဲ့ အခါမှာတော့ အမေမှာလိုက်တဲ့ဟာကို သတိရသွားကြတယ်။ သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် ယဉ်ကျေးစွာ ကောင်းကောင်းမွန်မွန် ဆက်ဆံလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ သူတို့အစ်ကိုဝမ်းကွဲ ဂျင်ကို တွေ့ရတယ်။ သူတို့က သူ့ကို သိပ်မကြိုက်ဘူး၊ ဂျင်က သူတို့ကို လှောင်ပြောင်တတ်လို့ပါ။

"ဟေ့၊ စကားများတဲ့ကောင်တွေ"လို့ သူကပြောတယ်။ "မင်းတို့ ဘယ်အချိန် စကားများကြသလဲကွ၊ ငါ နားထောင်ချင်လို့ပါ၊ မင်းတို့ကတော့ ရေဒီယို လိုပဲဟေ့"



"ကျွန်မတို့ စကားမများကြတော့ပါဘူး"လို့ ဆူးကပြောတော့ ရော်ဘင်က ခေါင်းညိတ်တယ်။ သူတို့နှစ်ယောက်စလုံးဟာ ဘာပဲဖြစ်ဖြစ် ဂျင်ရဲ့ ရှေ့မှာ ရန်မဖြစ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

သူတို့ဟာ အဒေါ်နဲ့ဂျင်နဲ့ နေတာကြာလာတော့ တစ်ယောက်ကိုတစ်ယောက် ယဉ်ကျေးလာကြတယ်။ ဒါပေမယ့် သူတို့ချည်းပဲ ရှိချိန်မှာတော့ ဒီလို မဟုတ်ဘူးကွယ့်။

အဒေါ်အီလင်က သူတို့သုံးဖို့ ပဲနိငါးဆယ်ပေးတယ်။ "ဆိုင်ကို သွားပြီး မင်းတို့လိုချင်တာ ဝယ်ကြ"လို့ ပြောတယ်။ ဒါကြောင့် သူတို့ထွက် လာကြတယ်။ ဂျင်ကတော့ သူတို့နဲ့ပါမလာဘူး၊ ဒါပေမယ့် မကြာခင် နောက်က လိုက်လာပါတယ်။

သူတို့ဟာ ဆိုင်မှာ ပူရှိမ်းသကြားလုံးကို ပန်းရောင်ပတ်ထားတဲ့ ရှည်ရှည်အချောင်းကို တွေ့ရတယ်။ "ကြည့်စမ်း၊ ပူရှိမ်းသကြားလုံးက အချောင်းတော်တော် ရှည်တာပဲနော်၊ အတော်ငုံလို့ ရမှာပဲ၊ ကြည့်ပါဦး၊ အလယ်မှာ တံဆိပ်ရေးထားတာ၊ အဲဒီအလယ်နေရာကနေ ထက်ပိုင်းချိုးပြီး စားလိုက်ရရင်တော့"လို့ ဆူးက ပြောတယ်။

www.burmeseclassic.com



"တစ်ချောင်းစီ ဝယ်မှာပေါ့ဟ"လို့ ရော်ဘင်က ပြောပြီး ဆိုင်ထဲဝင် လာကြတယ်။ သူတို့လိုချင်တဲ့ ပူရှိမ်းချောင်းက ပဲနိငါးဆယ်ပေးရတယ်။ သူတို့ မှာတာ နှစ်ဆယ့်ငါးပဲနီစီပဲ ရှိကြတယ်လေ။

"ကောင်းပြီ၊ မင်းတို့ တစ်ချောင်းပဲဝယ်ပြီး အလယ်က တစ်ဝက်စီ အညီအမျှ ချိုးယူကျပေါ့"လို့ ဆိုင်ရှင်မိန်းမက ပြောပါတယ်။

ဒါကြောင့် သူတို့ဟာ ပဲနိငါးဆယ်တန်ပူရှိမ်းချောင်းကိုဝယ်ပြီး ဆိုင် ထဲက ထွက်လာကြတယ်။ "ငါချိုးမယ်နော်"လို့ ဆူးကပြောတယ်။

"ဘယ်ရမလဲ၊ ငါချိုးမှာပေါ့။ နင်ချိုးရင် မျှတမှာမဟုတ်ဘူး"လို့ ရော် ဘင်ကပြောတယ်။ သူက ပူရှိမ်းချောင်းကိုကိုင်ပြီး သူ့ဘာသာချိုးလိုက်တယ်။ တစ်ပိုင်းကို ဆူးအတွက်ပေးလိုက်တယ်။



"ဩ၊ နင်ပေးတာသေးတယ်"လို့ ဆူးကပြောတယ်။ "နင်က ငါ့ကို ငယ်တဲ့အပိုင်းပေးတာပေါ့၊ နင့်ကျတော့"

"ငါ့အပိုင်းက ကြီးလို့လား၊ ပိုတောင် ငယ်သေးတယ်။ လုံးလုံးညီဖို့ တော့ ဘယ်ဖြစ်မလဲဟ"လို့ ရော်ဘင်ကပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဆူးဟာ ရော်ဘင်လက်ထဲကဟာကို ဆွဲယူလိုက်တော့ မြေပေါ်ပြုတ်ကျသွားပါတယ်။ "သိပ်ရိုင်းတဲ့ကောင်မလေးပဲ ငါ့ဟာ ဖုတ်တွေပေကုန်ပြီ၊ နင့်ကို လုပ်မိတော့မယ်၊ ငါကတော့ သေးတဲ့အပိုင်းကို ယူရတာ၊ အခုတော့ ဖုတ်တွေပေကုန်ပြီ၊ နှာမလေး"

သူတို့နောက်ဘက်က အသံတစ်သံ ပေါ်လာတယ်။ "ဟားဟား၊ စကားများနေကြပြန်ပြီလား၊ ငါတွေ့သားပဲ ..... ဘယ်လောက် စကားများကြသလဲဆိုတာ"

အဲဒါကတော့ ဂျင်ပါပဲ။ ရော်ဘင်က သူ့ကို မျက်နှာထားတင်းတင်းနဲ့ ကြည့်လိုက်တယ်။ ဆူးကလဲ သူ့ဘက်လှည့်လိုက်တယ်။ "ငါ့ကို ပြောပြကြစမ်းပါ၊ မင်းတို့ပြဿနာကို ငါရှင်းပေးနိုင်မလားဆိုတာ" လို့ ဂျင်ကပြောတယ်။

"ဒီလိုပါ၊ ဒီပူရှိမ်းချောင်းကို ကျွန်မတို့နှစ်ယောက် ပဲနိုငါးဆယ်နဲ့ ဝယ်ခဲ့ကြတယ်။ တစ်ဝက်စီ အညီအမျှ ပိုင်းယူကြမယ်ပေါ့၊ ဒါပေမယ့် ရော်ဘင်က ကျွန်မကိုသေးတဲ့အပိုင်းပေးတယ်၊ အဲဒါကြောင့်ပဲ"လို့ ဆူးကရှင်းပြတယ်။

"ငါကြည့်စမ်းပါရစေ"လို့ ဂျင်ကပြောပြီး ပူရှိမ်းချောင်းနှစ်ချောင်းကို ဖင်ပြန်ခေါင်းပြန် တိုင်းကြည့်တယ်။

"ဟုတ်တာပေါ့၊ ဒီအပိုင်းကရှည်ပြီး ဒီတစ်ပိုင်းက တိုနေတယ်၊ ငါ လုပ်ပေးပါ့မယ်"လို့ ပြောလိုက်တယ်။

ပြီးတော့ သူဟာ ရော်ဘင်ရဲ့ ပူရှိမ်းချောင်းကို တစ်ကိုက်ကိုက်ကာ ပျော်ရွှင်စွာ ဝါးစားလိုက်တယ်။ "သိပ်ကောင်းတာပဲ၊ မင်းတို့ ကျေနပ်ကြမှာပဲ၊ ကဲ ..... ပြန်တိုင်းကြည့်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



သူတိုင်းကြည့်ပြန်တယ်၊ ဒါပေမယ့် သူဟာ ရော်ဘင်ရဲ့ ပူရှိမ်းချောင်းကို အကိုက်လွန်သွားတာမို့ ဆူးရဲ့အပိုင်းက ပိုရှည်နေပြန်တယ်။ ဒါကြောင့် ဂျင်က ဆူးဟာကို တစ်ကိုက်ကိုက်လိုက်ပြန်တယ်။

"ဂျင်၊ မကိုက်နဲ့၊ ကျွန်မဟာကို မကိုက်နဲ့"လို့ ဆူးက မျက်ရည်ကျမလိုဖြစ်ရင်း ပြောတယ်။ သူက လုယူဖို့ ကြိုးစားသေးတယ်။ ဒါပေမယ့် ဂျင်က ပြန်မပေးဘူး။

"အို .... မလုနဲ့လေ။ အတော်ကြမ်းတဲ့ မောင်နှမပဲ၊ စကားများကြအော်ဟစ်ကြ၊ လုကြယက်ကြနဲ့၊ ငါပြန်တိုင်းကြည့်ပါရစေဦး"

"ခင်ဗျားဟာ ကိုယ်ကျိုးသမားပဲ ဂျင်ရဲ့"လို့ ရော်ဘင်က ဒေါသနဲ့ပြောတော့ ဂျင်က သူ့ရဲ့ ပူရှိမ်းချောင်းကို အကြီးကြီးကိုက်ပစ်လိုက်တယ်။

"ကျူပ် ပူရှိမ်းတော့ ဘာမှကျန်တော့မှာ မဟုတ်ဘူးဗျ"လို့ ရော်ဘင်က အော်ပြောတယ်။

"ဒီလိုလား"လို့ ဂျင်ကပြောရင်း ထပ်တိုင်းကြည့်ပြန်တယ်။ "အလိုမင်းပြောတာမှန်တယ်၊ ဆူးရဲ့ပူရှိမ်းချောင်းက အရမ်းရှည်နေပါလား၊ ကိုင်းလာစမ်းဟာ"



ပြီးတော့ သူဟာ ဆူးရဲ့ပူရှိမ်းချောင်းကို နောက်တစ်ကိုက်ကိုက်ပြန်တယ်။ ပူရှိမ်းချောင်းနှစ်ချောင်းလုံးဟာ အခုဆို တကယ်ကို သေးသွားကြပြီး

www.burmeseclassic.com



တစ်ကိုက်စာစီပဲ ကျန်တော့တယ်။ ရော်ဘင်နဲ့ဆူးဟာ ဂျင်ကို မကျေမနပ်နဲ့ ကြည့်နေကြတယ်။

"ကျန်တာကို ကျုပ်တို့ကိုပေးတော့၊ ငါတို့ဟာတွေကို ပေးစမ်း" လို့ ရော်ဘင်ကအော်ပါလေရော။

"အို ... အိုကွာ ...... ဒီလောက်ကြီး စိတ်မတိုစမ်းပါနဲ့။ မင်းတို့ရန်ပွဲကို ဆုံးဖြတ်ခအဖြစ် ငါ့ကို မပေးကြတော့ဘူးလား။ အခု ဒီအပိုင်းတွေတူသွားကြပြီ .....ကြည့်၊ ငါမတော်လား။ ဒီလိုမျှတအောင် လုပ်ပေးတဲ့အတွက် ငါ့ကို မင်းတို့ ဘာပေးကြမလဲကွ" လို့ ဂျင်ကပြောလိုက်တယ်။


"ဘာမှ မပေးဘူး" လို့ ရော်ဘင်က ဒေါသတကြီး အော်ပစ်လိုက်တယ်။

"ကောင်းပြီလေ၊ ဒါဆို .... ငါ့အဖိုးအခကို ငါ့ဘာသာ ယူရမှာပေါ့" လို့ ဂျင်ကပြောရင်း ကျန်ရှိတဲ့ မုန့်ရှိမ်းအပိုင်းလေးနှစ်ခုစလုံးကို ပါးစပ်ထဲ ပစ်သွင်းပြီး ဝါးစားလိုက်ပါလေရော။

ဆူးနဲ့ရော်ဘင်ဟာ စိတ်ပျက်လက်ပျက် စိုက်ကြည့်နေကြတယ်။ အခုတော့ ဘာဆိုဘာမှ မကျန်တော့ဘူး။ "မင်းအမေနဲ့ တိုင်ပြောမယ်" လို့ ရော်ဘင်က ပြောလိုက်တယ်။

"သူက ယုံမှာမဟုတ်ဘူးကွ၊ မင်းတို့လို စကားများတာကို သူမကြိုက်ဘူး၊ ငါ့နေရာမှာ မင်းတို့ဆိုရင်လဲ ဘာမှပြောမှာမဟုတ်ဘူး၊ သောက်ကျိုးနည်း ..... မုန့်ရှိန်းက ကောင်းလိုက်တာကွ" သူဟာ လှည့်ပြီး လေချွန်ရင်းထွက်သွားပါလေရော။ လမ်းထိပ်ရောက်တော့ သူတို့ကို လှည့်ပြောလိုက်သေးတယ်။ "ဒါဟာ မင်းတို့ နောင်ဒီလိုရပ် ထပ်မဖြစ်အောင် လုပ်တာပဲဟေ့" တဲ့။

နောင်ဆို ဆူးနဲ့ရော်ဘင်တို့ဟာ စကားများဖို့ ရန်ဖြစ်ဖို့ကို သတိထားပြီး နောင်ကြဉ်ကြတော့သတဲ့ကွယ်။





www.burmeseclassic.com

www.burmeseclassic.com

# ပိုင်ရှင်ထံ ပြန်လာတဲ့ စွန်ကလေး

ဝီလျံမှာ ချစ်စရာ စွန်အသစ်လေးရှိတယ်။ သူက အဲဒီအတွက် တကယ့်ကို ဂုဏ်ယူနေမိတယ်။ စွန်လေးမှာ အမြီးလှလှလေးရှိပြီး ပျံသန်းနေတဲ့အခါ သိပ်ကြည့်ကောင်းတာပဲ။

"ဒီစွန်လေးကို မဆုံးရှုံးပါစေနဲ့ ငါဆုတောင်းပါတယ်"လို့ သူပထမဆုံး လွှတ်တဲ့နေရာမှာပဲ ဝီလျံက အမေ့ကို ပြောပါတယ်။ "အတော်ကြီးတဲ့စွန်ပဲ၊ လေအား သိပ်ကောင်းရင် ကြိုးပြတ်သွားဦးမယ်"

"ဒီလောက်ဖြစ်မယ်လို့ မထင်ပါဘူး သားရယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီစွန်လေးပေါ်မှာ သားနာမည်နဲ့ လိပ်စာရေးထားပါလား၊ ဒါဆို ကြိုးပြတ်ကျသွားလဲ တစ်ယောက်ယောက်က ရှာတွေ့တဲ့အခါ ရိုးသားတဲ့သူက ပြန်ပေးဖို့ အခွင့်အလမ်းရှိတာပေါ့"တဲ့။

ဒီအကြံကောင်းတယ်လို့ ဝီလျံက တွေးမိတယ်။ သူဟာ စွန်ပေါ်မှာ သူ့နာမည်နဲ့လိပ်စာကို သေသေသပ်သပ် ရေးထိုးလိုက်တယ်။

စွန်က ကောင်းစွာပျံဝဲပါတယ်။ တစ်ခါတည်း လေထဲမှာ တက်သွားပြီး သက်ရှိပမာ ကြိုးကို ဆွဲငင်နေတော့တယ်။ ဝီလျံက အကျယ်ကြီး အော်ဟစ်လိုက်တယ်။

"တက်သွားပြီကွ၊ ဆွဲစမ်း စွန်လေးရေ . . . ဆွဲစမ်းကွ၊ ဟုတ်ပြီကွ၊ မြင့်သထက် မြင့်လာပြီး တိမ်ကိုဖမ်းတော့မယ့်အတိုင်းပဲ"

စွန်လေးဟာ အမြင့်ကြီးမှာ ဝဲနေတယ်။ တိမ်ညွှန့်စားတော့မယ့်အသွင်ပဲ။ ဝီလျံဟာ စွန်လေးကို ထိန်းရခက်ကြောင်းသိလာရတယ်။သူ့ခြေလှမ်းတွေ အနည်းငယ် ရှေ့တိုးသွားရတယ်။

"ဟေ့ စွန်လေး၊ သိပ်မဆွဲနဲ့ကွ"လို့ အော်လိုက်တယ်။ ဒါပေမယ့် စွန်လေးဟာ လေထဲမျောမျောသွားပြီး ဝီလျံကို ထပ်ဆွဲပြန်တယ်။သူဟာ စမ်းချောင်းလေးနား ရောက်လာပြီး ပြုတ်ကျသွားရတယ်။ သူ့ကိုယ်သူ ထူနိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



စွန်ကြိုးကို လွှတ်လိုက်ရတော့ စွန်လေးဟာ လေထန်တဲ့ကောင်းကင်မှာ အဝေးကို လွင့်ပါသွားတော့တယ်။ စွန်လေးဟာ ငှက်တွေနောက်က လိုက်သွားတယ်။ တိမ်တိုက်တစ်ခုကို ဖြတ်သန်းရပြန်တယ်။ လေယာဉ်ပျံတစ်စင်းနောက်က အပြိုင်လိုက်မိပြန်ရော။

ဗီလျံဟာ သူ့ကိုယ်သူ ထူမလိုက်ပြီး ခေါင်းဆုံးခြေဖျားရွှဲရွှဲစိုကာ စမ်းချောင်းထဲက စိတ်တိုတိုနဲ့ တက်လာမိတယ်။ "ကြည့်စမ်း၊ စမ်းချောင်းထဲ ကျသွားတာနဲ့ စွန်အသစ်လေးကို ဆုံးရပြီ၊ ဒါပထမဆုံးအကြိမ်လဲ ဖြစ်တယ်၊ ငါ့နာမည်နဲ့လိပ်စာကို စွန်လေးပေါ် ရေးပေးလိုက်မိတာ ဘုရားမတာပဲ၊ စွန်လေးတော့ ပြန်ရကောင်းပါရဲ့လေ"

အခုဆို စွန်လေးဟာ မိုင်ပေါင်းများစွာ လွင့်ပါလို့နေတယ်။ စွန်လေးဟာ နောက်ဆုံးမှာ တောအုပ်ကြီးကိုကျော်ပြီး တိမ်တွေကို ထိနေတဲ့ ဇရာမသစ်ပင်ကြီးတစ်ပင်နဲ့ တိုက်မိပါလေရော။





www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ပြုံစားမှုတောအုပ်ရဲ့အလယ်မှာ ပေါက်ရောက်နေတဲ့ 'ကွာ ဆေး' သစ်ပင်ပါ။ စွန်လေးဟာ 'ဖိုးလပြည့်' တံခါးနဲ့ တိုက်မိပြီး အပြင်ဘက်မှာ ငြိကာ တင်နေပါတယ်။

"ဝင်ခဲ့လေ"လို့ ဖိုးလပြည့်က တံခါးခေါက်သံထင်ပြီး ဖိတ်ခေါ်လိုက်ပါတယ်။ ဘယ်သူမှ ဝင်မလာတာကြောင့် ဖိုးလပြည့်လဲ တံခါးကိုဖွင့်လိုက်တယ်။ စွန်ကလေးကို မြင်ရတော့ သူအရမ်းအံ့သြသွားတယ်။



"ဘာအလိုရှိလို့လဲကွ"လို့ သူကပြောပြီး စွန်လေးကို ဆောက်ကိုင်လိုက်တယ်။ "အတော် လှတာပဲ၊ ဟော .... ဒီမှာ နာမည်နဲ့လိပ်စာ ရေးထားပါလား။ ဝီလျံ၊ ဝီလ်ဆင်၊ အမိုးနီနီ၊ သံပရာကျေးရွာတဲ့။ မင်းအဲဒီက လာတယ်ဆိုတဲ့သဘောလား"

စွန်လေးက အမြီးကို တွန့်လိမ်လိုက်တယ်။ ဖိုးလပြည့်က သစ်ပင်အောက်ကို လှမ်းအော်လိုက်တယ်။ "ဟေး ... ဖိုးဒယ်အိုးရေ၊ ခင်ဗျား အဲဒီမှာလား၊ ဒီမှာ ဘာလဲ လာကြည့်စမ်းပါ"

ဖိုးဒယ်အိုးက လှမ်းကြည့်ရင်း ဘာလဲသိရဖို့ တက်လာပါတယ်။ သူ့တစ်ကိုယ်လုံးမှာ ကရားတွေဒယ်အိုးတွေ ချိတ်ဆွဲထားတယ်။

www.burmeseclassic.com



"အဲဒါကို ပြန်ပေးရမယ်" လို့ နာမည်နဲ့လိပ်စာကို တွေ့ရတော့ သူက ပြောတယ်။ "လာစမ်း၊ တို့အခုပဲ သွားရမယ်၊ ဒီစွန်ကို ပိုင်တဲ့ကောင်လေးက တော့ စွန်လေးကို ဆုံးရှုံးတဲ့အတွက် သိပ်စိတ်ဆင်းရဲနေမှာပဲ"

စွန်ကို သစ်ခေါင်းထဲထည့်ပြီး အောက်အထိဆင်းဖို့ အရွယ်သိပ်ကြီး လွန်းတဲ့အတွက် ဖိုးလပြည့်ဟာ ဖိုးဒယ်အိုးနဲ့အတူ သစ်ကိုင်းပေါ်တက်၊ စွန်လေး ကိုကိုင်ပြီး လေထဲကို လွှတ်လိုက်ပါတယ်။ စွန်ဟာ ချက်ချင်းပဲ လေထဲမှ မြင့် တက်သွားတယ်။ ဖိုးလပြည့်နဲ့ ဖိုးဒယ်အိုးတို့ဟာ စွန်ရဲ့အမြီးကို ကိုင်လိုက်လာ ကြတယ်။

စွန်လေးက သူတို့ကို မြေပေါ်အသာအယာ ချပေးလိုက်တယ်။ သူတို့ ရဲ့အလေးချိန်က သိပ်ပေါ့တာမို့ တင်သွားပြီး ပျံလို့ရတယ်လေ။ ဖိုးလပြည့်က စွန်ကို ကောက်ကိုင်ပြီး သူ့လက်မောင်းကြား ညှပ်လိုက်တယ်။ ဒီအရပ်ဒေသမှာ တော့ စွန်ဟာ သိပ်ကြီးမျှားနေတာမို့ ကြည့်ရတာထူးဆန်းနေတယ်။ ဖိုးဒယ်အိုး က အမြီးကို သယ်လာတယ်။ ကြိုးက မြေပေါ်မှာ တီကောင်တစ်ကောင်လို တွန့်လိမ်ပြီး ပါလာတယ်။



ပြုစားမှုတောအုပ်ကို သူတို့ဖြတ်သွားပြီး တောအုပ်ကို ဝန်းရံနေတဲ့ ရေသွန်းမြောင်းကို ကျော်လာခဲ့ကြတယ်။ ပြီးတော့ သူတို့ဟာ သံပရာကျေးရွာ ကို သွားမယ့် ဘတ်စ်ကားကို တားလိုက်ကြတယ်။ ဘတ်စ်ကားဟာ အမိုးဖွင့် ထားတာမို့ စွန်ကိုသယ်ဖို့ အဆင်ပြေသွားတယ်။ ဖိုးဒယ်အိုးနဲ့ ဖိုးလပြည့်ဟာ စွန်ကို ကားပေါ်လုံလုံခြုံခြုံ တင်ပြီး ကိုင်လိုက်လာကြတယ်။

သူတို့ သံပရာကျေးရွာကို မရောက်မီမှာတော့ ခြောက်နာရီ မိုးမှောင်စ ပျိုးနေပြီ။ ဖိုးလပြည့်က အမိုးနီနီနဲ့ အိမ်ဘယ်မှာလဲလို့ မေးမြန်းစုံစမ်းတယ်။ ပြီးတော့ သူတို့နှစ်ယောက်ဟာ စွန်ကို ဝီလျံဆီ သယ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ နောက်ဖေးတံခါးဆီ သွားကြတယ်၊ ဘာလို့လဲဆိုတော့ စွန်တွေ အိမ်ရှေ့တံခါး က မသယ်သွင်းဘူးထင်လို့ပါ။ သူတို့ တံခါးခေါက်လိုက်တော့ ဝီလျံအမေက တံခါးဖွင့်လိုက်တယ်။

သူဟာ အစမှာ စွန်ကိုမမြင်ဘူး။ လုံးဝိုင်းနေတဲ့ ဖိုးလပြည့်ရဲ့ မျက်နှာနဲ့ ဒယ်အိုးတွေ ချိတ်ထားတဲ့ ဖိုးဒယ်အိုးရဲ့ ခေါင်းကိုပဲ တွေ့မိတယ်။

"ဒန်အိုး ဒယ်အိုးတွေရောင်းဖို့ လာတာလား၊ မဝယ်သေးဘူး၊ မလိုသေးဘူးလားကွယ့်"လို့ ခပ်ဆတ်ဆတ် ပြောလိုက်တယ်။

"နေပါဦး ....... ကျွန်တော်တို့က ဒါကို ပြန်သယ်လာ ...... ....." လို့ ဖိုးလပြည့်က စွန်ကိုကိုင်လို့ ပြောနေတုန်း . . .



"ဒါဆို မင်းတို့က တစ်ခုခုရောင်းဖို့ လာတာပေါ့၊ ငါဘာမှ မလိုသေးဘူးကွယ့်၊ ကျေးဇူးပြုလို့ ကြွကြပါတော့"လို့ ဝီလျံအမေက ပြောလိုက်ပြီး တံခါးကို ပိတ်လိုက်တယ်။ ဖိုးလပြည့်နဲ့ ဖိုးဒယ်အိုးဟာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြတယ်။

"ငါတို့ကို ကြည့်ရတာ သူ့အတွက် ထူးဆန်းနေလို့နဲ့တူတယ်၊ ငါတို့ အဲဒါကို မေ့သွားတယ်၊ စွန်မှာ သတင်းရေးထားပြီး ထားခဲ့တာပဲ ကောင်းမယ်၊ ပြီးရင် ဝီလျံအမေလဲ တို့ကို ဘယ်တော့မှ တွေးတောမှာမဟုတ်ဘူးပေါ့" လို့ ဖိုးလပြည့်က ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူတို့ဟာ စွန်ပေါ်မှာ အကျိုးအကြောင်းရေးပြီး မီးဖိုချောင် တံခါးနားကို ချကာ ခပ်ကျယ်ကျယ်ခေါက်ပြီး လမ်းအတိုင်း ထွက်လာခဲ့ကြ တယ်။

ဒီတစ်ခါ တံခါးလာဖွင့်သူက ဝီလျံပါ၊ သူဟာ အရင်ဆုံး စွန်လေးကို မြင်လိုက်ရတယ်ဆိုရင်ပဲ . . .

"အမေရေ၊ ကျွန်တော့်စွန်လေးဗျ .... ကြည့်ပါဦး၊ တစ်ယောက် ယောက် ပြန်ပို့ပေးထားတယ်"လို့ အော်ပါလေရော။ "ဘယ်သူလို့ အမေထင်သ လဲ၊ တံခါးကို ဘယ်သူမှ မလာဘူးလား"

"အင်း ... လာတယ်ကွယ် ..... သူတို့လာမို့ပေးတာထင်တယ်"လို့ သူ့အမေက ပြောလိုက်တယ်။ "ကြည့်ရထူးဆန်းတဲ့ လူနှစ်ယောက်လာတယ် ကွယ့် ..... တစ်ယောက်က မျက်နှာဝိုင်းဝိုင်းနဲ့၊ တစ်ယောက်က ဒယ်အိုးတွေ ချိတ်ထားတယ်"

"ဖြစ်နိုင်တယ်အမေ၊ သူတို့ဖြစ်နိုင်တယ်" လို့ ဝီလျံကပြောတယ်။ ပြီးတော့ စွန်ပေါ်မှာ ရေးထားတဲ့ စာကိုတွေ့ရတယ်။

"ချစ်သောဝီလျံ
မင်းစွန်လေးကွာဝေးသစ်ပင်ပေါ် ကျလာလို့ တို့ပြန်ပို့တာပါ၊ စွန် လေးက သိပ်လှတယ်။

မင်းကိုခင်သော
ဖိုးလပြည့်နဲ့ ဖိုးဒယ်အိုး"

"သူတို့ပဲ၊ သူတို့ပဲ"လို့ ဝီလျံက အော်လိုက်တယ်။ "အမေ၊ သူတို့ ဘယ်လမ်းက သွားကြသလဲ။ အဖေ သူတို့ကို ရှာမှဖြစ်မယ်၊ သူတို့ ဘယ်သူလို့ ထင်သလဲ ..... ကွာဝေးသစ်ပင်က ဖိုးလပြည့်နဲ့ဖိုးဒယ်အိုးတဲ့၊ သူတို့ ဘယ်လမ်း က သွားကြသလဲ"

ဒါပေမယ့် သူ့အမေက မသိပါဘူး။ ဝီလျံဟာ လမ်းအတိုင်း စထွက် လာရင်းနဲ့ လှမ်းကြည့်လိုက်တော့ အကုန် မှောင်ရီပိုးတဝါး ဖြစ်နေပါပြီ။ သူဟာ တချွပ်ချွပ်အသံကို လမ်းပေါ်ကနေ ကြားရတယ်။ ဒါမောင်ဒယ်အိုးပဲ ဖြစ်ရမယ်။ သူဟာ အသံကြားရာကို ပြေးလာခဲ့တယ်။




www.burmeseclassic.com

www.burmeseclassic.com



အသံက လမ်းထောင့်ကလာတာပါ။ ဝီလျံဟာ လှည့်ပတ်ပြေးလိုက်တယ်။ သိပ်မလှမ်းမကမ်း အမှောင်ထဲမှာ တစ်စုံတစ်ခုကို သူတွေ့ရပါတယ်။ "ဖိုးဒယ်အိုးရေ၊ ဖိုးလပြည့်ရေ"လို့ သူက လှမ်းအော်လိုက်တယ်။



အသံရပ်သွားပါတယ်။ ဝီလျံဟာ စိတ်ထက်သန်စွာ ပြေးလိုက်ပြန်တယ်။

"ငါ့ကို စောင့်ကြပါဦး၊ စောင့်ပါဦး"လို့ အော်ရင်း နောက်ဆုံးတော့ အသံကြားတဲ့ဆီကို ရောက်သွားတယ်။

ဒါပေမယ့် သူအရမ်း စိတ်ပျက်သွားရတယ်။ အဲဒါဟာ မြင်းစီးရင်း အိမ်ပြန်နေတဲ့ လယ်သမားရဲ့ သားလေးသာဖြစ်ပါတယ်။ မြင်းရဲ့ခြုံဟာ အသံတွေကြောင့်သာ တချွပ်ချွပ်မြည်နေရတာပါ။ ဒီအသံက ဒယ်အိုးတွေ ရိုက်မိတဲ့ အသံနဲ့ တူလှပါတယ်။

ဝီလျံတစ်ယောက် ဖိုးလပြည့်နဲ့ ဖိုးဒယ်အိုးကို ပြန်တွေ့ပါစေလို့ ဆုတောင်းပါတယ်။ ဒါပေမယ့် မတွေ့နိုင်ပါဘူးကွယ်။ သူတို့ သွားကြပြီမို့



www.burmeseclassic.com

www.burmeseclassic.com



သူထင်သလိုပဲ၊ သူ့စိတ်ထွေအရုပ်တွေ မပါပါဘူး။ ဝက်ဝံလေးဟာ လက်နဲ့ထိုးပြီး ပုံးထဲလျှောက်မွှေကြည့်တယ်၊ ရောင်စုံဆေးတောင့်လေးတွေကို မြင်ရတယ်၊ ထိပ်ကို အဖုံးလေးတွေ ဖုံးထားကြတယ်။

ဝက်ဝံလေးတက်ဒီက ဆေးတောင့်တွေကို ဖွင့်လိုက်တယ်။ သူဟာ ဆေးတောင့်ကို အနံ့ခံလိုက်တယ်။ ရယ်စရာအနံ့ပဲဟ။

"သွားတိုက်ဆေးဘူးလေးနဲ့တူတာယ်"လို့ ဝက်ဝံက တွေးတယ်။ "ဒါ အရုပ်တွေတိုက်တဲ့ သွားတိုက်ဆေးပဲ ဖြစ်ရမယ်"



သူဟာ ဆေးတောင့်ကို နည်းနည်းညှစ်ကြည့်တော့ အနီရောင်တီပိုးကောင်ထွက်လာလို့ အရမ်းအံ့သြသွားတယ်။ ဝက်ဝံဟာ ဆေးဘူးကို အမြန်လွှတ်ချပြီး နောက်ဆုတ်လိုက်တယ်။

"မင်းဘူးထဲပြန်ဝင်စမ်း"လို့ အနီရောင်တီကောင်ကို ပြောလိုက်တယ်။ "ဝင်စမ်း၊ ပြန်ဝင်စမ်း၊ ငါမင်းကို မကြိုက်ဘူးနော်"


အနီရောင်တီကောင်ဟာ အထဲကို ပြန်မဝင်ဘူး။ ကြမ်းပြင်ပေါ်မှာ နီနီရှည်ရှည် သူ့ကိုကြည့်ရတာ ရယ်စရာပဲ။ သူဟာ တုတ်တုတ်မှမလှုပ်လို့ ဝက်ဝံဟာ မကြာခင် ပိုထိတ်လန့်လာတယ်။ သူဟာ တီကောင်ကို အနည်းငယ် ထိုးလိုက်တော့ သူ့လက်မှာနီရဲသွားတာ တွေ့ရလို့ အံ့သြသွားတယ်။

"တီကောင်တွေ ဆေးတောင့်တွေထဲမှာ ထပ်ရှိသေးလား"လို့ သူက အနီရောင်တီကောင်ကို မေးလိုက်တယ်။ ဒါပေမယ့် အဖြေမရပါ။ ဝက်ဝံဟာ

www.burmeseclassic.com

တခြားသေတ္တာတွေကို ကြည့်ပြန်တယ်။ အစိမ်းရောင်လို့ ညွှန်းထားတဲ့ သေတ္တာတစ်ခုဟာ ကြည့်ရတာတောင် တောင့်တောင့်တင်းတင်းပဲ။ ဒီအထဲမှာ တီကောင်အရှည်ကြီးနေတာ ဖြစ်ရမယ်။

သူဟာ ဆေးတောင့်ကို သတိထားမပြီး တစ်ချက်ညှစ်လိုက်တယ်။ ဘာမှ ဖြစ်မလာပါဘူး။ "ဩ၊ ငါက အဖုံးကို ဖွင့်ရဦးမှာပဲ"လို့ ဝက်ဝံကပြောရင်း အဖုံးကို ဖွင့်ရဦးမှပဲ"လို့ ဝက်ဝံကပြောရင်း အဖုံးကိုဖွင့်လိုက်တယ်။ သူဟာ ဆေးတောင့်ကို ထပ်ညှစ်ပြန်တယ်။ ချက်ချင်းပဲ အစိမ်းရောင်တီကောင်ရှည်ကြီး ထွက်လာပြီး ပတ်ပတ်လည်မှာ ခွေလိပ်နေပါတော့တယ်။ ဝက်ဝံဟာ အတော်လန့်သွားတယ်၊ ဒါပေမယ့် သိပ်စိတ်လှုပ်ရှားနေမိတယ်လေ။



"ငါတော့ အံ့ဩစရာ လျှို့ဝှက်ချက်တစ်ခုကို ရပြီ"လို့ သူဘာသာ သွားမိသတဲ့။ "စိတ်ဝင်စားစရာ တီကောင်မျိုးစုံ နေတဲ့နေရာကို ငါသိပြီ၊ သူတို့ အပေါက်တွေကနေ သူတို့ထွက်လာအောင်လဲ ငါလုပ်နိုင်ပြီ၊ တခြားသူတွေကို ငါပြောပြလိုက်မယ် ......။ ဒါပေမယ့် အဝတ်ရုပ်ကိုတော့ ငါမပြောပြဘူး၊ ဘာလို့လဲဆိုတော့ သူက ငါဒီလိုမလုပ်သင့်ဘူးလို့တော့ တွေးမှာမို့ပဲ၊ ငါက စိတ်ရှုပ်ဖက်တတ်တယ်လို့ သူပြောတယ်လေ"

ဝက်ဝံဟာ စက္ကူပုံးကို ကျောခိုင်းပြီး တခြားအရုပ်တွေဆီ ထွက်လာတယ်။ သူတို့ဟာ ဂီတသေတ္တာကို နားထောင်နေပါတယ်။ သဘော်သားရုပ်လေးက သေတ္တာကို သံပတ်ပေးပေးတယ်လေ။ အဝတ်ရုပ်က အရုပ်အိမ်ဘေး ပြတင်းပေါက်တွေကို သန့်ရှင်းရေးလုပ်နေပါတယ်။ သူဟာ ကောင်းမွန်တဲ့ အဝတ်ရုပ်မို့ အမြဲလို တစ်ခုမဟုတ်တစ်ခု လုပ်နေပါတယ်။

"ငါပြောပြမယ်ဟေ့၊ တီကောင်တွေ ဘယ်မှာနေသလဲ ငါသိတယ်ကွ" ဝက်ဝံက လေသံတိုးတိုးနဲ့ ပြောလိုက်တယ်။

"ဘယ်မှာလဲ"လို့ သံပတ်ကြွက်ရုပ်က အံ့ဩတကြီး မေးတယ်။

"ဟာ ဒါငါ့လျှို့ဝှက်ချက်ပဲကွ၊ သူတို့ကို တွင်းထဲက ထွက်လာနိုင်အောင်လဲ ငါလုပ်နိုင်တယ်ကွ၊ အရောင်မျိုးစုံနဲ့ အံ့ဩစရာ တီကောင်တွေပဲ



www.burmeseclassic.com


www.burmeseclassic.com



ကွ”လို့ ဝက်ဝံက ပြောတယ်။ “မမိုက်စမ်းနဲ့၊ တီကောင်ဆိုတာ အနီရောင်ပဲကွ၊ တခြားအရောင် မရှိဘူး၊ လာဖြီးမနေနဲ့”လို့ အရုပ်လေးက ပြောပါတယ်။

“ပြီးတာမဟုတ်ဘူးကွ၊ ရောင်စုံတီကောင်တွေနေတဲ့နေရာကို ငါသိတယ်ကွ၊ မင်းတို့သာ ငါ့ကိုတစ်ခုခုစီ ပေးမယ်ဆိုရင် တီကောင်တွေ သူတို့အိမ်ထဲက တွန့်လိမ်ထွက်လာတာကို ငါပြမယ်လေ”လို့ ဝက်ဝံက ခပ်ပြတ်ပြတ်ပြောတယ်။

သံပတ်ကြွက်ရုပ်လေးဟာ ထူးဆန်းတဲ့ တီကောင်တွေကို သိပ်မြင်ချင်မိတာ။ သူဟာ သူ့လည်ပင်းက အပြာရောင်ဖဲကြိုးကို ယူပြီး ဝက်ဝံလေးကို ပေးလိုက်တယ်။ “ကျွန်တော် တီကောင်တွေကို ကြည့်ချင်တယ်ဗျာ၊ ငွေတော့ မရှိဘူး ..... ဒီဖဲကြိုးကိုပဲ ယူပါ”လို့ ပြောလိုက်တယ်။



“ဘယ်သူလာဦးမလဲ”လို့ ဝက်ဝံကပြောလိုက်တယ်။ ဒါပေမယ့် ဘယ်သူမှ မကြည့်ချင်ကြဘူး။ ဒါကြောင့် ဝက်ဝံဟာ သံပတ်ကြွက်ရုပ်လေးကို စက္ကူပုံးနားခေါ်သွားပြီး စောင့်ကြည့်ဖို့ ပြောတယ်။

ပြီးတော့ သူဟာ အဝါရောင်ဆေးတောင့်ကိုယူပြီး အဖုံးဖွင့်လိုက်တယ်။ ရုတ်တရက် ဆေးတောင့်ကိုညှစ်လိုက်တော့ ရှည်မျောမျောအဝါရောင်တီကောင်ဟာ ကြွက်လေးအနားအထိ ထွက်လာပါတယ်။ သူဟာ ရှူးရှူးဝါးဝါးထအော်ပြီး ပြေးပါလေရော။

“ဘာဖြစ်တာလဲ”လို့ အရုပ်မလေးက အံ့ဩစွာ မေးတယ်။ “တီကောင်ကို တကယ်မြင်ရလို့လား”

www.burmeseclassic.com



"မြင်ရတယ်၊ မြင်ရတယ်"လို့ ကြွက်က လန့်လန့်နဲ့ဖြေတယ်။ "အဝါရောင်တီကောင်ပဲဗျ၊ ကျွန်တော့်ဆီ ထွက်လာလိုက်တာ လန့်စရာပဲ"

ဒါကြောင့်မို့လို့ အဲဒီနောက်မှာ အရုပ်တွေအားလုံးဟာ တီကောင်တွေကို ကြည့်ချင်လာကြတယ်။ အဝတ်ရုပ်က အရုပ်အိမ်ရဲ့ ပြတင်းပေါက်တွေကို သန့်ရှင်းနေတာမို့ မလာအားပါဘူး။ ဒါပေမယ့် တခြားအရုပ်အားလုံးက ဝက်ဝံကို တစ်ခုခုစီပေးပြီး တီကောင်တွေကြည့်ဖို့ ဟန်ပြင်ကြတယ်။

အရုပ်မလေးက သူ့ကို သူ့ဝတ်စုံက ရင်ထိုးလေးပေးတယ်။ ပန်းရောင်ကြောင်လေးက သူ့နှုတ်ခမ်းမွှေးတစ်ပင် ပေးတယ်။ သင်္ဘောသားရုပ်လေးက သူ့ဦးထုပ်ကို ပေးတယ်။ အရုပ်မကြီးက သူ့ကို ဖိနပ်တစ်စုံပေးတယ်။ ဒါကြောင့် ဝက်ဝံဟာ ပစ္စည်းတော်တော်များများကို ရလိုက်တယ်။ သူဟာ အရုပ်ဗီရိုနောက်ကို သူတို့ကို ဂရုတစိုက် တွန်းပို့လိုက်တယ်။

ပြီးတော့ အရုပ်တွေကို စက္ကူပုံးနားခေါ်လာပါတယ်။ "ဟောဒီမှာ တီကောင်သုံးရောင်"လို့ သူကပြောပြီး အနီ၊ အဝါနဲ့ အစိမ်းရောင် တီကောင်တွေကို ညွှန်ပြလိုက်တယ်။ "အခု မင်းတို့ကို အပြာရောင်တီကောင် ထိုးထွက်လာတာကို ပြမယ်၊ ကြည့်ထားကြ"



အရုပ်တွေဟာ အံ့သြတကြီး စောင့်ကြည့်ကြတယ်။ ဝက်ဝံဟာ အပြာရောင်ဆေးဘူးရဲ့ထိပ်ကို လှည့်ဖွင့်လိုက်ပြီး ခပ်နာနာညှစ်လိုက်တယ်။ ရောမ တီကောင်ကြီးတစ်ကောင် ချက်ချင်းပဲ ထွက်လာကာ အရုပ်မကြီးရဲ့ ခြေထောက်ကို ထိမတတ် ဖြစ်သွားတယ်။ အရုပ်မက လန့်အော်လိုက်တယ်။

"အိုး .... တီကောင်ကြီးတော့ ကျွန်မတွေ့ဖူးသမျှထဲမှာ အကြီးဆုံးပဲ"

"နောက်တစ်ကောင်လုပ်ပြပါ၊ နောက်တစ်ကောင်"လို့ သင်္ဘောသားရုပ်လေးက စိတ်ပါလက်ပါ တောင်းဆိုတယ်။ "အနက်ရောင်တစ်ကောင်လောက် လုပ်ပြနိုင်မလား၊ မင်းအစွမ်းကို ကြည့်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com





ဝက်ဝံဟာ ကျေနပ်သွားတယ်။ သူဟာ အနက်ရောင်ဆေးတောင့်ကို ကောက်ကိုင်ပြီး ထိပ်ကို ဖွင့်လိုက်တယ်။ ခပ်ပြင်းပြင်းညှစ်လိုက်တော့ ရှည်မျော မျောဝဖီးပြီး အနက်ရောင်တီကောင်ကြီး တွန့်လိမ်ထွက်လာတာမို့ အရုပ်တွေ ဟာ အလန့်တကြား ထအော်ပြီး ထွက်သွားကြပါလေရော။

အဝတ်ရုပ်ဟာ ပြတင်းပေါက် သန့်ရှင်းနေရာက အံ့သြစွာ ကြည့် လိုက်တယ်။ "ဘာဖြစ်တာလဲ၊ မင်းတို့ ဘာလို့ ထိတ်လန့်လာကြတာလဲ"လို့ မေးလိုက်တယ်။ "တီကောင်တွေဗျ"လို့ သံပတ်ကြွက်ရုပ်က ဖြေတယ်။ အဝတ် ရုပ်က အံ့အားသင့်ပြီး ကြည့်လိုက်တယ်။

"ဒီအခန်းထဲမှာ ဘာတီကောင်မှ မရှိပါဘူးကွ၊ သူတို့က အိမ်အပြင် ဘက်မှာပဲနေတာ၊ အိမ်ထဲမှာ မနေဘူး"လို့ သူကပြောပါတယ်။

"ဝက်ဝံက ဒီထဲမှာ တီကောင်တွေ အများကြီးကို ရထားတယ်ဗျ၊ တကယ်ရှိတာ၊ သူက တီကောင်တွေ လုပ်ပြနိုင်တယ်၊ သူတို့ဟာ အနီအဝါ ရောင်စုံနဲ့ ရှတ်တရက်ထွက်လာကြတယ်"လို့ သဘော်သားရုပ်ကပြောတယ်။

www.burmeseclassic.com



"ထူးတော့ထူးဆန်းနေပြီပေါ့"အဝတ်ရုပ်ကပြောပြီး တီကောင်တွေကို ကြည့်ဖို့ထွက်ခဲ့တယ်။ သူဟာ ညှစ်ထားတဲ့ ဆေးတွေကို စိတ်တိုတိုနဲ့ စိုက်ကြည့် နေတယ်။ "အတော်ဆိုးတဲ့ ဝက်ဝံပဲ"လို့ သူက တက်ဒီကို ပြောလိုက်တယ်။ "မင်း ဘာလုပ်ခဲ့သလဲ မင်းသိလား၊ မင်းဟာ ပန်းချီဆေးတောင့်တွေကို အကုန် ဖြုန်းပစ်လိုက်တာပဲ၊ ဒါတီကောင်တွေ မဟုတ်ဘူးကွ၊ ပန်းချီဆေးတွေ သိပြီ လား"

"အို ... ဒါ တီကောင်တွေပဲ ထင်တယ်၊ သူတို့က တီကောင်တွေလိုပဲ တွန့်လိမ်နေတယ်၊ သူတို့ကို လုပ်ရတာ ပျော်စရာပဲဗျ"လို့ ဝက်ဝံက စောဒက တက်ပါတယ်။ "မင်းက ဆေးတောင့်တွေအားလုံးကို အလဟဿ လုပ်ပစ်တာပဲ ကွ"လို့ အဝတ်ရုပ်က ခပ်မာမာပြောတယ်။ "ကလေးတချို့က ဒီဆေးတွေကို သုံးရတာ သဘောကျတယ်ကွ၊ မင်းဟာ အရမ်းကို ဆိုးတဲ့ကောင်ပဲ၊ မင်းအစား ငါရှက်တယ်"



ဝက်ဝံဟာ စိတ်ညစ်သွားတယ်။ သူဟာ ဒါကို ဘာလုပ်ရမှန်း မသိခဲ့ ဘူး၊ ဒါပေမယ့် ဒီလိုလုပ်ရတာ ပျော်စရာပဲ။ သူဟာ ရောင်စုံတီကောင်တွေကို ဂရုစိုက်ကြည့်ပြီး ဘာလုပ်ရမလဲတွေးနေတယ်။ အဝတ်ရုပ်က သူ့ကို မနှစ်မြို့စွာ ကြည့်လိုက်ပြီး သူ့အလုပ်ကို ပြန်လုပ်ပါတယ်။

ဝက်ဝံဟာ သိပ်စိတ်ဆင်းရဲမိပါတယ်။ သူဟာဆေးတွေကို တစ်ခုခု လုပ်မှ ဖြစ်တော့မယ်။ သူဟာ သူတို့ကိုသူတို့ အိမ်ထဲပြန်ထည့်ရမယ်။

ဒါကြောင့် ဝက်ဝံဟာ တီကောင်တွေကို ဆေးတောင့်ထဲထည့်ဖို့ စကြိုးပမ်းပါတော့တယ်။ ဒါပေမယ့် သူမတတ်နိုင်ပါဘူး၊ သူတွန်းပေမယ်လေး တီကောင်တစ်ကောင်စီဟာ စုပုံလာလေလေ ဖြစ်လို့ပါပဲ။ ဒါကြောင့် သူလဲ လက်လျှော့လိုက်ပြီး အရုပ်ဗီရိုကို ပြန်လာပါတော့တယ်။ သူ့ကိုယ်မှာ အစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်၊ အဝါရောင်၊ အနီရောင်၊ အပြာရောင်တွေ နေရာအနှံ့ ပေရေနေပါတယ်။ အရုပ်တွေဟာ သူ့ကို အလန့်တကြား ကြည့်ကြတယ်။

"တက်ဒီကိုကြည့်စမ်းပါ။ သူကြည့်ရတာ အဖာတစ်ရာစောင်နဲ့ တူနေပြီ"လို့ အရုပ်မကြီးကပြောတယ်။ "ဘုရားရေ... ငါ့နားမလာနဲ့၊ တက်ဒီရယ် ... နင့်ပုံက ကြောက်စရာပဲ"

သူ့ပုံဟာ တကယ်လဲ ကြောက်စရာပါပဲ။ နောက်တစ်နေ့မှာ အဲလစ်က သူ့ကိုတွေ့သွားတော့ သိပ်စိတ်တိုသွားပါတယ်။ "နင်က ငါ့ဆေးအဟောင်းတွေကို လျှောက်လုပ်တယ်ပေါ့၊ ငါနင့်ကို ဆေးကြောပြီး ပွတ်တိုက်ပေးမှပဲ၊ ပြီးရင် ကြိုးတန်းမှာ ဆွဲထားရမယ်၊ နင်ဟာ အတော်မိုက်မဲတဲ့ ဝက်ဝံလေးပဲ" လို့ ဆူပါသတဲ့။ ဒါကြောင့် ဝက်ဝံလေးဟာ ဆပ်ပြာရေထဲမှာ ဆေးကြောပွတ်တိုက်ခံရပြီး နားရွက်တွေကို ကလစ်နဲ့ အဝတ်တန်းမှာညှပ်ကာ ချိတ်ထားခြင်း ခံရပါတော့တယ်။

အရုပ်တွေက ပြတင်းပေါက်ကထွက်ကြည့်ပြီး ကြိုးတန်းပေါ်မှာ တွဲလောင်းဖြစ်နေတဲ့ သူ့ကိုမြင်သွားကြပါတယ်။

"နေရာတကာ ဝင်ရှုပ်တဲ့သူတော့ အခုဖြစ်နေပြီလဲ ကြည့်ကြပေါ့၊ ဒုက္ခရောက်နေပြီပေါ့"လို့ အဝတ်ရုပ်က ပြောပါတယ်။

သူပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဝက်ဝံလေးအတွက်တော့ စိတ်မကောင်းပါဘူး ကလေးတို့ရယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းရာညွှန်လတ်

ဆုပေးတဲ့နေ့ကပေါ့ ဂျမ်းစ်တစ်ယောက် အိမ်ပြန်လာတော့ အမေက ဈေးဝယ်ပြီး ပြန်ရောက်လာကာစပဲ ရှိသေးတယ်။ အဖေကတော့ အိမ်နောက်က ပန်းခြံထဲမှာ လွှတိုက်နေတယ်။ မီးဖိုချောင်တံခါးကြားကနေ ချောင်းကြည့်လိုက်တော့ အမေက ကြောင်အိမ်ထဲက တိုလီမုတ်စတွေကို ရှင်းနေတယ်။ အဖေကတော့ ခြံထဲမှာ လွှတိုက်ရင်း အလုပ်များနေလေရဲ့။

လူတွေကတော့ ထင်ကြလိမ့်မယ်။ ဒီနေ့ဟာ ဆုပေးတဲ့နေ့ဆိုတော့ ဂျိမ်းစ်တစ်ယောက် ဆုယူပြီး ပြန်လာရင် မီးဖိုထဲ အတင်းဝင်ပြီး သူ့အမေကို ဝမ်းသာအားရပြောမလား၊ ဒါမှမဟုတ် ခြံထဲပြေးဆင်းပြီး ဖအေကိုပဲ ပြေးပြောမလားဆိုပြီး .....။ တကယ်တော့ ဒီလိုမဟုတ်ပါဘူး။ ဂျိမ်းစ်ဟာ အပေါ်ထပ်က မှောင်နဲ့မည်းမည်း သူ့အခန်းကျဉ်းလေးထဲကို တိတ်တိတ်လေးတက်သွားပြီး တံခါးပိတ်ထားလိုက်ပါတော့တယ်။

အဲဒီအခန်းလေးထဲမှာ သူဟာ ညလယ်စာစားချိန်အထိ တစ်ယောက်တည်း ဒီလိုပဲ နေခဲ့တယ်။ ဒီတော့ မအေလုပ်တဲ့သူက စိတ်ပူလာပြီပေါ့။

"ဂျိမ်းစ်တစ်ယောက် ဘယ်မှာလဲဟေ့"လို့ ဖအေကြီးကိုမေးလိုက်တော့ ....

"ငါလဲ မသိပါဘူးကွယ်၊ သူ့စက်ဘီးကတော့ ရှိသားကလားကွယ့်၊ ဒီတောအိမ်မှာပဲ ရှိရမှာပေါ့။ ဒါပေမယ့် မြင်တော့မမြင်မိဘူးဟေ့။ ငါကတော့ သူဆုယူရာက ပြန်လာရင် ဝမ်းသာအားရနဲ့ တို့ကိုလာပြောမယ်လို့ မျှော်လင့်နေတာ။ ဒါဆို ဒီကလေး ဆုများမရလို့လား၊ ခါတိုင်း ဒီလိုမလုပ်တတ်ပါဘူး၊ ဒီစိတ်မျိုးလဲ မရှိပါဘူး။ ဒါပေမယ့် ဘာပြောပြော မိဘတွေကတော့ ကြွားချင်တာပေါ့"လို့ ဖအေကြီးက ပြန်ပြောလိုက်တယ်။


ဒါနဲ့ အမေလုပ်တဲ့သူက အပေါ်ထပ်တက်ပြီး သူ့အိမ်ခန်းဆီ သွားကြည့်တယ်။ အဲဒီမှာလည်း ဂျိမ်းစ်မရှိဘူး။ ဘယ်များသွားနေပါလိမ့်။ ဒါနဲ့



www.burmeseclassic.com


www.burmeseclassic.com





သူ့အော်ခေါ်ကြည့်တယ်။ "ဂျိမ်းစ် ..... ဂျိမ်းစ်ရေ .... ဘယ်မှာလဲဟေ့၊ ထမင်းစားကြတော့မယ်ကွယ်"

"ကျွန်တော် ဒီမှာပါ"လို့ အသံစိုးတိုးလေးထွက်လာပြီး ဂျိမ်းစ်ဟာ အခန်းကျဉ်းလေးတစ်ခုထဲက တံခါးဖွင့်ပြီး ထွက်လာတယ်။ မျက်နှာတစ်ခုလုံးလဲ နီရဲလို့၊ ကြည့်ရတာကတော့ ငိုထားတဲ့ပုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်းစ်၊ အဲဒီအခန်းကျဉ်းလေးထဲမှာ မင်းတစ်ယောက်တည်း ဘာလုပ်နေတာလဲ၊ ခုချက်ချင်း အောက်ဆင်းခဲ့စမ်း"လို့ အမေက ပြောလိုက်တယ်။

ဂျိမ်းစ်လဲ အောက်ကိုဆင်းလာခဲ့တယ်။ ခေါင်းကြီးက နောက်ငိုက်စိုက်ချလို့ပေါ့။ ဖြစ်နိုင်ရင် ဘယ်သူ့မျက်နှာကိုမှ မကြည့်ချင်ဘူးဆိုတဲ့ သဘောပေါ့။ အခန်းထဲသူဝင်လာတော့ ဖအေလုပ်သူက မော့ကြည့်တယ်။

"ဟော့ . . . ဂျိမ်းစ်၊ မင်းဘာဆုမှ မရဘူးလားကွ"

"မရဘူးဖေ့ဖေ၊ စာရင်းထဲမှာ ကျွန်တော်ဘိတ်ဆုံးပဲ၊ ဖေဖေလဲ သိသားပဲ၊ သားဘယ်လောက်ကြိုးစားတယ်ဆိုတာ၊ ဒါပေမယ့် ဘယ်တော့မှ အမှတ်ကောင်းကောင်း မရဘူး။ ကျွန်တော်က တကယ်ဉာဏ်တုံးတဲ့ကောင်ပါ" လို့ ဂျိမ်းစ်က စိတ်ပျက်လက်ပျက်နဲ့ ပြန်ဖြေတယ်။

"ကဲ .... ငါ့သား၊ ထိုင် .... အေးအေးဆေးဆေးစား၊ ပြီးရင် တို့စကားနည်းနည်းပြောရအောင်"လို့ အဖေကပြောလိုက်တယ်။

"ကောင်းတဲ့အကြောင်းလဲ ပြောစရာမရှိတော့ပါဘူးအဖေရာ၊ ပြောနေရုံနဲ့လဲ ကျွန်တော့် ဦးနှောက်က ကောင်းလာမှာ မဟုတ်တော့ပါဘူး။ ကျွန်တော်က လူဆိုးလူညံ့လေးဆိုတော့ တခြားသူတွေအတွက် ရယ်စရာသက်သက်ဖြစ်နေတာပေါ့။ ဘယ်တုန်းကမှဒီလိုမဖြစ်ဖူးဘူး။ ခုတော့ ကျွန်တော့်မှာ ပေါင်းသင်းစရာ သူငယ်ချင်းကလဲ မရှိ၊ လက်ဖက်ရည်သောက်ခေါ်မယ့် လူတောင် မရှိဖြစ်နေပြီ။ ဘယ်ခေါ်ချင်ပါ့မလဲ၊ သူတို့က ကျွန်တော့်ကို လူညံ့ကလေးလို့ ထင်နေတာကိုး။ အဖေတို့အမေတို့လဲ ကျွန်တော့်အတွက်နဲ့ အရှက်ရနေကြပြီဆိုတာလဲ ကျွန်တော်သိပါတယ်"

ပြောရင်းနဲ့ ဂျိမ်းစ်တစ်ယောက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာတယ်။ ငိုရင်းရှိုက်ရင်းနဲ့ပဲ မျက်ရည်တွေက သူ့ပန်းကန်ထဲက ဒိန်ခဲတွေအပေါ် ကျကုန်တယ်။

"ကဲ၊ ဒါဆို အခုကစပြီး ငါ့သား အဖေပြောတာကို ခဏလောက် နားထောင်စမ်းပါဦး"ဆိုပြီး ဖခင်ဖြစ်တဲ့သူက သားရဲ့ပခုံးကို အသာပုတ်လို့ ပြောလိုက်တယ်။


"မင်းတကယ့်ကို အပြင်းအထန် ကြိုးစားတာ အဖေတို့ သိသားပဲ ဘာဖြစ်လို့ မင်းကြောင့် အဖေတို့ အရှက်ရမှာလဲကွ။ တကယ်လို့ မင်းမကြိုးစားဘူးဆိုရင်တော့ ဟုတ်တာပေါ့၊ အဖေတို့ ရှက်ရမှာပေါ့၊ ဒါပေမယ့် သားလဲ အသိ အဖေတို့လဲ အသိပဲ၊ သားက တော်တော်ကြာကြာကြီးကို နေ



www.burmeseclassic.com

www.burmeseclassic.com





ကောင်းဖြစ်လိုက်တော့ တခြားကျောင်းသားတွေကိုတော့ ဘယ်လိုက်မီပါတော့မလဲ။ အဖေတို့လဲ မင်း 'ပထမ'ရရမယ်ဆိုတာမျိုး မျှော်လင့်မထားပါဘူးကွာ"

"ဒါပေမယ့် ဖေဖေရာ၊ သားက ဘယ်နေရာမှာမှ တော်တယ်လို့ မရှိဘဲ"လို့ ဂျိမ်းစ်က မျက်ရည်သုတ်ရင်း ပြောလိုက်တယ်။

"တွမ်ကိုပဲကြည့် .ဖေဖေရာ၊ သူက စာတော့မတော်ဘူး၊ ဒါပေမယ့် ပုံဆွဲသိပ်ကောင်းတာ ဖေဖေရ။ သူဆွဲတဲ့ရုပ်ပုံတွေဆို ကျန်တဲ့ကောင်တွေက သိပ်ကြိုက်ကြတာပဲ။ နောက်ပြီး ပီတာဆိုရင်လဲ သီချင်းဆိုသိပ်ကောင်းတာ။ ဂျက်ဆိုရင့်လဲ ကျွန်တော်တို့က လွှင့်ပစ်ထားတဲ့ စက်အပျက်တွေကို ကောင်းကောင်းပြင်နိုင်တယ်။ တခြားကျောင်းသားတွေလဲ အတန်းထဲမှာ သိပ်တော်လှတယ်မဟုတ်ကြပါဘူး။ ဒါပေမယ့် သူတို့လဲ တစ်ခုခုတော့ တော်ကြတာပဲ။ သားတစ်ယောက်တည်း ဘယ်နေရာမှ မတော်တာ၊ ပိုဆိုးတာက ပေါင်းမယ့် သူငယ်ချင်းကလဲ တစ်ယောက်မှ မရှိဘူး၊ ကျွန်တော့်လောက်ဆိုးတဲ့သူ ရှိဦးမလား ဖေဖေရ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကောင်းပြီ၊ နှလိုဖြစ်တာကို သားက ကံဆိုးတယ်ထင်ရင် တို့မိသားစု တခြားနည်းလမ်းရှာကြတာပေါ့ကွယ်။ ခုတော့ ညစာစားလိုက်ဦးကွယ့်၊ ပြီးရင် နည်းလမ်းရှာဖို့ စဉ်းစားတာပေါ့ကွယ်"လို့ မအေလုပ်သူက ဝင်ပြောပါတယ်။ ခဏနေတော့ ဂျိမ်းစ်က စဉ်းစားနေတယ်။ တော်ကြာမှ . . .

"ကောင်းပြီမေမေ၊ ဒါဆို အမေတို့လဲ ဝိုင်းစဉ်းစားပေါ့၊ ဘာပဲပြောပြော သားလုပ်နိုင်တာ တစ်ခုတော့ မေမေတို့ စဉ်းစားပေးနိုင်မယ် မဟုတ်လား"

မအေလုပ်သူလဲ ဝမ်းသာသွားပြီး "ရှိတာပေါ့ကွယ်၊ အမေတို့မှာ သားလုပ်နိုင်တာ တစ်ခု စိတ်ကူးရှိတယ်၊ ကောင်းတဲ့အလုပ်ပဲ။ ဆိုပါတော့ လူတွေလာတဲ့အခါ တံခါးဖွင့်ပေးတာမျိုး၊ သူတို့ဆီက အထုပ်အပိုးတွေ ကူသယ်ပေးတာမျိုး၊ ဘတ်စ်ကားစီးတဲ့အခါ နေရာဖယ်ပေးတာမျိုး၊ ဒါတွေဟာ သားအတွက် အသေးအမွှားပါကွယ်။ တစ်ကျောင်းလုံးမှာ အရည်မွန်ဆုံး ကျောင်းသားအဖြစ် သားဘာလို့ မကြိုးစားနိုင်ရမှာလဲ။ အဲဒီအခါကျမှ အမေက ငါ့သားအတွက် တဝကြီး ဂုဏ်ယူရမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအပြုအမူမျိုးရှိတဲ့ ကလေးဟာ သနားကြင်နာတတ်တယ်၊ ယဉ်ကျေးပျူငှာမှုရှိတယ်၊ သည်းခံစိတ်ရှည်တယ်၊ ကိုယ်ကျိုးစွန့်တယ်။ ဒါတွေအားလုံးဟာ တကယ်အမွန်မြတ်ဆုံးအရာတွေပေါ့ကွယ်၊ ငါ့သားလေးက အဲဒီစိတ်မျိုးတွေနဲ့ ကြိုးစားမယ်ဆိုရင် အမေတို့ဆီကို ဆုတွေ တစ်ပွေ့တစ်ပိုက်ကြီး ရလာတာထက်တောင်ပိုပြီး တန်ဖိုးရှိသေးတယ်"

"အမေပြောတာ တကယ်လားဟင်၊ ဒီလိုလုပ်ရင် သူငယ်ချင်းတွေက ကျွန်တော့်ကို ပြန်ခေါ်မှာလား၊ တချို့ကောင်တွေက လှောင်တောင်လှောင်နေဦးမယ် အမေရ"လို့ ဂျိမ်းစ်က တအံ့တသြနဲ့ ပြန်မေးလိုက်တယ်။

"ဘာလို့ မလုပ်နိုင်ရမှာလဲ .... စောင့်ကြည့်လိုက်စမ်းပါ၊ အခုဆို သားမှာ ကျောင်းနှစ်ပတ်ပိတ်ထားတယ်။ အိမ်နဲ့ပတ်ဝန်းကျင်မှာပဲ စမ်းလုပ်ကြည့်စမ်းပါ၊ နောက် ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ကြည့်ကြရအောင်"လို့ မအေကြီးက ပြောတော့ ....

"ကောင်းပြီမေမေ ....၊ ဒါဆို သားကြိုးစားမယ်၊ အမေတို့ သားအတွက် ဂုဏ်ယူရစေမယ်။ တကယ်လုပ်မယ်အမေရာ .... ၊ မနက်ဖြန်ကစပြီး လုပ်တော့မယ်"လို့ ဂျိမ်းစ်က အားတက်သရော ပြောလိုက်တယ်။

တကယ်တော့ ဂျိမ်းစ်ဟာ သူ့အလုပ်ကို အဲဒီညမှာပဲ စတင်လိုက်ပါတော့တယ်။ သူ့အမေ ပန်းကန်တွေ သယ်လာတာကို တံခါးဖွင့်ပေးတယ်။

www.burmeseclassic.com



နောက်ပြီး သူ့ဘာသာတင်ယောက်တည်းပဲ အပြင်ဘက်ထွက်ပြီး အပန်းဖြေ အနားယူတယ်။

နောက်တစ်နေ့မှာတော့ ဂျိမ်းစ်ဟာ အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။ ဂျိမ်းစ်ဟာ လမ်းမှာ မစ္စက်ဘရောင်းကို တွေ့တာနဲ့ ခေါင်းကဦးထုပ်ကို ချွတ်လိုက်တယ်။ နောက်ပြီး မုန့်ဖိုးမတောင်းဘဲနဲ့ မစ္စက်ဘရောင်းကို သာသာထိုးထိုးလေး မြှင့်တင်ပြောလိုက်တယ်။ နောက်ပြီး မစ္စက်ဘရောင်း မေးသမျှကိုလဲ မတတ်တတ်ရပ်ပြီး ယဉ်ယဉ်ကျေးကျေး ပြန်ဖြေတယ်။ မစ္စက်ဘရောင်းကတော့ ဂျိမ်းစ်ရဲ့ ပြောဆိုဆက်ဆံပုံကို ကြည့်ပြီး သဘောကျလို့ ပြုံးနေတယ်။



"မင်းလို ယဉ်ကျေးတဲ့ကလေးမျိုး တွေ့ရတာ ငါတို့လို အဘွားကြီးတွေအတွက် စိတ်ချမ်းသာလိုက်တာကွယ်၊ နောက်လဲ အဘွားအိမ်ကို လာလည်ခဲ့ပါဦး။ ငါ့မြေးကို အဘွားကိုယ်တိုင် ဘီစကွတ်မုန့် လုပ်ကျွေးချင်လို့ပါ။ အဘွားအိမ် မင်းလာတတ်မှာပေါ့၊ ပြတင်းပေါက်မှာ ဂျီ၊ ဘီလို့ စာရေးပြထားတယ်။ မင်းလာမယ်ဆိုရင် တံခါးသာခေါက်လိုက်၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးအများကြီး တင်ပါတယ်"လို့ ဂျိမ်းစ်က ပြန်ပြောလိုက်တယ်။

ဒါနဲ့ သူဆက်လျှောက်လာတော့ ကျောင်းကကောင်လေးတစ်ယောက်က သူ့ကို လှမ်းခေါ်ပြီးပြောတယ်။

"ဟေး ... ဂျိမ်းစ်၊ ဘီစကွတ်ဆိုလား ... ငါကြားလိုက်သလားလို့ပါ"

"ဟုတ်လား ... မင်းကြားလိုက်သလား"လို့ ဂျိမ်းစ်ကပြန်မေးတယ်။

"အေးပေါ့ .... မင်းတကယ်ရခဲ့ရင် ငါ့ကို တစ်ခုလောက် ပေးစမ်းပါကွာ"လို့ ကောင်လေးက ဂျိမ်းစ်ဆီက တောင်းနေတယ်။

"ငါလဲ လိုချင်တာပေါ့ကွာ၊ မင်းမြင်တဲ့အတိုင်းပဲ" လို့ ဂျိမ်းစ်က ပြောလိုက်တော့ ကောင်လေးလဲ တစ်ဦးတည်း သုတ်ခြေတင်သွားတော့တယ်။ နောက်ပြီး သူ့စိတ်ထဲမှာ "ဒီကောင်ဟာ အတော်ကော်တဲ့ကောင်ပဲ၊ သူ့လို လူတိုင်း လုပ်နိုင်မှာမဟုတ်ဘူး၊ ရှိတဲ့ဘီစကွတ်ကိုတောင် ခွဲဝေပေးမယ်တဲ့" လို့ ခင်းစားမိတယ်။




အဲဒီနေ့လယ်မှာ ဂျိမ်းစ်ဟာ သူ့အမေနဲ့ဈေးဝယ်လိုက်သွားတယ်။ ကုန်စုံဆိုင်ကိုရောက်တော့ သူဟာ ဝယ်စရာရှိတာဝယ်ဖို့ တန်းစီစောင့်နေတယ်။ သူ့နောက်မှာ ရပ်နေတဲ့ မိန်းမကြီးတစ်ယောက်က"အို ... ကလေးရယ်၊ လုပ်ပါဦး၊ ဒီအတိုင်းဆို အဒေါ့်မိတ်ဆွေနဲ့ ဘူတာရုံမှာ ချိန်းထားတာ မီမှမီပါ့မလား မသိဘူး"လို့ ညည်းတာကြားရတယ်။

"ကဲ . . . ဒါဆိုလဲ ကျွန်တော့် ရှေ့ကနေ အဒေါ်အရင်ဝင်လိုက်၊ ကျွန်တော်နောက်မှ ဝယ်မယ်"လို့ ဂျိမ်းစ်က ချက်ချင်းပြောလိုက်တယ်။ ပြီးတော့ သူဟာ မိန်းမကြီးနောက်ကို ဝင်လိုက်တယ်။ မိန်းမကြီးက သူ့ကို ကျေးဇူးတင်တဲ့အကြည့်နဲ့ ပြုံးပြပါတယ်။

"ဒီလိုကူညီတတ်တဲ့ကလေးကို စတွေ့ကတည်းက သိပါတယ်ထင်နေတာ၊ ကလေးနာမည် ဂျိမ်းစ်ဟယ်ရီဆင်မဟုတ်လား။ အဒေါ်က မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းတည်းကွယ့်၊ သူက အဒေါ်နဲ့အတူနေတာ၊ အဒေါ်တို့အိမ်ကို လက်ဖက်ရည်သောက် လာခဲ့ပါဦးကွယ်၊ အိမ်ကိုပါလာတဲ့ ကောင်လေးတွေကတော့ ခပ်ရိုင်းရိုင်း ကလေးတွေပဲ၊ သူတို့ကြည့်ရတာ ရင်တုန်လိုက်တာ၊ မင်းကတော့ သူတို့နဲ့မတူတဲ့ လူတော်ကလေးပဲကွယ့်"

ဒါဟာ သူ့အဖို့ ပထမဆုံးအကြိမ် လက်ဖက်ရည်သောက် အဖိတ်ခံရခြင်းပါ။ သူဟာ အရမ်းကျေနပ်သွားတယ်။ ဒီလိုနဲ့ သူဈေးဝယ်ရမယ့်အလှည့် ရောက်လာတယ်။ ကုန်စုံဆိုင်ရှင် အမျိုးသမီးက ဝယ်ထားတဲ့ပစ္စည်းတွေကို အိတ်ထဲထည့်လိုက်တယ်။ ပြီးတော့ ... မျက်မှောင်တစ်ချက်ကြုတ်ပြီး ကောင်တာပေါ်ကအထုပ်ကို လက်ညှိုးညွှန်ရင်း ပြောလိုက်တယ်။

"ကြည့်ပါဦး၊ အဘိုးကြီးဝှိုက်တော့ သူ့ပစ္စည်းတွေ မေ့ကျန်ခဲ့ပြန်ပြီ။ ငါတို့ကလဲ လိုက်ပို့ပေးဖို့ မအားတော့ ဒုက္ခပါပဲ၊ တော်တော်အလုပ်ရှုပ်တဲ့ အဘိုးကြီးပဲ"

"ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ သူ့အိမ်ကို ကျွန်တော်သိပါတယ်"လို့ ဂျိမ်းစ်က ပြောလိုက်တော့ ....





www.burmeseclassic.com

www.burmeseclassic.com



"အမေလေး၊ ကျေးဇူးတင်လိုက်တာကွယ်၊ ဒီလိုအလိုက်သိတဲ့ကလေးမျိုး ဒီတစ်ခါပဲတွေ့ဖူးသေးတယ်၊ ရော့ ... ဒီမှာ ချောကလက်ကိတ် မင်းစားဖို့ ယူသွား"လို့ ကုန်စုံဆိုင်ရှင်မိန်းမက ပြောပါတယ်။

"အို ... ကောင်းလိုက်တဲ့မုန့်"လို့ ဂျိမ်းစ်က အော်လိုက်မိတယ်။ ကုန်စုံဆိုင်ရှင်မပေးတဲ့ ကိတ်မုန့်ဟာ ဘယ်လောက်ကောင်းကြောင်း ဂျိမ်းစ် ကောင်းကောင်းသိတယ်။ ဘာလို့လဲဆိုတော့ ဒီကိတ်မျိုးကို ဒီမိန်းမကြီးရဲ့သား ပီတာက ကျောင်းကို မကြာမကြာ ယူလာလေ့ရှိလို့ပါ။ နေ့လယ်မှာ ပီတာဟာ ဒီကိတ်မုန့်ကိုပဲ စားတယ်လေ။ ပီတာဟာ ဆိုင်နောက်ဘက်တံခါးမှာ ကွယ်ပြီး ပုန်းနေတယ်၊ နောက်ဂျိမ်းစ်ဘက်လှည့်ပြီး လှောင်နေလိုက်သေးတယ်။ "ဟော့ ငတုံး"လို့ လှမ်းပြောလိုက်သေးတယ်။

အဲဒီအချိန်မှာ သူ့အမေနောက်ကရောက်လာပြီး "သူဟာ စိတ်ကောင်းရှိတဲ့ ကောင်လေးဟဲ့၊ ငါ့တစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ နင်သာ သူ့လို ကူညီချင်တဲ့ စိတ်ကောင်းရှိမယ်ဆိုရင် ငါ ဘယ်လောက် ဝမ်းသာရမလဲ။



ခုတော့ နင်က သိချင်းလေးတအေးအေးနဲ့။ ဂျိမ်းစ်ရေ .... မနက်ဖြန် ညစာစားချိန်ကျရင် ပီတာ့ဦးလေးဆီ လာခဲ့ပါလားကွယ်၊ မင်းကို ဆန်းကြယ်တဲ့ စာတ်လမ်းတွေ အများကြီး ပြောပြပါလိမ့်မယ်ကွယ်" လို့ ပီတာကိုညီး ဆူရင်း ဂျိမ်းစ်ကို အိမ်လာလည်ဖို့ ဖိတ်မန္တက ပြုပါတယ်။

"ကျေးဇူးတင်ပါတယ် အဒေါ်ရယ်"လို့ ဂျိမ်းစ်က ယဉ်ယဉ်ကျေးကျေး ပြန်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





ဒီလိုနဲ့ ဂျိမ်းစ်ဟာ သူကြားဖူးတဲ့ ပီတာရဲ့ဦးလေးနဲ့ တွေ့ဖို့ တောင့်တနေမိတယ်။ နောက်ပြီး သူဝယ်လာတဲ့ ဈေးအိတ်ရယ်၊ အသိုးကြီးဝှိုက်ရဲ့ ပါဆယ်ထုပ်ရယ်ယူပြီး ဆိုင်ထဲကနေ ထွက်လာခဲ့တယ်။

မစ္စတာဝှိုက်ဟာ အိမ်ထဲမှာရှိတယ်။ တံခါးလာဖွင့်လို့ သူ့ပါဆယ်ထုပ်ကို တွေ့ရတော့ အံ့ဩဝမ်းသာသွားတယ်။

"အေး ... ထင်တော့ ထင်သားကွယ့်၊ ဒီအထုပ်ကို တစ်ယောက်ယောက်တော့ ယူလာမှာပဲလို့၊ ခုတော့ အတော်ပဲဟေ့ .... မင်းကကူလိုက်တာကိုး။ ကဲ ... မင်းအတွက် ပဲနိ၂၀မုန့်ဖိုးယူသွား"ဆိုပြီး မုန့်ဖိုးအတင်းပေးနေတယ်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို စောစောကပဲ ကုန်စုံဆိုင်ရှင်မိန်းမကြီးက ချောကလက်ကိတ်တွေ ပေးလိုက်ပါသေးတယ်။ ဒီအထုပ် အဘဆီ ပြန်ရောက်ရင်ပဲ ကျွန်တော်ဝမ်းသာလှပါပြီ၊ တခြားဘာကိုမှ မမျှော်လင့်ပါဘူး"လို့ ဂျိမ်းစ်က ပြောလိုက်တော့ ....

"အေး၊ သာဓုကွယ် သာဓု၊ ဒီလို ယဉ်ကျေးရည်မွန်ပြီး စိတ်ကောင်းရှိတဲ့ ကလေးမျိုး မတွေ့ရတာ နှစ်တွေကြာလှပါပြီကွယ်၊ တကယ်ပြောတာကွ။ ခုခေတ်ကလေးတွေဟာ ဒီလိုမဟုတ်ကြတော့ဘူးကွယ့်။ ကြမ်းလဲကြမ်း၊ ရိုင်းလဲရိုင်းပါဘိသနဲ့။ တစ်ကိုယ်ကောင်းလဲ ဆန်ကြသေး။ ယဉ်ကျေးပြီး ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ ကလေးမျိုး ရှားသွားပြီကွယ့်။ အေးကွယ် ... အဘကတော့ မင်းလို ကလေးမျိုးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်” လို့ အဘိုးကြီးက ပြောပါတယ်။

“ကျေးဇူးတင်ပါတယ် အဘ”လို့ ပြန်ပြောပြီး ဂျိမ်းစ်တစ်ယောက် နေရထိုင်ရ ခက်နေတယ်။ ဝမ်းသာပီတိနဲ့ မျက်နှာတစ်ခုလုံးလည်း ရဲနေတာပဲ။

“ခဏလေးစောင့်ကွာ .... ငါ့မှာ မီးသင်္ဘောနဲ့ သင်္ဘောပုံစံတွေပါတဲ့ စာအုပ်တစ်အုပ်ရှိတယ်”လို့ ပြောပြီး အဘိုးကြီးဟာ ကသောကမျောနဲ့ အိမ်ထဲကို ပြေးဝင်သွားတယ်။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ စာအုပ်ကြီးတစ်အုပ် ပါလာတယ်။ ကြည့်ရတာနဲ့ကို စိတ်လှုပ်ရှားစရာ။ ဒီစာအုပ်ထဲက သင်္ဘောပုံတွေကို ညှပ်ယူ၊ ပြီးရင် အံကျအောင် ပြန်ဆက်၊ ပုံစံကျတဲ့ သင်္ဘောပုံစံ ဖြစ်သွားလိမ့်မယ်။ အဲဒီပုံစံအတိုင်း သစ်သားပြားလေးတွေနဲ့ဆက်ပြီး ကပ်ရိုက်၊ ရေထဲမှာ တကယ်လွှတ်လို့ရတယ်။ တကယ့်ကို ဆန်းကြယ်တဲ့စာအုပ်ကြီးပဲ။

“အို .... ကောင်းလိုက်တဲ့စာအုပ်ကြီး၊ ဒါ ကျွန်တော့်အတွက်လား၊ ကျန်တဲ့ကောင်လေးတွေကတော့ မြင်တာနဲ့ ဖျားသွားမှာပဲ၊ ကျေးဇူးတင်ပါတယ် အဘရယ်”လို့ ဂျိမ်းစ်က ဝမ်းသာအားရ ပြောလိုက်ပြီး စာအုပ်ကြီးကို သယ်ကာ အိမ်ထဲက ပြေးထွက်ခဲ့တယ်။ သိပ်မကြာခင်မှာပဲ ဂျိမ်းစ်ဟာ ဂျက်ရယ်၊ မတ်စ်ရယ်၊ ဖရက်ဒီရယ်နဲ့ တွေ့တယ်။ “ဒီမှာ ကြည့်စမ်းပါဦး၊ အဘိုးဂိုက်က သူ့ ပစ္စည်းတွေသွားပို့ပေးလို့ ငါ့ကိုပေးလိုက်တာလေ၊ သင်္ဘောပုံစံမျိုးစုံပါတဲ့ စာအုပ်ကြီးကွ၊ ကြိုက်တဲ့ပုံကို ညှပ်ယူလို့ရတယ်။ မင်းတို့ ဘာလုပ်ချင်သလဲ .... ဒီမှာ အများကြီးပဲကွ” လို့ ဂျိမ်းစ်က ဝမ်းသာအားရ အော်ပြောလိုက်တယ်။



“ဒါကြောင့် မင်းကိုသဘောကျတာ၊ တခြားကောင်တွေဆို ကိုယ့်အတွက်ပဲ ကိုယ်ယူလိုက်ကြမှာ၊ ဒါကြောင့် ငါ့အမေက မင်းကို ဒီငနဲ့ပဲ လက်ဖက်ရည်သောက်ဖို့ အပါခေါ်လာခိုင်းတာ၊ ကဲ .... တို့ သွားကြစို့”လို့ ဂျက်က ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com





"အေး .... ဟုတ်ပြီ"ဆိုပြီး သူငယ်ချင်းလေးယောက်ဟာ သူတို့အမေတွေကို ပြောဖို့ အိမ်ဘက်ကို ပြေးထွက်သွားကြတယ်။ အဲဒီနေ့ လက်ဖက်ရည်သောက်ပြီးကြတဲ့အခါမှာတော့ ကလေးလေးယောက်ဟာ သဘော်ပုံစံတွေကို ဖြတ်ညှပ်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားနေကြတာကို တအံ့တသြ တွေ့ရတယ်။

ဂျိမ်းစ်ဟာ သူလုပ်ပြီးတဲ့ သဘော်နှစ်စီးကိုပိုက်လို့ အိမ်ကို အရင်ဆုံးပြန်သွားပါတယ်။ ကျန်တဲ့သူငယ်ချင်းတွေက တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ...."ဒီကောင် သိပ်တော်တာပဲကွာ၊ အတန်းထဲမှာတော့ ဘိတ်ဆုံးကနေပြီး၊ ဉာဏ်ကလည်း ထိုင်းပါဘိသနဲ့၊ အခုကျတော့ ပျော်စရာကောင်းလိုက်တာ၊ နောက်ပြီး တစ်ကိုယ်ကောင်းလဲ မဆန်ဘူးကွနော်" လို့ ဂျက်က မှတ်ချက်ချလိုက်တယ်။

"ဟုတ်တယ်ကွယ့်၊ သူဟာ အမေတွေ့ဖူးသမျှ ကလေးတွေထဲမှာ အယဉ်ကျေး အသိမ်မွေ့ဆုံးပဲကွယ့်၊ အမေ့ကို တံခါးကအစ ဖွင့်ပေးတယ်။ နောက်ပြီး တစ်ကိုယ်ကောင်းလဲ မဆန်ဘူးကွနော်" လို့ ဂျက်က မှတ်ချက်ချလိုက်တယ်။

"ဟုတ်တယ်ကွယ့်၊ သူဟာ အမေတွေ့ဖူးသမျှ ကလေးတွေထဲမှာ အယဉ်ကျေး အသိမ်မွေ့ဆုံးပဲကွယ့်၊ အမေ့ကို တံခါးကအစ ဖွင့်ပေးတယ်၊ နောက်ပြီး ပစ္စည်းတွေကို အပေါ်ထပ်ကို ဝိုင်းသယ်ပေးတယ်၊ မင်းကိုလဲ အမေ သူ့လိုပုံစံမျိုး ဖြစ်စေချင်တယ်ဂျက်ရယ်၊ မင်းသာ ဒီလိုလုပ်ရင် လူတွေက



www.burmeseclassic.com

www.burmeseclassic.com



ပို့ချမ်းကြည်ဦးမယ်၊ မင်းရဲ့ဆိုးသွမ်းမှုတွေကြောင့် တခြားမိဘတွေက လာတိုင်ရင် အမေစိတ်အရမ်းဆင်းရဲတာပဲ၊ တစ်ခါတလေ မင်းအတွက် အမေရှက်ရတယ်ကွယ့်" အဲဒီညမှာ ဂျိမ်းစ်ဟာ ပြုံးရွှင်နေတဲ့မျက်နှာနဲ့ အိပ်ရာဝင်ခဲ့တယ်။ အမေပြောတာ သိပ်မှန်တာပဲ။ ယဉ်ကျေးသိမ်မွေ့ပြီး အကြင်နာရှိတဲ့အတွက် အပြုံးတွေ၊ လက်ဆောင်တွေ၊ သူငယ်ချင်းတွေ သူရခဲ့ပြီလေ။

"ငါ ဒီအတိုင်းပဲ ဆက်နေသွားမယ်၊ ငါလဲ စိတ်ချမ်းသာရတယ်၊ လူတွေကိုလဲ ပြုံးပျော်စေတယ်၊ နောက်ပြီး အမေလည်းငါ့အတွက် ဂုဏ်တက်အောင် လုပ်ရမယ်" လို့ သူစဉ်းစားတယ်။

တစ်နှစ်လောက်ကြာတဲ့အခါမှာတော့ ဂျိမ်းစ်အမေဟာ ကျောင်းအုပ်ကြီးနဲ့ တစ်ရက်မှာ သွားတွေ့ရတယ်။ ကျောင်းအုပ်ကြီးပြောလိုက်တဲ့စကားကြောင့် အမေဟာ ဂုဏ်ယူပြီး မျက်နှာနီမြန်းလာတယ်။

"မစ္စက်ဟယ်ရီဆင်ရေ .... ခင်ဗျားသားဂျိမ်းစ်အတွက် စာမရလို့ဆိုပြီး ဘယ်တော့မှ ပူပန်စိုးရိမ်စရာ မလိုတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ တခြားအကဲ့တွေမှာ အများကြီးစွမ်းဆောင်နိုင်တဲ့ ကလေးတစ်ယောက်ဖြစ်နေလို့ပဲ။ သူဟာ ယဉ်ကျေးသိမ်မွေ့တဲ့နေရာမှာ၊ သနားကြင်နာတတ်တဲ့နေရာမှာ ဒီကျောင်းတော်ကြီးအတွက် အထင်ပေါ်အကျော်ကြားဆုံး ကျောင်းသားတစ်ယောက် ဖြစ်လို့ပါ။ တခြားကလေးတွေထက် သူ့လိုကျောင်းသားတစ်ယောက် ဆုံးရှုံးမှာ ကျွန်တော် အင်မတန် စိုးရိမ်ပါတယ်"

ဂျိမ်းစ်ရဲ့အမေကြီးဟာ သူ့သားအတွက် အရမ်းကို ဂုဏ်ယူမိတာပဲ။ တကယ်လို့ မင်းတို့သာ သူနဲ့သိကြရင် သိပ်ကောင်းမှာပဲ။ သူငယ်ချင်းကောင်းအဖြစ် သူ့လိုလူမျိုးကို လိုအပ်တယ်မဟုတ်လား။ အမေတစ်ယောက်ရဲ့ အကြံဉာဏ်လေးတစ်ချက်ဟာ ဘဝတစ်ခုကို ဘယ်လောက်တောင် ပြောင်းလဲနိုင်သလဲဆိုတာ တွေ့ကြတယ်မဟုတ်လားကွယ့်။




www.burmeseclassic.com

www.burmeseclassic.com

# ငှက်ကလေးနီနီ

ဂျင်းနဲ့ ဒေါ်နယ်တို့ဟာ ခြံထဲမှာ အမြဲအလုပ်ရှုပ်နေတတ်ကြတယ်။ သူတို့အဖေမှာ ဥယျာဉ်မှူးမရှိဘူးလေ၊ သူကလဲ တစ်နေ့လုံး အလုပ်လုပ်ရတာမို့ ခြံအတွက် အချိန်သိပ်မပေးနိုင်ဘူး။ သူသိပ်ပင်ပန်းလာတဲ့ ညနေပိုင်းတွေဟာလွဲရင်ပေါ့။

ဒါကြောင့် ဂျင်းနဲ့ဒေါ်နယ်ဟာ သူတို့နိုင်သလောက် ဝိုင်းကူကြပါတယ်။ သူတို့ဟာ ကကယ်ကိုတော်တဲ့ ဥယျာဉ်မှူးလေးတွေပဲကွယ့်။ သူတို့လုပ်ခဲ့တာတချို့ကို ပြောပြရဦးမယ်။

ဆယ့်လေးရက်လုံးလုံး၊ သူတို့ဟာ ဆလတ်စေ့ကို စီတန်းလို့ စိုက်ပျိုးကြတယ်။ အပင်တန်းတွေကို သိပ်မထူထပ်စေရအောင် စိုက်ကြတယ်။ ပြီးတော့ အစိမ်းရောင်သီးနှံပင်လေးတွေ တိုးတက်လာချိန်မှာ သူတို့ဟာ ဂရုတစိုက်နဲ့ အပင်တွေကို ချဲပေးတယ်။

"ငါတို့ဟာ အပင်တွေကို နေရာတကျ မချဲပေးရင်၊ သီးနှံပင်တွေကြီးလာတဲ့အခါ တစ်ပင်နဲ့တစ်ပင် သိပ်နီးကပ်သွားလိမ့်မယ် ဂျင်းနီရ" လို့ ဒေါ်နယ်ကပြောတယ်။

ပြီးတော့ သူတို့ဟာ ဥယျာဉ်ထဲမှာ ဂေါ်ဆိုးကြတယ်၊ ပေါင်းသင်ကြတယ်။ ဂျင်းဟာ မိန်းကလေးပေမယ့် ပေါင်းသင်တဲ့နေရာမှာ သိပ်တော်တာပဲ။ ဒါဖြင့် ဂေါ်ဘယ်လိုထိုးရမယ်ဆိုတာလဲ ကောင်းကောင်းသိတယ်။ မြေကြီးပေါ်မှ ထွက်ပြူနေတဲ့ ပေါင်းပင်ပေါက်စနကလေးတွေကို ဂေါ်ပြားနဲ့ ထိုးကော်တတ်တယ်။

"ဟောဒီ ပေါင်းပင်တွေဟာ ခုလိုပေါက်စနလေးထဲက ဂေါ်ထိုးထားမှ အခု ဒုက္ခမပေးနိုင်သေးဘူးပေါ့၊ ဒါပေမယ့် တဖြည်းဖြည်း ကြီးလာရင် ဥယျာဉ်ထဲမှာ အကုန်ဖုံးသွားပြီး တော်တော်ဒုက္ခပေးကြလိမ့်မယ်" လို့ ဂျင်းက ဒေါ်နယ်ကို ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခု သူတို့လုပ်တာရှိသေးတယ်။ သူတို့အမေအတွက် ပဲပင် စိုက်ကြတယ်။ ပဲပင်လေးတွေ အညှောက်ထွက်လာတော့ နှစ်ယောက်သား ခြံထဲက ဝါးတွေကိုလိုက်စုပြီး သယ်လာကြတယ်။ ပြီးတော့ ဝါးနှစ်ချောင်းကို ယှက်ပြီး သေသေချာချာ စင်ထောင်ဖို့လုပ်တယ်။ ဒါမှ ပဲပင်လေးတွေကြီးလာလို့ နွယ်တက်လာရင် ဒီစင်ထောင်ထားတဲ့ ဝါးပေါ်တွယ်တက်နိုင်မှာ။ အဲဒီကနေ ပဲပင်လေးတွေ တဖြည်းဖြည်းမြင့်တက်လာကြမယ်လေ။



ကြည့်စမ်းပါဦး၊ ဒီကလေးနှစ်ယောက် လုပ်တတ်ကိုင်တတ်ပုံကို။ ဒါကြောင့်လဲ ထင်ပါရဲ့၊ သူ့မိဘများက သူတို့အတွက် သိပ်ဂုဏ်ယူတာ။

တစ်နေ့တော့ ဂျင်းနဲ့ဒေါ်နယ်တို့နှစ်ယောက် ဂေါ်ထိုးလိုက်၊ ပေါင်းသင်လိုက်နဲ့ အလုပ်ရှုပ်နေကြတုန်း သူတို့အနားကနေ အသံတစ်သံ ကြားလိုက်ရတယ်။ နှစ်ယောက်သား မော့ကြည့်လိုက်ကြတော့ ရင်ဘတ်က အနီရောင်နဲ့ သပိတ်လွယ်ငှက်လေးတစ်ကောင်ကို တွေ့ရတယ်။ မည်းနက်တဲ့ မျက်လုံးဝိုင်းဝိုင်းကြီးနဲ့ သူတို့ကို စူးစိုက်ကြည့်နေတယ်။


“ကြည့်စမ်း၊ သပိတ်လွယ်ငှက်ကလေးပါလား၊ ချစ်စရာလေးနော်၊ ဟော့ ဒေါ်နယ်၊ ဒီငှက်လေးက ရင်ဘတ်မှာ အနီကွက်နဲ့နော်၊ သူ့ကိုသွားမလှန့်လိုက်နဲ့ဟ” လို့ ဂျင်းကပြောလိုက်တယ်။

ငှက်ကလေးလဲ အပေါ်ကနေ ပျံဆင်းလာပြီး သူတို့ခြေထောက်နားမှာ လာနားတယ်။ ပြီးတော့ ပိုးလောက်လန်းလေးတစ်ကောင်ကို နှုတ်သီးနဲ့ ထိုးဆိတ်လိုက်ပြီး သူ့နားနေရာကို ပျံထွက်သွားတော့တယ်။ နောက်ပြီး ပိုးလောက်လန်းကလေးကို မျိုချလိုက်ပြီး ခေါင်းကို စောင်းကာ နားစွင့်နေတယ်။ ပြီးမှ အင်မတန်ချိုသာပြီး တိုတောင်းတဲ့အသံလေးနဲ့ တေးသီလိုက်ပြန်တယ်။

အဲဒီနောက် ဥယျာဉ်ထဲမှာ ကလေးတွေကို တွေ့တိုင်း ငှက်လေးဟာ သူတို့နောက်ကို လိုက်လာတော့တာပဲ။ ပြီးရင် ပိုးကောင်မွှားကောင်တွေကို

www.burmeseclassic.com





နှုတ်သီးနဲ့လိုက်ပေါက်မယ်။ တီကောင်လေးတွေ ထိုးဆွရှာမယ်။ သူဟာ အစာကိုတော့ ကောင်းကောင်းရှာတတ်တယ်။ ဒီလိုနဲ့ ငှက်လေးဟာ တဖြည်းဖြည်း ဖောင်းကစ်ကစ်ကလေး ဖြစ်လာတယ်။ သူ့ရင်အုပ်က အနီရောင်အမွေးလေးတွေကလဲ နီရဲတောက်ပလာတယ်။ ဒီတော့ ဒေါ်နယ်က စိတ်ကူးရပြီး ပြောတယ်။

"ငါတို့က သူ့ကို 'နီနီ'လို့ ခေါ်ကြရင် မကောင်းဘူးလား၊ အမိပ္ပာယ်ကတော့ အနီရောင်ပေါ့ကွာ၊ ကြည့်လေ၊ သူ့ရင်ဘတ်က တဖြည်းဖြည်းနဲ့ ပိုနီရဲမလာဘူးလား"

ဒီလိုနဲ့ သူတို့ဟာ ငှက်လေးကို နီနီလို့ပဲ ခေါ်ကြတော့တယ်။ သိပ်မကြာခင်ပဲ နီနီဟာ ပိုယဉ်ပါးလာတယ်။ တစ်ခါတရံလ သူတို့အလုပ်နားတဲ့အခါမျိုး၊ ရေကရားနဲ့ ရေလောင်းနေတဲ့အခါမျိုးမှာ နီနီဟာ သူတို့ထားခဲ့တဲ့ ပေါက်ပြားတွေ၊ တူရွင်းတွေရဲ့လက်ကိုင်တွေပေါ်မှာ နားနေတတ်တယ်။ နောက်ပြီး သူ့အသံလေးက သိပ်ချိုတော့ ကလေးတွေကလဲ သိပ်ချစ်ကြတာပဲ။

"တို့တွေ ဘေးအိမ်ကကြောင်မကြီးကိုတော့ သတိထားရမယ်ဟေ့၊ ဒီကြောင်မကြီးက ငှက်တွေဖမ်းစားတဲ့အထိတော့ ဆိုးပုံမရပါဘူး"ဆိုပြီး ဂျိမ်းက စိုးရိမ်ပူပန်နေတယ်။

ဒါပေမယ့်လဲ ငှက်လေးနီနီဟာ အတော်ပါးနပ်ပါတယ်။ ကြောင်မကြီးကို မြင်တယ်ဆိုတာနဲ့ သူက ခြံစည်းရိုးပေါ်တက်ပြီး ဟာမာပင်ထိပ်ဖျား

www.burmeseclassic.com





ကို ပျံတက်သွားတော့တယ်။ နောက်ပြီး သူ့အသံစာစာကလေးနဲ့ ကျန်တဲ့ငှက်လေးတွေကို လိုက်သတိပေးတော့တာပဲ။

အဲဒီအသံကို ကြားတယ်ဆိုရင်ပဲ ကျန်တဲ့ငှက်လေးတွေက ထွက်ကြည့်ကြတယ်။ကြာတော့ ကလေးနှစ်ယောက်ဟာ နီနီရဲ့ တစ် ... တစ် ... တစ် မြည်သံလေးနဲ့ တေးသီသံကို နားယဉ်လာကြတယ်။ ငှက်လေးတေးသီတာ ကြားရရင် သူတို့ကလဲ ပျော်ရွှင်စွာ လေပြန်ချွန်တတ်ကြတယ်။ ဂျင်းကတော့ လှမ်းအော်တယ်။

"ဟော့ နီနီရေ၊ မင်းငါတို့ကို စောင့်နေတာပဲ၊ တို့ခုပဲ ခြံထဲဆင်းတော့မယ်ဟော့"ဒီတော့ ငှက်လေးနီနီဟာ အပင်ပေါ်က ပျံဆင်းလာပြီး ပထမဆုံး အစာအဖြစ် ပိုးလောက်လန်းတစ်ကောင်ကို စားဖို့ စောင့်ကြည့်နေတယ်။

တစ်နေ့မှာတော့ ငှက်လေးဟာ တစ်တစ်တစ်နဲ့ အသံပေးနေတယ်။ အဲဒီနေ့က အရမ်းပူအိုက်တာပဲ။ ကလေးတွေဟာ စွပ်ကျယ်လေးဖွေပဲ ဝတ်ကာ ခြံထဲမှာ အလုပ်လုပ်နေကြတယ်။ တစ်ချိန်လုံး ငှက်လေးနီနီရဲ့အသံကို ကြားနေရတယ်။

ခြံထဲကိုကြည့်လိုက်တော့ ခွေးတွေ ကြောင်တွေလဲ မတွေ့ရဘူး။ ဘာများဖြစ်လို့ပါလိမ့်။ဒါနဲ့ ဂျင်းကစိုးရိမ်ပြီး သူ့အမေကို သွားပြောတယ်။

"နီနီတော့ တစ်ခုခုဖြစ်ပြီထင်တယ် မေမေ၊ တစ်ချိန်လုံး သူ့အသံကြားနေရတယ်၊ တစ်ခုခုကြောင့် ဒုက္ခရောက်နေပြီထင်တယ်။

"မေမေထင်တာကတော့ သူသိပ်ပူလို့ထင်တယ်၊ မင်းတို့လိုပေါ့၊ မဟုတ်ဘူးလား။ သမီးတွေ့လား .... ဟိုကခက်ပက်ပက်မြေနီးကန်ပြားကို ယူသွားပြီး ခြံထဲက ရေဘုံဘိုင်ကနေ ရေဖြည့်ထားလိုက်၊ အဲဒီအထဲမှာ ငှက်



www.burmeseclassic.com


www.burmeseclassic.com



ကလေးနီနီ ရေလာချိုးလို့ရတာပေါ့၊ ဒီနားမှာ ဘာစမ်းချောင်း ဘာရေအိုင်မှ မရှိတာ၊ နီနီတော့ ရေအတော်ငတ်နေမှာ သေချာတယ်"

"အို ... သမီးကတော့ ဒီလိုမထင်ဘူးမေမေ"လို့ ပြောပြီး ဂျင်းဟာ မြေပန်းကန်ပြားကြီးကို ယူလာတယ်။ ခြံထဲရောက်တော့ သူနဲ့ဒေါ်နယ်တို့ နှစ်ယောက်ဟာ ဘုံဘိုင်ကရေခံထည့်ပြီး မြက်ခင်းပေါ်မှာ သွားထားလိုက်တယ်။

ချက်ချင်းဆိုသလိုပဲ သပိတ်လွယ်ငှက်လေးနီနီဟာ ပျော်ရွှင်မြူးတူး စွာ တေးသီရင်း ရေရှိရာကို ပျံဆင်းလာတယ်။ နောက်ပြီးတပြွတ်ပြွတ်နဲ့ စုပ်ယူ တယ်။ ပြီးတော့ သူ့ခေါင်းလေးကို စောင်းပြီးမော့ကာ ရေကို မျိုချလိုက်တယ်။



ငှက်လေးနီနီဟာ ရေထည့်ထားတဲ့ ပန်းကန်ပြားထဲမှာ တောင်ပံတ ဖျပ်ဖျပ်ရိုက်ပြီး ဆော့နေတယ်။ ရေကနည်းနည်းပဲဆိုတော့ သူ့ခြေထောက် တစ်ဝက်လောက်ပဲ ရောက်တယ်။ ဖြုန်းဆို ငှက်လေးဟာ ခေါင်းငိုက်စိုက်ချ လိုက်ပြီး အတောင်ပံတဖျပ်ဖျပ်ရိုက်နေတယ်၊ ရေစက်တွေက သူ့ကိုယ်ပေါ် ကျပြီး စိုကုန်တယ်။

"သူရေချိုးနေတာ တွေ့လား၊ ဘယ်လောက်ကြည့်လို့ကောင်းသလဲ၊ အမေ .... ဒီမှာ နီနီရေချိုးနေတာ လာကြည့်ပါဦး"လို့ ဒေါ်နယ်က အော်လိုက် တယ်။

နီနီဟာ တစ်နေ့ကို အကြိမ် ၂၀–လောက် ရေချိုးတယ်။ အခြား ငှက်လေးတွေလဲ ရေထည့်ထားတဲ့ ဒီပန်းကန်ပြားလေးထဲမှာပဲ ရေလာသောက် ကြချိုးကြတယ်။ ဒါပေမယ့် နီနီရှိနေရင်တော့ သူတို့လာလို့မရဘူး။ နီနီက



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို လိုက်ဖမ်းတယ်လေ။ သူ့စိတ်ထဲမှာ ဒီရေအင်တုံကို သူ့အတွက် သက်သက်လုပ်ပေးထားတာလို့ ထင်နေတယ်။

"ဒီလို တစ်ကိုယ်ကောင်းမဆန်ရဘူး နီနီရဲ့၊ တခြားငှက်လေးတွေလဲ သောက်ပါစေ" လို့ ဂျင်းကပြောယူရတယ်။

ကလေးနှစ်ယောက်ဟာ တစ်နေ့မှ သတိထားမိတယ်။ ဂေါ်ဖီထုပ်တွေမှာ ပိုးပေါက်တွေနဲ့ အပြည့်ပဲ။ ဂျင်းက ဒေါ်နယ်ကို ခေါ်ပြတယ်။

"ဒေါ်နယ်ရေ၊ ငါတို့ဂေါ်ဖီထုပ်တွေကို ကြည့်စမ်းပါဦး၊ ခူစိမ်းကောင်တွေ စားထားလိုက်တာ ကုန်ဖါပြီ"

"အလိုလေး ... ကုန်ပါပြီ၊ မဖြစ်ဘူးဂျင်းရေ .... ဒီခူကောင်တွေကို တော့ သတ်ပစ်မှ အေးမယ်"

တကယ်တော့ ခူကောင်တွေ လိုက်ကောက်ရတာ ရွံ့စရာအလုပ်ပါ။ ဂျင်းကလဲ ရွံ့ရှာတယ်။ ဂေါ်ဖီရွက်တွေကြားထဲမှာ လက်နှိုက်ပြီး ရှာရတာလဲ သိပ်မုန်းတာပဲ။ အသာလေး ဖြည်းဖြည်းကိုင်ပြီးရှာမှ တွန့်လိမ်နေတဲ့ ခူစိမ်းကောင်ကို တွေ့တာ။

ဒေါ်နယ်ဟာ ငှက်ကလေးနီနီကို သတိရသွားတယ်။ သူလာကူရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်။ ဒါနဲ့သူဟာ ရေအင်တုံကို ဂေါ်ဖီထုပ်တွေ





www.burmeseclassic.com


www.burmeseclassic.com



ရှိတဲ့ကွက်လပ်အလယ်မှာ ရွှေ့ထားလိုက်တယ်။ ငှက်လေးဟာ တစ်ချုံကတစ်ချုံ ကူးနေရာက ဒေါနယ်ရေအင်တုံ ရွှေ့သွားတာကို အံ့ဩနေတယ်။



"နီနီရေ့ ဂေါ်ဖီထုပ်ထဲက ခူစိမ်းကောင်တွေကို တို့နဲ့အတူ ကူရှင်းပေးပါ"လို့ ဒေါနယ်က လှမ်းအော်လိုက်တယ်။ နီနီဟာ ခူကောင်တွေလဲ မြင်ရော ဒေါနယ်ရဲ့ လက်ပေါ်ထိုးဆင်းလာပြီး ထိုးဆိတ်လိုက်တယ်။ ပြီးတော့ ငှက်လေးဟာ ဂေါ်ဖီထုပ်တွေအပေါ်မှာနားပြီး ခူကောင်တွေကို လိုက်ဖမ်းနေတော့တာပဲ။






www.burmeseclassic.com

www.burmeseclassic.com



"သူက ငါတို့စေတနာကို တုံ့ပြန်တတ်တယ်ဟာ"လို့ ဂျင်းက မှတ်ချက်ချတယ်။ မကြာမီ လယ်ထဲက ဂေါ်ဖီထုပ်တွေမှာ ခူကောင်တွေရှင်းသွားသလို ငှက်ကလေးနီနီလဲ အတော်ဗိုက်ပြည့်သွားတယ်။ ခဏနေတော့ ဒေါ်နယ်ဟာ သစ်ကိုင်းပေါ်ပျံတက်ပြီး ကလေးတွေ အလုပ်လုပ်တာကို ကြည့်နေတယ်။

နောက်တစ်နေ့ကျတော့ လယ်ကွင်းထဲကို နီနီရောက်လာပြီး ဂေါ်ဖီထုပ်ထဲက ခူစိမ်းကောင်တွေကို လိုက်ရှင်းပြန်ရော။ မကြာခင် ခူကောင်တွေလုံးဝနီးပါးရှင်းသွားတာမို့ ဂေါ်ဖီထုပ်တွေမှာ အရွက်သစ်တွေ ပြန်လဲလာတယ်။ ငှက်ကလေးနီနီလဲ သူ့ကြောင့်ဆိုပြီး ဂုဏ်ယူနေလေရဲ့။ သူ့အလုပ်က ကုသိုလ်လဲရ ဝမ်းလဲဝ၊ မကောင်းဘူးလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com

# မယ်သန့်ရှင်းနဲ့ ညစ်ပတ်သော ဝက်ဝံလေး

အရုပ်အိမ်လေးထဲမှာ 'အမင်ဒါ'ဆိုတဲ့ အရုပ်လေးတစ်ရုပ်နေသတဲ့ ကွယ်။ အဲဒီအရုပ်မလေးဟာ အင်မတန်ကို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း နေတတ်သတဲ့ကွယ်။ သူနေတဲ့ အရုပ်အိမ်ကလေးဆိုရင် ရှင်းလင်းပြူပြင်ထား လိုက်တာ အရမ်းကို လှတာပဲတဲ့ကွယ်။ သူ့ကိုကြည့်လိုက်ရင် တံမြက်စည်း တစ်လက်နဲ့ လှည်းကျင်းနေမယ်၊ ကြမ်းတိုက်နေမယ်။ ဒါကြောင့်မို့လဲ ဒီအရုပ် အိမ်လေးရဲ့ ရှေ့တံခါးမကြီးနဲ့ လှေကားလေးတွေဆို ပြောင်လက်နေတာပဲ ကွယ်။

နောက်ပြီး 'အမင်ဒါ'ကလေးက အရုပ်အိမ်တစ်ခုတည်းကိုသာ သန့်ရှင်းရေးလုပ်တာ မဟုတ်ဘူး။ အရုပ်ဗီရိုကြီးကိုပါ သန့်ရှင်းအောင် လုပ်ပေး တာ။ ဗီရိုထောင့်တွေကို လှည်းကျင်းတယ်၊ စာအုပ်တွေကို သပ်သပ်ရပ်ရပ် ဖြစ်အောင် လုပ်တယ်။ ကျန်တဲ့အရုပ်လေးတွေအားလုံးက 'အမင်ဒါ'ကို သဘော ကျကြပေမယ့် 'ဝက်ဝံလေးတက်ဒီ'ကတော့ သူ့ကို ကြည့်မရဘူးတဲ့။ သူက ညစ်ပေပေနေတော့ 'အမင်ဒါ'ကလေးက သူ့ကို အမြဲလို ဆူပူနေရတာပေါ့။

"လည်စီးဖဲပြားကို သေသေချာချာ ချည်စမ်း၊ ဒီမှာမထိုင်နဲ့ ဖုန်တွေနဲ့ တက်ဒီ ခဏထစမ်း၊ ငါလှည်းလိုက်ဦးမယ်၊ အခုလေးတင် ဒီနေရာမှာ တံမြက် စည်းလှည်းထားတာ"လို့ သူမက ပြောတတ်ဆိုတတ်တယ်။

အဲဒါတွေက ဝက်ဝံကလေးတက်ဒီကို စိတ်အနှောင့်အယှက် ဖြစ် တယ်။ သူက ဝဝ၊ ပျင်းကလဲ ပျင်းပါဘိသနဲ့၊ လည်စီးစည်းထားတာ ပုံကျမကျ သူဘယ်လိုမြင်ရမလဲ၊ နောက်ပြီး ဖုန်ပေတော့ရော ဘာဖြစ်လဲ၊ သူက ကြိုက် တောင်ကြိုက်သေး၊ အရေးမဟုတ်တာတွေကို အရေးလုပ်နေတယ်။

ဒီတော့ သူက တမင် 'အမင်ဒါ'ဆူပူအောင်ဆိုပြီး ပစ်စလက်ခတ် နေပါတယ်။ သူ့လည်စည်းအပြာကလေးကို ဖြုတ်ပစ်လိုက်တယ်။ ချည်တောင်

www.burmeseclassic.com





မထားဘဲ ဒီအတိုင်း လည်ပင်းပေါ် တင်ထားလိုက်တယ်။ သူ့လက်ဖဝါးတွေကို လဲ တမင်ညစ်ပတ်အောင်လုပ်တယ်။ ဒါပေမယ့် 'အမင်ဒါ'ဆိုတဲ့ အရုပ်မ လေးက အရုပ်အိမ်ထဲက ရေဇလုံတစ်လုံးရယ်၊ သန့်ရှင်းတဲ့ မျက်နှာသုတ်ပဝါ တစ်ထည်ရယ်ကို ယူပြီး ထွက်လာတယ်။

တကယ်တော့ ဝက်ဝံကလေးတက်ဒီဟာ သက်သက်ဆိုးနေတာပါ။ 'အမင်ဒါ'က အိမ်ဆောက်တမ်းကစားတဲ့ သစ်သားတုံးကလေးတွေကို သေသေ သပ်သပ် စီထားရင်၊ သူက သေတ္တာကို ခါရမ်းပစ်လိုက်ပြီး ပြန့်ကျဲအောင် လုပ်တယ်။ တစ်ခါတုန်းကတော့ 'အမင်ဒါ'က သုံးပုံဖဲချပ်ကလေးတွေကို သူတို့ရဲ့ ခပ်ရှည်ရှည်သေတ္တာကလေးထဲမှာ စနစ်တကျ စီထားတယ်၊ အဲဒါကို သူက အကုန်ထုတ်ပစ်ပြန့်ကျဲထားပြီး မတော်တဆဖြစ်သလို ဟန်ဆောင်လိုက် သေးတယ်။

"နင်ဟာလေ တကယ့်ကို ညစ်ပတ်ပြီး၊ ပုံပျက်ပန်းပျက်နိုင်တဲ့ဝက်ဝံ" လို့ 'အမင်ဒါ'က ပြောပေမယ့် သည်းခံရှာပါတယ်။ သူမဟာ ဘယ်သူ့ကိုမှ စိတ်မဆိုးဖူးဘူး။ တကယ့်ကို အလုပ်လုပ်တဲ့၊ ပြင်းပြင်းထန်ထန်ကြိုးစားလုပ် တဲ့ အရုပ်မကလေးပါ။ ဘယ်သူ့အတွက် ဘာလုပ်ပေးရမလဲ သူက အဆင်သင့်၊

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အထင်တော့ .... နင်ဟာ ဒီလိုဖရိုဖရဲ ပုံပျက်ပန်းပျက် ဖြစ်နေတာကို မကူညီချင်ရင်နေ၊ ဒါပေမယ့် နင့်အလုပ်တော့ အများကြီးလုပ်ရမယ်"

"အလကားပါဟာ ..... နင်က မဖြစ်လောက်တဲ့ဟာလေးကို သက်သက် ရေးကြီးခွင်းကျယ် လုပ်နေတာပါ"လို့ ဝက်ဝံကလေးက စိတ်မသက်မသာနဲ့ ပြန်ပြောလိုက်တယ်။ နောက်ပြီး ....

"နင့်က ငါ့ကို ဒီလိုအငြိမ်မနေအောင် လုပ်နေတာပဲ၊ ဒါတော့ ငါကလဲ နင်တို့အပြစ်ရှာလို့ရအောင် တမင်လုပ်နေတာပဲ၊ ငါက လည်စည်း ပြန်စည်းချင်တယ်၊ ဒါမှမဟုတ် လက်ဆေးချင်တယ်၊ ဒါမှမဟုတ် တစ်ခုခုဆေး လုပ်မယ်ကြံတိုင်း ဘာမှရှာမတွေ့ဘူး။ နင်က တံမြက်စည်းလှည်းမယ် ...ပြီးရင် ဖုန်တွေပြန်တက်မယ်။ နင်က သစ်သီးတုံးကလေးတွေကို စနစ်တကျ စီထားမယ်။ နောက်နေ့ကျတော့ တခြားလူတွေက လာကစားမယ်၊ ပြန်ပြီး ရှုပ်ပွသွားမယ်။ ဘာထူးလဲ၊ ဒါ ... အချိန်ကို သက်သက်ဖြုန်းနေတာပဲ၊ တကယ်တော့ နင်ဟာ ဘာမဟုတ်တဲ့ အလုပ်တွေကို ရေးကြီးခွင်ကျယ် လိုက်လုပ်နေတဲ့သူပဲ"လို့ ဆက်ပြောတယ်။

"အို ... ဒီလိုမဟုတ်ရပါဘူး၊ ငါလုပ်တာဟာ ဘယ်သူပဲဖြစ်ဖြစ် သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ်နဲ့ အသုံးပြုနိုင်အောင်ပါ" လို့ 'အမင်ဒါ' က စိတ်ထိခိုက်စွာနဲ့ ပြန်ပြောလိုက်တယ်။



တကယ်တော့ ဝက်ဝံကလေးတက်ဒီဟာ 'အမင်ဒါ'ကို ဆိုးဆိုးရွားရွား ပြုမူလိုက်တာပဲဖြစ်တယ်။ ဖွေ့ရာကို ဆွဲချတယ်။ အကုန်လျှောက်လွှင့်ပစ်တယ်။ ကော်ဇောတွေကို ဆွဲလှန်ပစ်တယ်။ ဒီတော့ ... 'အမင်ဒါ'က သူ့ဆီပြေးလာပြီး သူမှောက်ထား၊ ဖွထားတာတွေကို တစ်ခုချင်း ပြန်ကောက်ပစ်တယ်။ ပြန်ပြီး နေရာချတယ်။ စနစ်တကျ ပြန်ထားတယ်။ သူ့ကိုဘယ်သူမှလည်း လဲလို့ မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညမှာတော့ ဝက်ဝံကလေးစာက်ဒီဟာ ထူးခြားတဲ့ အဖြစ်တစ်ခု ဖြစ်ပျက်ခဲ့တယ်။ သူဟာ အရုပ်တွေထားတဲ့ အခန်းထဲက ဖြတ်ပြေးရင်း စစ်သား ရုပ်တစ်ရုပ်နဲ့ ဆောင့်မိတယ်။ ဒါနဲ့သူဟာ လဲကျသွားပြီး၊ စစ်သားရုပ်လေးပေါ် ကျသွားပါတယ်။ စစ်သားရုပ်လေးရဲ့ဓားက သူ့ရဲ့နောက်ကျောကို ထိုးဖောက် သွားတယ်။ "အိုး ... မင်းက ငါ့ကို ဓားနဲ့ထိုးတယ်ပေါ့လေ"လို့ ဝက်ဝံလေးက ပြောတော့ ....

"မင်းက ငါ့ကိုတိုက်ပြီး လှဲချလိုက်တာကိုး၊ ဝမ်းနည်းပါတယ်ကွာ" လို့ စစ်သားရုပ်ကလေးက ပြန်ပြောတယ်။ ဝက်ဝံကလေး ပြန်ထလာတော့ သူ့ကျောကုန်းမှာ စစ်သားရုပ်လေးရဲ့ ဓားချက်ကြောင့် အပေါက်ကလေးတစ် ပေါက် ပေါက်သွားတယ်။ ဒီတော့ လွှစာမှုန့်တွေ ထွက်ကျလာတယ်။ ဝက်ဝံရုပ် ကလေးက လွှစာမှုန့်တွေနဲ့သိပ်ပြီး လုပ်ထားတာကိုး။

ဒီလိုနဲ့ နောက်နေ့ထိလဲ လွှစာမှုန့်တွေ ထွက်ကျနေတုန်းပဲ။ ဘာ ဖြစ်လို့လဲဆိုတာ သူမသိဘူး။ သူ့လိုပဲ ကျန်တဲ့အရုပ်တွေလဲ ဘယ်သူမှ မသိကြ ဘူး။ 'အမင်ဒါ'တစ်ယောက်ကသာ ကြမ်းပြင်ပေါ်မှာ လွှစာမှုန့်တွေ ပြန့်ကျဲနေ တာကို သတိထားမိတယ်။ သူကတော့ နေ့တိုင်း အရုပ်အိမ်နဲ့ ဗီရိုကို သန့်ရှင်း ရေးလုပ်နေတာကိုး။

"ကြည့်စမ်းပါဦး၊ ဘယ်ကလွှစာမှုန့်တွေလဲမသိ၊ ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေတာပဲ။ ညစ်ပတ်လိုက်တာ၊ တံမြက်စည်းနဲ့ လှည်းပစ်မှပဲ" လို့ 'အမင် ဒါ' က ပြောလိုက်တယ်။

ဒါနဲ့ 'အမင်ဒါ'ကလေးဟာ ကြမ်းပြင်ပေါ်က တွေ့သမျှ လွှစာမှုန့်တွေ ကို ဘာရုပ်(ရှ်)တစ်ခုနဲ့ ရသလောက် လှည်းကျင်းသန့်ရှင်းနေတယ်။ နောက်ပြီး အမှိုက်ပုံးထဲထည့်တယ်။ ပြီးတော့ သူမဟာ ဗီရိုကြီးကိုဆက်ပြီး သန့်ရှင်းရေး လုပ်တယ်။

ဗီရိုထဲကနေ သူအပြင်ထွက်လာတော့ ကြမ်းပြင်ပေါ်မှာ လွှစာမှုန့်တွေ ထပ်တွေ့တော့ သူအံ့ဩသွားတယ်။ လွှစာမှုန့်တွေ့ရာလမ်းကြောင်းကြီးက ထင်းနေတာပဲ။ ဝက်ဝံလေးဟာ အခန်းထဲမှာ လျှောက်သွားနေတော့ သူသွားရာ လမ်းတစ်လျှောက်မှာ လွှစာမှုန့်တွေက သူ့ကိုယ်ထဲက ထွက်ကျနေတော့တာ ပေါ့။

"အလိုတော် .... တယ်လဲ ထူးဆန်းပါလား" လို့ 'အမင်ဒါ'က သူ့ တံမြက်စည်းနဲ့ အမှိုက်ကျုံးဂေါ်ပြားလေးနဲ့ နောက်တစ်ခါ ထပ်လှည်းရင်း



www.burmeseclassic.com

www.burmeseclassic.com



ထအော်လိုက်မိတယ်။ ဒါနဲ့ လှည်းကျင်းပြီး လွှစာမှုန့်တွေကို အမှိုက်ပုံးထဲ သွားသွန်ပစ်တယ်။

ဒီလိုနဲ့ သူ့လွှစာမှုန့်တွေ ကျုံးလာတာ ၂–ရက်မက ၃–ရက်တောင် ရှိလာပြီ။ သူလဲ မစဉ်းစားတတ်တော့ဘူး၊ ဒီကမ္ဘာကြီးထဲကို ဘယ်က လွှစာမှုန့်တွေ ဒီလောက်များများ ရောက်လာရပါလိမ့်နော်။

စတုတ္ထမြောက်နေ့မှာတော့ ဝက်ဝံကလေးကပြောတယ်။ သူသိပ်နေမကောင်းဘူးတဲ့။ ဒီတော့ အရုပ်ကလေးတွေက သူ့ကို ဝိုင်းကြည့်ကြတယ်။

"မင်းကြည့်ရတာ ပိန်သွားသလိုပဲကွာ"လို့ ယုန်ရုပ်ကလေးက ပြောတော့–"အေး .... ငါလဲ ဒီလိုပဲထင်တယ်၊ တဖြည်းဖြည်း ပိန်ချုံးလာတော့လဲ ပုံက ရယ်စရာဖြစ်နေပြီကွ" လို့ ဝက်ဝံကလေးတကိုဒီက ပြန်ပြောတယ်။



"မင်း ခါတိုင်းနဲ့ မတူတာတော့အမှန်ပဲကွ"လို့ သင်္ဘောသားအရုပ်ကလေးကပါ စိုးရိမ်တကြီးနဲ့ ဝင်ပြောတယ်။

"ဟိုတုန်းကဆို မင်းက ဝဝဖေါင်းဖေါင်းလေးနဲ့ ပြည့်တင်းနေတာပဲ ခုတော့ကွာ . . . ပိန်သွားလိုက်တာ၊ အဝတ်အစားပဲ ရှိတော့တယ်၊ ဘယ်လိုဖြစ်လို့လဲကွာ"

ဒီတော့ ဝက်ဝံကလေးက သူ့ကိုယ်သူပြန်ကြည့်ပြီး ....

www.burmeseclassic.com




"ငါတို့ကယ်ကို နေလို့မကောင်းဘူးကွာ၊ စစ်သားရုပ်လေးနဲ့ တိုက်မိပြီး သူ့အပေါ်ပိကျတဲ့ညတုန်းက သူ့ဓားက ငါ့ကိုထိုးမိသွားတယ်၊ အဲဒီကတည်းကစပြီး နေရတာ တစ်မျိုးကြီးပဲကွာ"လို့ ပြောလိုက်တယ်။

"ဘယ်နားကို ထိုးမိတာလဲ၊ ပြစမ်း"ဆိုပြီး သင်္ဘောသားရုပ်လေးက မေးတော့ ဝက်ဝံကလေးတက်ဒီက သူ့ကိုယ်ကလေးကို လှည့်ပြီးပြရှာတယ်။

"အိုး ... ဒီမှာကိုး၊ မင်းရဲ့ကျောကုန်းတည့်တည့်မှာပေါ့"လို့ဆိုပြီး၊ သင်္ဘောသားအရုပ်ကလေးဟာ သူ့ကျောက အပေါက်ကို သေချာကြည့်လိုက်တော့ ဝက်ဝံကလေး နည်းနည်းလှုပ်လိုက်တာနဲ့ လွှစာမှုန့်တွေက တစိမ့်စိမ့် ထွက်ကျနေတာ တွေ့ရတယ်။

"အိုး .... တက်ဒီ၊ ကြောက်စရာပဲကွာ၊ မင်းကိုယ်မှာ ပေါက်နေပြီ၊ လွှစာမှုန့်တွေကလဲ ထွက်ကျလို့။ ဒီကြောက်စရာဒဏ်ရာကြီးကို ဘယ်လိုရလာတာလဲကွာ၊ ဒီအတိုင်းသာဆိုရင် ကြာရင်တော့ မင်းအရိုးနဲ့အရေပဲကျန်တော့မယ်"လို့ သင်္ဘောသားအရုပ်လေးက မျက်ရည်တွေဝိုင်းရင်းနဲ့ ပြောလိုက်တယ်။



ဒီတော့ ဝက်ဝံလေးတက်ဒီက "မင်းငါ့ကို အဲဒီအပေါက် ပိတ်သွားအောင် ပြန်မချုပ်ပေးနိုင်ဘူးလားကွာ"လို့ မေးလိုက်တော့ . . .

"ကောင်းပြီလေ .... ဒါပေမယ့် ဟိုတုန်းကလို ဝတုတ်ကြီးတော့ ပြန်မဖြစ်နိုင်ဘူး၊ ဒါတောင် ငါတို့သိတာ စောလို့ပေါ့၊ နို့မို့ရင် မင်းကိုယ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



လွှစာမှုန့်တွေ ကုန်ပြီးမှသိရင်' တို့ဘယ်လိုပြန်ချုပ်ပေးမလဲ" လို့ လူရွှင်တော်အရုပ်ကလေးက'ပြောလိုက်တယ်။

အဲဒီတုန်းမှာပဲ 'အမင်ဒါ'ကလေးဟာ တံမျက်စည်းတစ်ချောင်းကိုင်ပြီး ဝင်လာရင်း .... "ဘာဖြစ်နေတာလဲ"လို့ မေးလိုက်တယ်။

"အိုး ... လက်စသတ်တော့ မယ်သန့်ရှင်းလေးကိုး၊ သွားစမ်းပါ 'အမင်ဒါ'ရယ်၊ ငါတို့က လည်စည်းကိုလဲ မစည်းချင်၊ လက်လဲ မဆေးချင်ပါဘူး၊ စုတော့ ငါ့မှာ နေထိုင်မကောင်းတော့ ပိုဆိုးတာပေါ့၊ ဘာမှကို မလုပ်ချင်ဘူး" လို့ ဝက်ဝံကလေးက ပြောတော့ "သူက ဘာဖြစ်နေလို့လဲဟင်" လို့ 'အမင်ဒါ' ကလေးက တအံ့တသြနဲ့ ပြန်မေးရှာတယ်။

"စစ်သားရုပ်ရဲ့ ခါးနဲ့ထိုးမိလို့လေ၊ ကိုယ်ထဲက လွှစာမှုန့်တွေလဲ တစ်ဝက်လောက် ထွက်ကုန်ပြီ။ ဒါ့ကြောင့် ဒါလောက်ပိန်ချုံးကျနဲ့နေတာပေါ့၊ အဲဒါ ငါတို့က သူ့အပေါက်ကိုအပ်နဲ့ပြန်ချုပ်ပေးမလို့၊ ဒါပေမယ့် သူ့ကို ပြန်ဝလာအောင်တော့ လုပ်လို့ရမှာ မဟုတ်ဘူး"လို့ ယန်ရုပ်ကလေးက ရှင်းပြတယ်။

"ဒါလား ... ငါတို့ လုပ်လို့ရတာပေါ့"လို့ပြောရင်း 'အမင်ဒါ'မျက်နှာကလေးဟာ ဝင်းလက်တောက်ပလို့လာတယ်။

"ဘယ်လိုလုပ်မှာလဲဟ"လို့ လူရွှင်တော်ကလေးက တအံ့တသြနဲ့ မေးလိုက်တယ်။

"နင်တို့သိတဲ့အတိုင်းပဲလေ၊ ငါက မယ်သန့်ရှင်းဘွဲ့ရထားတာမဟုတ်လား၊ တစ်အိမ်လုံး တံမျက်စည်းလှည်းအမှိုက်ကျုံးနေတာ နင်တို့အသိ၊ ခုလဲ ကြမ်းပြင်ပေါ်မှာ လွှစာမှုန့်တွေတွေ့လို့ ငါလှည်းကျုံးပြီး အမှိုက်ပုံးထဲ ပစ်ထားတာ၊ ခုထိ ရှိသေးတယ်။ အမှိုက်ပုံးတောင် ပြည့်တော့မယ်၊ ဒါတွေ ဘယ်ကများ ရောက်လာသလဲဆိုပြီး ငါစဉ်းစားနေတာ"လို့ 'အမင်ဒါ'ကလေးက ရှင်းပြတယ်။

"ဘာ ... ငါ့ဆီကထွက်ကျတဲ့ လွှစာမှုန့်တွေ နင့်ဆီမှာရှိတယ်၊ ဟုတ်လား"လို့ ဝက်ဝံကလေးက အလန့်တကြား ထအော်လိုက်တယ်။

"ဟုတ်တယ် ... အကုန်ရှိတယ်၊ နင်ဘာမှ မပူနဲ့" လို့ 'အမင်ဒါ' ကလေးက ဝမ်းသာအားရ ပြန်ပြောလိုက်တယ်။

"မပူနဲ့ တက်ဒီ၊ ငါတို့ မကြာခင် နင့်ကို အကောင်းအတိုင်းဖြစ်အောင် ပြန်လုပ်ပေးမယ်။ နေဦး ငါသွားယူလိုက်ဦးမယ်၊ ပြီးရင် နင့်ကိုယ်ထဲ လွှစာမှုန့်တွေ ပြန်ထည့်ပြီး သေချာပြန်ချုပ်ပေးမယ်။ နှစ်မိနစ်ကြာရင် နင်အကောင်းအတိုင်း ပြန်ဖြစ်သွားစေရမယ်၊ စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com





ကြည့်စမ်း၊ ဘယ်လောက်စိတ်လှုပ်ရှားစရာကောင်းမလဲဆိုတာ ...။

ယုန်ရုပ်ကလေးနဲ့ သဘော်သားအရုပ်ကလေးက အမှိုက်ပုံးကို သယ်လာကြတယ်။ ဆံပင်ကောက်ကောက်နဲ့ အရုပ်မလေးက လွှစာမှုန့်တွေ ခပ်ဖို့ဆိုပြီး အရုပ်အိမ်ထဲက ခွက်ကလေးတစ်ခုကို ယူလာတယ်။ နောက်ပြီး အဲဒီခွက်နဲ့ လွှစာမှုန့်တွေကို ဝက်ဝံကလေးရဲ့ ကျောဘက်အပေါက်ကနေ ပြန်သိပ်ထည့်ကြတယ်။ 'အမင်ဒါ'ကလေးကတော့ အပ်နဲ့အပ်ချည်ကြိုးကို ပြန်ယူလေရဲ့။

ခဏကြာတော့ ဝက်ဝံကလေးကိုယ်ထဲ လွှစာမှုန့်တွေ အကုန်ပြန်ရောက်သွားပြီ။ "အမယ် ... ခုတော့လဲ ပြန်ပြီးဖက်တီးဖြစ်လာပါလား"လို့ ယုန်ရုပ် ကလေးကပြောတယ်။

"လူရွှင်တော်အရုပ်လေးရေ၊ ဘယ်ဘက်ခြေထောက်ထဲရောက်အောင် ဖိသိပ်ထည့်ပေါ့၊ ဒါမှ သူ့နဂိုအတိုင်း ပြန်ဖြစ်သွားမှာ၊ ကြည့်စမ်း ... အိုကေပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လွှစာမှုန့်တွေတော့ ထည့်လို့ကုန်ပြီ — 'အမင်ဒါ' ရေ လာချိုတော့ ဟော့"လို့ ဆံပင်ကောက်ကောက်နဲ့ အရုပ်မလေးက လှမ်းခေါ်လိုက်တယ်။

ဒီလိုဝိုင်းလုပ်ပေးကြပေမယ့် နာလဲ မနာတော့ ဝက်ဝံကလေးက သဘောတွေကျလို့၊ ဘာတစ်ခုမှ သဘောမကျဘူးလို့ မပြောဘူး။ 'အမင်ဒါ' က ရွေးကလဲ သူ့အပ်ကလေးနဲ့ သေသေသပ်သပ် ဂရုတစိုက်နဲ့ ချုပ်ပေးရှာတယ်၊ ဘယ်လောက်သေးသလဲဆိုရင် ချုပ်ရိုးတောင် မမြင်ရတော့ နဂိုဒဏ်ရာ ရှိမှန်း မှမသိရဘူး။

"ကျေးဇူးတင်ပါတယ် .... 'အမင်ဒါ' ရယ်၊ အစကဆို ငါနင့်ကို အမြဲစိတ်ထဲမျက်နေမိတယ်၊ နင်က သေသေသပ်သပ်နေဖို့၊ သန့်ရှင်းဖို့ ပြောတာကို ပစိပစပ်များတယ်လို့ ထင်ခဲ့မိတယ်။ ခုတော့ ငါနားလည်ပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ နင်ဟာ ငါ့ကိုယ်ကထွက်ကျတဲ့ လွှစာမှုန့်တွေကိုလှည်းပြီး စနစ်တကျမထားခဲ့ရင် ငါခုလို ပြန်ဖြစ်လာမှာမဟုတ်ဘူး။ ကျေးဇူးတင်ပါတယ် အမင်ဒါရယ်၊ နောက်ဆို .... နင်ပြောတဲ့အတိုင်း ငါလိုက်လုပ်ပါ့မယ်"လို့ ပြောရင်း ဝက်ဝံကလေးက ကျေးဇူးတင်နေတယ်။



"ကောင်းပြီလေ .... ဒါဆို "ဟုဆိုကာ 'အမင်ဒါ' သည် ဝက်ဝံကလေး နဂိုအတိုင်း ပြန်ဖြစ်သွားတဲ့အခါ သူ့ကိုအလုပ်များစွာ ကူခိုင်းတော့တယ်။ စာလုံးစီတဲ့ သစ်သားတုံးများ ထည့်ထားတဲ့သေတ္တာ၊ အိမ်ဆောက်တမ်းကစားတဲ့သစ်သားတုံးတွေ ထည့်တဲ့သေတ္တာတွေကို နေရာရွှေ့ခိုင်းတယ်။ အရုပ်အိမ်ထဲက ဖုန်တွေကို ထုတ်ခါခိုင်းတယ်။ နောက်ပြီး ခေါင်းတိုင်က ကြပ်ခိုးတွေကိုလဲ လှည်းကျင်းခိုင်းတယ်။ ဒါပေမယ့် ဝက်ဝံကလေးဟာ ဟိုတုန်းကလို ဘာတစ်ခုမှ မငြင်းရှာဘူး။ ခိုင်းသမျှ အကုန်လုပ်ရှာတယ်။ အလုပ်ပြီးရင်တော့



www.burmeseclassic.com

www.burmeseclassic.com



အမင်ဒါက သူ့ကို သေချာရေချိုးပေးတယ်။ နောက်ပြီး လည်စည်းကိုလည်း နေ့တိုင်း သပ်သပ်ရပ်ရပ်ကလေး စည်းပေးတယ်။ ဒါကို ဝက်ဝံကလေးက သိပ်သဘောကျနေတာပဲ။

"မင်းကိုယ်က လှစာမှုန့်တွေ ထွက်ကျတာဟာ မင်းအတွက် ခုလို ကောင်းလာဖို့ပဲ မဟုတ်လား"လို့ အမင်ဒါက ပြောတော့ ဝက်ဝံကလေးက "ကျွန်တော်လဲ အဲဒီလိုပဲ ထင်တာပဲ"လို့ ပြန်ပြောလိုက်တယ်။



ပြီး

www.burmeseclassic.com